ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့ အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲ နေခြင်းသည်လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၇၉ ခုနှစ် တန်ခူးလပြည့်ကျော် ၃ ရက်၊ အင်္ဂါနေ့။ Tuesday 3 April 2018 ၉၂၄၈

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ ဒုတိယအကြိမ်လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် Dr. Surakiart Sathirathai ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။ Dr. Surakiart Sathirathai နှင့်အတူ အကြံပေးအဖွဲ့ဝင်များဖြစ်သည့် Mr. Urban Ahlin၊ ဦးဝင်းမြ၊ ဦးထွန်းမြတ်၊ ဦးခင်မောင်လေး၊ ဦးလှမြင့်နှင့် ဒေါက်တာခင်ညိုတို့လည်း တက်ရောက်ခဲ့သည်။



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် Dr. Surakiart Sathirathai ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။**

ယင်းသို့တွေ့ဆုံစဉ် အကြံပေးအဖွဲ့၏ ဆောင်ရွက်ချက်များနှင့် လုပ်ငန်းအစီအစဉ်များကို အကြံပေးအဖွဲ့ဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပြီး အကြံပေးအဖွဲ့၏ ကနဦးအကြံပြုချက်များအား အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ရခိုင်ပြည်နယ်ဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းသွားရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အနာဂတ်တွင် ဆောင်ရွက်မည့်ကိစ္စများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ယခုတွေ့ဆုံမှုသည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့အနေဖြင့် စတင်ထူထောင်ပြီးချိန်မှစ၍ ဒုတိယအကြိမ် လာရောက်တွေ့ဆုံခြင်းဖြစ်သည်။

အဆိုပါတွေ့ဆုံမှုသို့ အကြံပေးအဖွဲ့ဝင်များအပြင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်တို့ တက်ရောက်ခဲ့သည်။

**သတင်းစဉ်**

ကြေးမုံ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

**ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချပ်ပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် **ပြည်ထောင်စုရာထူးဝန်အဖွဲ့**၏ ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၄)မျက်နှာဖြင့် ဖော်ပြထားပါသည်။

## သိန်းတစ်သောင်းကံထူးရှင်အဖြစ် မရိုးတောတောင်ရွာမှ စိုက်ပျိုးရေးလုပ်သူ ကိုသောင်းကြည် ဆွတ်ခူး

စာမျက်နှာ - ၃

## ရသေ့တောင်မြို့ လျှပ်စစ်မီးရရှိရေးနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ဆောင်ရွက်ပေးခဲ့မှုအပေါ် ပြည်သူအချို့၏ စကားသံများ

စာမျက်နှာ - ၁၀



ကြေးမုံ

# စီးပွားရေးဝန်းကျင်ကောင်း ဖြစ်ထွန်းလာ

မြန်မာနိုင်ငံ၏ စီးပွားရေးမှာ တုံ့ဆိုင်းနေရာမှ မကြာသေးမီကာလမှစ၍ ပိုမိုပွင့်လင်းလာသည်ကို တွေ့ရသည်။ ထိုသို့ပွင့်လင်းလာသည်မှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းနိုင်ခြင်းနှင့် စီးပွားရေးလုပ်ငန်းများ ပိုမိုခိုင်မာပြီး လုပ်သာကိုင်သာရှိသည့် ဝန်းကျင်တစ်ရပ်ဖြစ်အောင် ပြုပြင်ပြောင်းလဲမှုများ စဉ်ဆက်မပြတ် လုပ်ဆောင်နေသောကြောင့် ဖြစ်သည်။ နိုင်ငံတော်က စီးပွားရေးအထောက်အပံ့ကောင်းများ ဖြည့်ဆည်းပေးနိုင်မှုကြောင့် ဒေသတွင်း ထုတ်ကုန်တန်ဖိုးမြင့်မားလာမှုကို ကမ္ဘာ့တန်ဖိုးကွင်းဆက်ထဲသို့ရောက်အောင် ပိုမိုချိတ်ဆက် ဆောင်ရွက်ပေးနိုင်သောကြောင့်လည်း ဖြစ်သည်။

စီးပွားရေးပွင့်လင်းနေမှု ပိုမိုကောင်းမွန်စေရန်အတွက် ရေရှည်တည်တံ့သည့် ပြည်တွင်းဘဏ္ဍာငွေရရှိမှုလမ်းကြောင်းများ ဖြစ်လာစေရန်၊ အခွန်အကောက်စနစ်များ ခိုင်မာအားကောင်းလာစေရန်နှင့် အခွန်အခြေခံသတ်မှတ်ချက်များ ကျယ်ပြန့်လာစေရန် နိုင်ငံတော်က ဆက်လက်အားစိုက်ဆောင်ရွက်သွားမည်ဟု သိရသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်နေပြီး ဆက်လက်ရင်းနှီးမြှုပ်နှံမည့်သူများကိုလည်း ကြိုဆိုအားပေးနေသည်ကို တွေ့ရသည်။

နိုင်ငံ့စီးပွားရေး ပြန်လည်ဦးမော့လာရေးတွင် ပို့ကုန်တန်ဖိုးမြင့်မားလာခြင်းသည် အဓိကအထောက်အပံ့ကောင်း ဖြစ်လာသည်။ ယခုကုန်ဆုံးခဲ့သော ဘဏ္ဍာရေးနှစ်တွင် မြန်မာ့ပို့ကုန်ပမာဏ မြင့်တက်လာမှုကြောင့် ကုန်သွယ်မှုလိုငွေပြမှု သိသိသာသာကျဆင်းလာသည်ကို ကုန်သွယ်ရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။ ယခုနှစ် ဇန်နဝါရီလကုန်အထိ မြန်မာနိုင်ငံ၏ ပို့ကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၁၉၁၂ ဒသမ ၂၇၇ ရှိခဲ့ပြီး သွင်းကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၅၃၉၈ ဒသမ ၂၁၀ ရှိသဖြင့် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံ ရှိသည်။ ယမန်နှစ်က ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ငါးဘီလီယံ ရှိသဖြင့် ယခုနှစ်တွင် ကုန်သွယ်မှုလိုငွေ ကျဆင်းလာသည်ကို တွေ့ရသည်။

ယခုနှစ်တွင် ပို့ကုန်တန်ဖိုးမြင့်မားလာခြင်းသည် ပြည်ပပို့ဆန် ယခင်နှစ်ကထက် မြင့်တက်လာသောကြောင့်ဖြစ်သည်။ ယခုနှစ်တွင် ပဲမျိုးစုံတင်ပို့မှု ကျဆင်းလာခဲ့သော်လည်း ဆန်တင်ပို့မှု မြင့်တက်လာခြင်းသည် စီးပွားရေးဝန်းကျင်ကောင်းတစ်ခုဖြစ်ထွန်းရန် အထောက်အပံ့ကောင်းဖြစ်စေခဲ့သည်။ လာမည့်နှစ်တွင် မြန်မာ့ပို့ကုန် ဆန်နှင့် ပဲမျိုးစုံအပြင် တစ်ဆင့်ခံပြန်လည်တင်ပို့ခြင်းလုပ်ငန်းများ များပြားလာမှု၊ သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးလာမှု၊ မိုက်ခရိုစီးပွားရေးမြှင့်တင်ပေးမှုတို့ကြောင့် သွင်းကုန်အစားထိုးနှင့် ပို့ကုန်လုပ်ငန်းများ တစ်စတစ်စ မြင့်မားလာပြီး ကုန်သွယ်ရေးလိုငွေပြမှုကို လျှော့ချလာနိုင်မည် ဖြစ်သည်။

လက်ရှိတွင် မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ခြင်း၊ စိန်ခေါ်မှုမျိုးစုံနှင့် အဟန့်အတားများ ရှိနေခြင်းတို့ကြောင့် ပို့ကုန်ထက် သွင်းကုန်မှာ များနေဆဲဖြစ်သည်။ ပို့ကုန်ထက် သွင်းကုန်မှာ များနေပါက ကုန်သွယ်မှုလိုငွေပြနေမည်ဖြစ်၍ ပို့ကုန်တန်ဖိုးကို မြင့်မားအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပြီး သွင်းကုန်တန်ဖိုးကို အတတ်နိုင်ဆုံး လျှော့ချနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် နိုင်ငံခြားကုန်ပစ္စည်းများကို လိုအပ်သလောက် သုံးစွဲကြရန်ဖြစ်ပြီး ပြည်တွင်းထုတ်ကုန်များကို အရည်အသွေးမြင့်မားအောင် တိုးတက်ထုတ်လုပ်နိုင်အောင် ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်နှင့် ပြည်တွင်းလုပ်ငန်းရှင်များ ပူးပေါင်း၍ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ မြင့်မားတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခြင်း၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုမြင့်မားရေး၊ ပြည်ပရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးတို့ကို ကြိုးပမ်းဖော်ဆောင်ရေးနှင့် ထုတ်ကုန်တန်ဖိုးများ မြင့်မားအောင် ကြိုးပမ်းအားထုတ်ပြီး ပြည်ပပို့ကုန် မြင့်မားလာအောင် ဆက်လက်အရှိန်အဟုန်မြှင့်တင်ခြင်းဖြင့် နိုင်ငံ့စီးပွားရေး မြင့်မားလာအောင် ဝိုင်းဝန်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

# ဘက်ဟိုးယာဉ် ဘေးအန္တရာယ်ကင်းစွာ မောင်းနှင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း သင်တန်းဖွင့်



**မုံရွာ ဧပြီ ၂**

စစ်ကိုင်းတိုင်းဒေသကြီးရှိ မြို့နယ်များအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဝယ်ယူဖြန့်ဖြူးပေးမည့် DX75-5B Excavator ဘက်ဟိုးယာဉ်များကို စနစ်တကျပြုပြင်မောင်းနှင်ထိန်းသိမ်းနိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ထွန်းနေဝန်းသစ္စာကုမ္ပဏီလီမိတက်တို့ပူးပေါင်းပြီး မုံရွာမြို့ မုံရွာဟိုတယ်ခန်းမ၌ ဧပြီ ၂ ရက် နံနက် ၉ နာရီခွဲမှစတင်ပြီး DX75-5B Excavator ဘေးအန္တရာယ်ကင်းရှင်းရေး စက်မောင်းနှင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းသင်တန်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့နယ် ၃၇ မြို့နယ်ရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ လုပ်ဆောင်ဖို့အတွက် DX75-5B Excavator ဘက်ဟိုးယာဉ် ၃၇ စီးကို ရောင်းချပေးထားပါတယ်၊ အဲဒီယာဉ်ယန္တရားကို ကျွမ်းကျွမ်းကျင်ကျင်နဲ့ မောင်းနိုင်ပြီး ထိန်းသိမ်းတတ်တဲ့ နည်းပညာတွေရအောင် ဒီစက်တွေကို မောင်းနှင်မယ့် စက်မောင်းသမားတွေအတွက် စက်မောင်း ကျွမ်းကျင်သင်တန်းအောင်လက်မှတ်တွေကို ပေးချင်တဲ့ ရည်ရွယ်ချက်နဲ့ ဖွင့်လှစ်ပေးတာပါ၊ အခုသင်တန်း အောင်လက်မှတ်က ကိုရီးယားနိုင်ငံ Doosan Infracore Co., Ltd က တိုက်ရိုက်ပေးအပ်တဲ့ အောင်လက်မှတ်ဖြစ်တာမို့ သူတို့ လေ့လာမှု အားကောင်းသလောက် စက်တွေကို မောင်းနှင်ထိန်းသိမ်းနိုင်မှာ ဖြစ်သလို မြန်မာနိုင်ငံမှာရှိတဲ့ မည်သည့်ကုမ္ပဏီမှာမဆို အောင်လက်မှတ်ပြပြီး လုပ်မယ်ဆိုရင် လစာကောင်းကောင်းနဲ့ လုပ်ကိုင်နိုင်ကြမှာပါ"ဟု ထွန်းနေဝန်းသစ္စာ ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါသင်တန်းသို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၇ မြို့နယ်မှ တစ်မြို့လျှင် စက်မောင်းနှစ်ဦးနှုန်းဖြင့် သင်တန်းသားစုစုပေါင်း ၇၄ ဦးအား ဧပြီ ၂ ရက် မှ ၄ ရက်အထိ သုံးရက်ကြာ Doosan Infracore Co., Ltd မှ ပညာရှင်များနှင့် ပြည်တွင်းပညာရှင်များမှ စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ဆေးဆိုင်များ၌ ကာမရာဂစိတ်ကြွဆေးဝါးများ ရောင်းချခြင်း ရှိ၊ မရှိ စစ်ဆေး

**ရေဦး ဧပြီ ၂**

ရေဦးမြို့နယ်ရဲတပ်ဖွဲ့စခန်း ရဲမှူး သန်းဆက်၊ ဒုတိယရဲမှူး သိန်းဝင်း ဦးဆောင်သောအဖွဲ့နှင့် မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်မှုကော်မတီတို့ ပူးပေါင်း၍ မတ် ၃၁ ရက် နံနက် ၁၀ နာရီက ကာမရာဂစိတ်ကြွဆေးဝါးများ ရောင်းချမှုရှိ၊ မရှိ ဆေးဆိုင် ၁၀ ဆိုင်အား ရှောင်တခင် စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။




ထိုသို့ စစ်ဆေးရာတွင် ကာမရာဂနှင့် စိတ်ကြွဆေးများ ရောင်းချမှုရှိ၊ မရှိ ဒုတိယအကြိမ်မြောက် စစ်ဆေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယရဲမှူး သိန်းဝင်းက သက်တမ်းလွန်ဆေးဝါးများ ရောင်းချခြင်း မပြုစေရေးအတွက် အသိပညာပေး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

# မအူပင်မြို့၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**မအူပင် ဧပြီ ၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ရဲတပ်ဖွဲ့က မတ်လ နောက်ဆုံးပတ်တွင် မအူပင်မြို့ အမှတ်(၉) ရပ်ကွက် (၁၀)လမ်းရှိ အထွေထွေရောဂါကုဆေးရုံကြီးတွင် ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့သည်။

အဆိုပါ ပြည်သူ့အကျိုးပြုလုပ်ငန်းအား ဒုတိယရဲမှူးကြီး ဘဝင်း၊ ရဲမှူး ခင်မောင်လွင်၊ ဒုတိယရဲမှူး နိုင်ဝင်း၊ ဒုတိယရဲမှူး ဝင်းဇော်ဦးနှင့် အမှတ်(၈၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ်ဇော်ဇော်ဦးတို့ဦးစီးသော တပ်ဖွဲ့အသီးသီးမှ ရဲတပ်ဖွဲ့ဝင်များ စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**အောင်မြင့်မြတ်(မအူပင်)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဧပြီ ၂**

ရန်ကုန်(ရွှေဈေး) ၉၃၉၀၀၀ - ၉၃၉၀၀၀ မန္တလေး(ရွှေဈေး) ၉၃၉၀၀၀ - ၉၃၉၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၀၅/၈၁၅ ကျပ်၊ | ၈၃၀/၈၅၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၂၅/၈၃၀ ကျပ်၊ | ၈၉၀/၈၉၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၇၅/၇၈၅ ကျပ်၊ | ၈၄၀/၈၅၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၂၀/၈၃၀ ကျပ်၊ | ၈၄၅/၈၆၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၇၀/၇၈၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၇၅/၇၉၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၃၅/၇၄၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၃၂. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၄၁. ၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၂. ၂၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂. ၇၄၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၅. ၄၈ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၄၅၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၅၃. ၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅. ၈၄ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၄. ၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၇. ၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားမည်

ကျွန်တော်တို့နိုင်ငံဟာ အဘက်ဘက်မှာ လိုအပ်ချက်တွေနဲ့ ဆင်းရဲနွမ်းပါးဆဲဖြစ်တာကြောင့် နေရာ၊ ကဏ္ဍအသီးသီးမှာ အများကြီး ဆက်လက်ရုန်းကန်ကြိုးပမ်းကြရဦးမှာဖြစ်ပါတယ်။ နိုင်ငံတကာမျက်နှာစာမှာလည်း ဖိအားပေးမှုတွေ၊ ဝေဖန်မှုတွေနဲ့ အထင်အမြင်လွဲမှားနေတာတွေလည်း ရင်ဆိုင်နေရပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ ကျွန်တော်တို့ ပြည်သူတွေ ဒီကနေ့ တွေ့ကြုံရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကလည်း မနည်းလှပါဘူး။ အရာရာတိုင်းကို လွယ်လင့်တကူဖြေရှင်းနိုင်မှာမဟုတ်ပေမယ့်လည်း ကျွန်တော့်အနေနဲ့ အစွမ်းကုန်ကြိုးပမ်း အားထုတ်ပြီး ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## စုပေါင်းအင်အား

ကျွန်မတို့ လွတ်လပ်ရေးဖခင်ကြီးများရဲ့ အိပ်မက်၊ ကျွန်မတို့ ပြည်သူတွေရဲ့ လိုအပ်ချက်ဖြစ်တဲ့ ငြိမ်းချမ်း၊ တိုးတက်၊ သာယာတဲ့၊ စစ်မှန်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီးကို မနေးအမြန် စုပေါင်းအင်အားနဲ့ အကောင်အထည်ဖော်နိုင်ကြပါစေ။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့်
နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂)နှစ်ပြည့် မိန့်ခွန်းမှ
ကောက်နုတ်ချက်)

# အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**မော်လမြိုင် ဧပြီ ၂**

မွန်ပြည်နယ် ရေးမြို့နယ်၌ ကျင်းပမည့် မွန်ပြည်သစ်ပါတီ (NMSP)၏ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက မော်လမြိုင်မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စု ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ပြည်နယ်ဝန်ကြီးများ၊ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)ခင်ဇော်ဦး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ ငြိမ်းချမ်းရေးကော်မရှင်အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေနှင့် အထောက်အကူပြုအဖွဲ့ဝင် ဦးကျော်လင်းဦး၊ UPDJC(EAO)အစုအဖွဲ့မှ ကိုယ်စားလှယ် ဦးခွန်မြင့်ထွန်း၊ UPDJC နိုင်ငံရေးပါတီများအစုအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးသုဝေ၊ မွန်ပြည်နယ် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီဝင်များ၊ မွန်ပြည်သစ်ပါတီ(NMSP)မှ နိုင်အောင်မငေးနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက မွန်ပြည်နယ်၏ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အထူးစိတ်ဝင်စားသဖြင့် မိမိတို့အား စေလွှတ်ခြင်းဖြစ်ပြီး မိမိတို့ကလည်း မွန်ပြည်သစ်ပါတီနှင့် မွန်ပြည်သူလူထုကို အလေးထား၍ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မွန်ပြည်သစ်ပါတီအနေဖြင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ရေးမြို့နယ်၌ ကျင်းပရန် (၁၄)ကြိမ်မြောက် UPDJC အစည်းအဝေးက သဘောတူထားပြီးဖြစ်ကာ ယင်းအမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲအောင်မြင်စွာ ကျင်းပနိုင်ရန် မွန်ပြည်နယ် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီအား ဖွဲ့စည်းပေးထားပြီးဖြစ်ကြောင်း၊ မွန်ပြည်သစ်ပါတီအနေဖြင့် အဆိုပါနိုင်ငံရေးဆွေးနွေးပွဲကို ကျင်းပကာ မွန်တိုင်းရင်းသားတို့၏ လိုလားချက်များနှင့် သဘောထားဆန္ဒများကို ထုတ်ဖော်ခွင့်ရရှိကြမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံရေး ဆွေးနွေးပွဲများမှ ရရှိလာသည့် မူဝါဒအဆိုပြုချက်များကို ဆွေးနွေးဆုံးဖြတ် အတည်ပြုပေးမည့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးကို နေပြည်တော်၌ ယခုနှစ် ဧပြီလကုန်၊ မေလဆန်းတွင် ကျင်းပရန် (၇)ကြိမ်မြောက် JICM အစည်းအဝေးက သဘောတူထားပါကြောင်း၊ (၂၁)ရာစုပင်လုံ တတိယအစည်းအဝေး၌ ဆွေးနွေးမည့် အဓိကခေါင်းစဉ်ကြီး ငါးခုဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးနှင့် မြေယာသဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များနှင့်ပတ်သက်ပြီး ဆွေးနွေးရန် UPDJC အစည်းအဝေးက သတ်မှတ်ပေးထားပြီးဖြစ်ပါကြောင်း၊ (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေး၌ တင်သွင်းခြင်းမပြုရသေးသည့် အကြောင်းအရာများကို ဦးစားပေးဆွေးနွေးသွားရန် သဘောတူထားပါကြောင်း၊ အစိုးရသစ်လက်ထက်တွင် NCA လက်မှတ်ရေးထိုးလာသည့် မွန်ပြည်သစ် ပါတီ၏ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို အောင်အောင်မြင်မြင်ဖြစ်စေချင်ပါကြောင်း၊ အစိုးရအပေါ် ယုံကြည်မှု နားလည်မှုအပြည့်ဖြင့် NCA တွင် လက်မှတ်ရေးထိုးပါဝင်လာသည့် မွန်ပြည်သစ်ပါတီအတွက် အစစအရာရာ အဆင်ပြေချောမွေ့အောင် အစိုးရအနေဖြင့် ဆောင်ရွက်ပေးရန် တာဝန်ရှိပါကြောင်း၊ အခြားလိုအပ်ချက်များရှိလာပါကလည်း NRPC အနေဖြင့် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေး ကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) ခင်ဇော်ဦးက အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ ToR, SOP များကို ရှင်းလင်းပြောကြားပြီး UPDJC(EAO အစုအဖွဲ့)ကိုယ်စားလှယ် ဦးခွန်မြင့်ထွန်းက မွန်လူမျိုးအလိုက် နိုင်ငံရေးဆွေးနွေးမှု ရလဒ်ကောင်းများရရှိအောင် ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေးကြရန်ဆွေးနွေးကာ UPDJC(နိုင်ငံရေးပါတီများအစုအဖွဲ့) ကိုယ်စားလှယ် ဦးသုဝေက အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပနိုင်ရေး စိတ်တူကိုယ်တူ စုပေါင်းကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးအကြံပြုသည်။

ဆက်လက်ပြီး မွန်ပြည်သစ်ပါတီ အထွေထွေအတွင်းရေးမှူး နိုင်အောင်မင်းက ရေးမြို့နယ်၌ ကျင်းပမည့် မွန်ပြည်သစ်ပါတီ(NMSP)၏ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ အောင်မြင်စွာကျင်းပနိုင်ရန် ဆောင်ရွက်မည့်အစီအစဉ်များကို လည်းကောင်း၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ဆွေးနွေးပွဲ ဖြစ်မြောက်ရန်အတွက် လိုအပ်သည့်အကူအညီ၊ အထောက်အပံ့များကို ဖြည့်ဆည်းပေးမည့်အကြောင်းကို လည်းကောင်း၊ မွန်ပြည်နယ် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီ အဖွဲ့ဝင် ဒေါ်နန်းစံဝင့်ခိုင်က ကော်မတီက ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# သိန်းတစ်သောင်းကံထူးရှင်အဖြစ် မရိုးတောတောင်ရွာမှ စိုက်ပျိုးရေးလုပ်သူ ကိုသောင်းကြည် ဆွတ်ခူး

**မုံရွာ ဧပြီ ၂**

ယခု (၁၃)ကြိမ်မြောက် သိန်းတစ်သောင်း အောင်ဘာလေ ထီဆုကြီးကို မုံရွာမြို့နယ် မရိုးတောတောင်ရွာတွင် နေထိုင်သော ကိုသောင်းကြည်ဆိုသူ ကံထူးခဲ့သည်။ ပြီးခဲ့သည့် (၁၁)ကြိမ်မြောက် သိန်းတစ်သောင်းကိုလည်း မုံရွာမြို့ ထီဆိုင်ပိုင်ရှင် ဦးစိုးဝင်းက ကံထူးခဲ့ပြီး တစ်ပတ်ခြား၍ (၁၃)ကြိမ်မြောက်တွင် ကိုသောင်းကြည် ကံထူးခဲ့သည်။

"မုံရွာမြို့နယ် မရိုးတောတောင်ကျေးရွာမှာ မိသားစု ငါးယောက်နေကြပါတယ်၊ အမျိုးသမီးရယ် ကလေး သုံးယောက်ရယ်ပေါ့၊ အကြီးဆုံးက ယောကျ်ားလေး၊ အငယ်နှစ်ယောက်က မိန်းကလေးပါ၊ အကြီးဆုံး ယောကျ်ားလေးက ဆယ်တန်းဖြေထားပြီး အလတ်သမီးက ခုနစ်တန်းဖြေထားပါတယ်၊ အငယ်ဆုံးသမီးက သုံးတန်းဖြေထားတာပါ" ဟု ကိုသောင်းကြည်က သူ့မိသားစုအခြေအနေကို ပြောပြသည်။

"လုပ်ငန်းက စိုက်ပျိုးရေးလုပ်တယ်၊ သနပ်ခါးစိုက်တယ်၊ ခရမ်းသီးစိုက်တယ်၊ ဟင်းသီးဟင်းရွက်စိုက်တယ်၊ သိန်းတစ်သောင်းဆုပေါက်တော့ ဘဝအာမခံချက်ရှိအောင် ဘဏ်ထဲထည့်ထားပြီး ရင်းနှီးလုပ်ကိုင်စားရမယ်၊ မိဘတွေကလည်း အသက်ကြီးကြပြီဆိုတော့ သက်ဆုံးတိုင်အောင် မကြောင့်မကြနေရအောင်ထားသွားဖို့ စိတ်ထဲမှာရှိပါတယ်"ဟု ရှေ့ဆက်လုပ်မည်များကို ကိုသောင်းကြည်က ပြောပြသည်။

ကိုသောင်းကြည်၏ မွေးချင်းများအကြောင်း သိန်းတစ်သောင်းပေါက်သည့်အပေါ် လတ်တလောဖြစ်ပေါ်နေသော ခံစားချက်ကိုမေးကြည့်ရာ "ကျွန်တော်တို့က မောင်နှမ ငါးယောက်ရှိပါတယ်၊ မရိုးတောမှာပဲနေကြတာပါ၊ အခုလို မထင်မှတ်လောက်တဲ့ ဆုကြေးသိန်းတစ်သောင်း ရတော့ ဝမ်းသာမိတာတော့ အမှန်ပဲဗျ၊ ဒါပေမယ့် စိတ်ကတော့ တည်ငြိမ်မှုရှိပါတယ်၊ ပျာပျာသလဲတော့ မရှိပါဘူး၊ ဆုငွေကို ပေါက်တယ်ကြားပြီး နောက်ရက် ဧပြီ ၂ ရက်မှာ မန္တလေးသွားထုတ်ရတော့ ပေါက်ပြီး ငွေမြန်မြန် ထုတ်ပေးတဲ့အပေါ် တာဝန်ရှိသူတွေရော မုံရွာက ကိုယ်စားလှယ်ကြီးကိုပါ ကျေးဇူးတင်ပါတယ်၊ မန္တလေးကို ဆုငွေသွား ထုတ်တာ မောင်နှမအားလုံးနဲ့ မိသားစုအပြင် ဆွေမျိုးတွေပါ ၁၅ ယောက်လောက် သွားထုတ်ကြတာပါ"ဟု ကိုသောင်းကြည်က ဝမ်းပန်းတသာပြောပြသည်။

သိန်းတစ်သောင်းပေါက်မည့် ဒ-၉၀၅၂၆၀ ထီလက်မှတ် သုံးစောင်တွဲကို မုံရွာမြို့ဈေးလမ်းမှ ရွှေမြန်မာမင်္ဂလာရွှေမောင်း အောင်ကောင်းဆင့်ထီဆိုင်မှ ရယူရောင်းချသည့် မုံရွာမြို့နယ်သား ပြေးရွာနေ ထီအရောင်းကိုယ်စားလှယ် ကိုမြင့်အောင်ထံမှ ထီလက်မှတ်ကို ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



"အခုလို မုံရွာအနေနဲ့ ဒုတိယအကြိမ်အဖြစ် ကိုယ့်ထီဆိုင်ကပေါက်တော့ အတိုင်းမသိ ဝမ်းသာမိပါတယ်၊ မုံရွာက ပထမအကြိမ် သိန်းတစ်သောင်းကို ကိုစိုးဝင်း ပေါက်တာက (၁၁)ကြိမ်၊ အခုကျွန်တော့်ဆိုင်က (၁၃) ကြိမ်မြောက်မှာ ပေါက်တာဆိုတော့ တစ်ကြိမ်ခြားမှာ ကိုယ့်မုံရွာနယ်ကလူ ရတာဆိုတော့ အတိုင်းမသိပျော်နေပါတယ်၊ ပြီးခဲ့တဲ့ (၁၀)ကြိမ်မြောက်တုန်းကလည်း သိန်းသုံးထောင်နဲ့ သိန်းတစ်ထောင် ကျွန်တော့်ဆိုင်က ပေါက်ခဲ့တယ်၊ အခု (၁၃)ကြိမ်မြောက်မှာ ကျွန်တော့်ဆိုင်က သိန်းတစ်သောင်းနဲ့ အတူသိန်း တစ်ထောင်လည်းပါတယ်" ဟု ရွှေမြန်မာမင်္ဂလာရွှေမောင်းအောင်ကောင်းဆင့် မုံရွာ ပင်ရင်း ထီဆိုင်ပိုင်ရှင် ကိုဇော်ဝင်းထွန်းက ပြောပြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ရေနံနှင့်ဓာတ်ငွေ့သိုက်သစ် ဘာရိန်း၌ ရှာဖွေတွေ့ရှိ ဆယ်စုနှစ်ပေါင်းအတန်ကြာကာလအတွင်း အကြီးဆုံးသိုက်ဖြစ်



**ပနားမား ဧပြီ ၂**

ဘာရိန်းနိုင်ငံ အနောက်ဘက် ပင်လယ်ကမ်းရိုးတန်းဒေသကမ်းလွန်၌ တည်ရှိသော ခါလစ်အယ်လ်ဘာရိန်း ချိုင့်ဝှမ်း၌ ရေနံနှင့်ဓာတ်ငွေ့သိုက်ကြီးတစ်သိုက်ကို ရှာဖွေတွေ့ရှိကြောင်း၊ ယင်းမှာ ဆယ်စုနှစ်ပေါင်း အတန်ကြာ ကာလအတွင်း ရှာဖွေတွေ့ရှိသော ရေနံနှင့်ဓာတ်ငွေ့သိုက်များအနက် အကြီးဆုံးဖြစ်ကြောင်း သဘာဝအရင်း အမြစ်များနှင့် စီးပွားရေးဆိုင်ရာ လုံခြုံရေးကော်မတီက ထုတ်ပြန်ကြေညာလိုက်သည်။

ဘာရိန်းရေနံမြေအတွင်း နိုင်ငံ၏ပထမဆုံးသော ရေနံတွင်းကို စတင်တူးဖော်သည့် ၁၉၃၂ ခုနှစ်နောက်ပိုင်း ပင်လယ်ကွေ့ဒေသရှိ ယင်းနိုင်ငံတွင် အကြီးဆုံးသော ရေနံနှင့်ဓာတ်ငွေ့သိုက်ကို ရှာဖွေတွေ့ရှိခြင်းဖြစ်ကြောင်း အိမ်ရှေ့မင်းသား ဆယ်လ်မန်ဘင်ဟာမက် အယ်လ်ခါလီဖာ ဥက္ကဋ္ဌအဖြစ် တာဝန်ယူသော အဆိုပါကော်မတီက ပြောကြားသည်။

ယခုရှာဖွေတွေ့ရှိသော ရေနံနှင့်ဓာတ်ငွေ့သိုက်ကြီးမှာ တည်ရှိဆဲ ရေနံနှင့်ဓာတ်ငွေ့သိုက်များနှင့် နှိုင်းယှဉ် လျှင် အရွယ်အစားပမာဏ ပို၍ကြီးမားသည်ဟုဆို၏။

ဘာရိန်းနိုင်ငံ၌ မကြာသေးမီက ရေနံနှင့်ဓာတ်ငွေ့စူးစမ်းရှာဖွေရေး စီမံကိန်းများကို အကောင်အထည်ဖော်ခဲ့ သည့် ရလဒ်အရ ရေနံနှင့်ဓာတ်ငွေ့သိုက်အသစ်ကို ရှာဖွေတွေ့ရှိခြင်း ဖြစ်သည်။

အသစ်ရှာဖွေတွေ့ရှိသော ရေနံနှင့်ဓာတ်ငွေ့သိုက်၏အရွယ်အစား၊ ပါဝင်မှုပမာဏ၊ တူးဖော်ထုတ်လုပ်နိုင် မည့်အခြေအနေတို့နှင့် ပတ်သက်၍ အသေးစိတ်ဆန်းစစ်လေ့လာမှုများ ပြုလုပ်ကာ ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ် ကြောင်း ရေနံလုပ်ငန်းဝန်ကြီး ရှိတ်မိုဟာမက် ဘင်ခါလီဖာ အယ်လ်ခါလီဖာက ပြောကြားသည်။

ပဏာမ စူးစမ်းလေ့လာချက်အရ အသစ်တွေ့ရှိသော ရေနံနှင့်ဓာတ်ငွေ့သိုက်သည် ထုထည်ပမာဏ ကြီးမားပြီး ရေနံနှင့်ဓာတ်ငွေ့တို့ကို ကာလရှည်ထုတ်ယူသွားနိုင်မည်ဟု ယူဆရသည်ဆို၏။ **ဆင်ဟွာ**

# အီရန် ကာဒစ္စတန်ဒေသတွင် ပြင်းအား ၅ ဒသမ ၃ အဆင့်ရှိ မြေလျင်လှုပ် လူ ၃၈ ဦးထက်မနည်း ထိခိုက်ဒဏ်ရာရ

**အာဘီးလ် ဧပြီ ၂**

အီရန်နိုင်ငံ ကာဒစ္စတန်ဒေသ ကာမန်ရှန်ပြည်နယ်တွင် ဧပြီ ၁ ရက်က အင်အားအသင့်အတင့်ရှိ မြေလျင်လှုပ်ခဲ့ရာ လူ ၃၈ ဦးထက်မနည်း ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ပြင်းအား ၅ ဒသမ ၃ ရှိ မြေလျင်သည် ဧပြီ ၁ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၅ မိနစ်တွင် လှုပ်ခဲ့ကြောင်း တီဟီရန်တက္ကသိုလ် ဘူမိရူပသိပ္ပံဌာန လက်အောက်ရှိ မြေလျင်ဗေဒဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ကာမန်ရှန်ပြည်နယ်ရှိ ဆာပိုလ်အီးဇာဟက်မြို့အနီး မြေအောက်အနက် ရှစ်ကီလိုမီတာအကွာကို ဗဟိုပြု၍ မြေလျင်လှုပ်ခဲ့ခြင်းဖြစ်သည်။ မြေလျင်လှုပ်သည့် သတင်းထွက်ပေါ်ခဲ့ပြီးနောက် ပြည်နယ်တာဝန်ရှိသူများနှင့် ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူများသည် ကာဒစ္စတန်ဒေသသို့ ချက်ချင်းသွားရောက်ကြပြီး ထိခိုက်ဒဏ်ရာရသူများကို ဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ကြသည်။ ယခုအချိန်အထိ မြေလျင်လှုပ်မှုကြောင့် လူသေဆုံးသည့်သတင်းထွက်ပေါ်လာခြင်းမရှိသေးပေ။



## မျက်မြင်တွေ့ရှိ

မြေလျင်လှုပ်မှုကြောင့် အဆောက်အအုံအချို့ပြိုကျခဲ့ပြီး အချို့မှာအကြီးအကျယ် ပျက်စီးခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

အီရန် ကာဒစ္စတန်နှင့် အနီးဝန်းကျင်ရှိ အရှေ့ပိုင်းကာဒစ္စတန်ဒေသများတွင် မြေလျင် ကဲ့သို့သော သဘာဝဘေးဖြစ်ရပ်များ ဖြစ်ပေါ်လေ့ရှိသည်။

မတ် ၂၈ ရက်က ဆူလာမာနီမြို့တွင် ပြင်းအား ၃ ဒသမ ၇ ထက်မနည်း အင်အားရှိသည့် မြေလျင်များ ၁၂ ကြိမ် လှုပ်ခတ်ခဲ့သည်။ ယင်းမြို့တွင် နေထိုင်သူများအနေဖြင့် လျင်လှုပ်မှုကို ခံစားရသော်လည်း ထိခိုက်ဒဏ်ရာရသူများရှိသည်ဆိုသောသတင်း မရရှိခဲ့ပေ။

၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် လူအသေအပျောက်ရှိသည့် မြေလျင်လှုပ်ခဲ့သည်။ ယင်းလျင်မှာ ပြင်းအား ၇ ဒသမ ၃ ရှိပြီး အဆိုပါ လျင်သည် ကာဒစ္စတန်ဒေသနှင့် အီရန် ကာဒစ္စတန်နယ်ခြားဒေသတစ်လျှောက်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါလျင်ကြောင့် ကာဒစ္စတန်ဒေသတွင် အရပ်သားကိုးဦး သေဆုံးပြီး လူအများ အပြား ထိခိုက်ဒဏ်ရာရခဲ့သည်။ မြေလျင်လှုပ်မှုသည် ဒေသတွင်းရှိ ဆာလာမန်နီ၊ ဟာလာ မီဂျာနှင့် ဒိုင်ယာလာမြို့ မြောက်ပိုင်း ဒေသတို့သို့ အကျိုးသက်ရောက်ခဲ့သည်။ **အေအက်ဖ်ပီ**

## တိန်ခေါင်း-၁ အာကာသယာဉ် တောင်ပစိဖိတ်ပေါ်သို့ ပြိုကွဲပျက်ကျ

**ပေကျင်း ဧပြီ ၂**

သက်ဝင်လှုပ်ရှားခြင်း မရှိတော့သည့် တိန်ခေါင်း-၁ အာကာသစခန်းယာဉ်သည် ဧပြီ ၂ ရက်တွင် ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည်ဝင်ရောက်လာချိန်တွင် မီးလောင် ပြိုကွဲပျက်စီးသွားပြီး အပျက်အစီး အပိုင်း အစများသည် ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်းသို့ လွင့်မျောကျရောက်ခဲ့ကြောင်း တရုတ်နိုင်ငံ ၏ အာကာသအင်ဂျင်နီယာ လုပ်ငန်းအဖွဲ့ရုံးက ပြောကြားသည်။

အာကာသယာဉ်များ ချိတ်ဆက် ရပ်နားနိုင်မည့် အာကာသစခန်းယာဉ်အဖြစ် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်နိုင်ရန် သုတေသနစခန်းယာဉ်အဖြစ် အသုံးပြုခဲ့သော တိန်ခေါင်း-၁ အာကာသယာဉ်သည် ဧပြီ ၂ ရက် နံနက် ၈ နာရီ ၁၅ မိနစ်ခန့်တွင် ကမ္ဘာ့ လေထုလွှာအတွင်းသို့ ဝင်ရောက်လာခဲ့ ကြောင်း အဆိုပါရုံးက ပြောကြားသည်။

တိန်ခေါင်း-၁ အာကာသယာဉ်ကို ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၂၉ ရက်တွင် တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ကျွဲ့ယွန်ဂြိုဟ်တု လွှတ်တင်ရေးစခန်းမှ လွှတ်တင် ခဲ့ပြီး အာကာသစခန်းယာဉ် ဖွင့်လှစ်နိုင်ရေး အတွက် နည်းပညာစမ်းသပ်မှုများကို အောင် မြင်စွာ ပြုလုပ်ခဲ့သည်။

**ဆင်ဟွာ**

# ကန်ဒါဟာပြည်နယ်အတွင်း အစိုးရတပ်ဖွဲ့ နယ်မြေရှင်းလင်းရေး ဆောင်ရွက်



**ကဘူး ဧပြီ ၂**

အာဖဂန်နစ္စတန်နိုင်ငံ၌ အစိုးရတပ်ဖွဲ့က မတ် ၃၁ ရက်တွင် နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်အတွင်း နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးဆင်နွှဲစဉ် တာလီဘန် လက်နက်ကိုင် စုစုပေါင်း ၃၀ ကို သုတ်သင်ရှင်းလင်းနိုင်ခဲ့ပြီး လက်နက်ကိုင် တပ်ဖွဲ့ဝင် ၁၀ ဦးကို ဒဏ်ရာရရှိစေကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၂ ရက်တွင် သတင်း ထုတ်ပြန်သည်။

## ဖျက်ဆီးနိုင်ခဲ့

အာဖဂန်နစ္စတန် ကာကွယ်ရေးနှင့် လုံခြုံရေးတပ်ဖွဲ့က မတ် ၃၀ ရက် ညပိုင်းမှ စတင်၍ ကန်ဒါဟာပြည်နယ်အတွင်း နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးဆောင်ရွက်ခဲ့သည်။ တာလီဘန် လက်နက်ကိုင်တပ်ဖွဲ့ဝင်များကို ရှင်းလင်းသုတ်သင်နိုင်ခဲ့ပြီး ၎င်းတို့၏ တပ်စခန်းပေါင်း ၁၀ ခုကို ဖျက်ဆီးနိုင်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

တာလီဘန် လက်နက်ကိုင်အဖွဲ့သည် အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် တက်ကြွစွာ လှုပ်ရှားလာနေပြီး မတ် ၃၁ ရက်တွင် တာလီဘန် စစ်သွေးကြွများက စစ်ဘက်ဆိုင်ရာ ကင်းလှည့်ကားတစ်စီးကို တိုက်ခိုက်ခဲ့ရာ အစိုးရတပ်ဖွဲ့ဝင် နှစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။

အာဖဂန်နစ္စတန် သမ္မတသည် အစိုးရအနေဖြင့် တာလီဘန် လက်နက်ကိုင်အဖွဲ့အစည်းနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဆောင်ရွက်လိုကြောင်း ပြောကြားခဲ့သော်လည်း တာလီဘန်အဖွဲ့က အေးတိအေးစက်တုံ့ပြန်ခဲ့သည်။

တာလီဘန်အဖွဲ့သည် မြို့တော်ကဘူးအပါအဝင် ဒေသများတွင် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ **ဆင်ဟွာ**

# တရားမအထွေထွေ လျှောက်ထားမှု (စာချွန်တော်) သုံးမှု စီရင်ချက်ချမှတ်၊ ငါးမှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် မေ ၂**

ပြည်ထောင်စု တရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြသိမ်းနှင့် ဦးမျိုးတင့်တို့ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲ၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁) တွင်ရုံးထိုင်၍ တရားမအထွေထွေ လျှောက်ထားမှု (စာချွန်တော်) သုံးမှုကို စီရင်ချက်ချမှတ်ပြီး တရားမအထွေထွေ လျှောက်ထားမှု (စာချွန်တော်) ငါးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ရှင်စတူဒီယိုနှင့် ရုပ်ရှင်အတတ်ပညာ သင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၂**

မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ရှင်စတူဒီယိုနှင့် ရုပ်ရှင်အတတ်ပညာ သင်တန်းကျောင်းပေါ်ပေါက်ရေး ဆောင်ရွက်နိုင်မည့် အစီအမံနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးအတွက် နေပြည်တော်တွင် ရုပ်ရှင်စတူဒီယိုနှင့် ရုပ်ရှင်အတတ်ပညာ သင်တန်းကျောင်း ဖွင့်လှစ်နိုင်ရန်အတွက် လိုအပ်သည်များ ဝိုင်းဝန်းဆွေးနွေးကြရန် အဖွင့်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ရုပ်ရှင်အတတ်ပညာသင်တန်းကျောင်းနှင့် ရုပ်ရှင်စတူဒီယိုများ ပေါ်ပေါက်လာရေးအတွက် လိုအပ်သည်များ အကြံပြုဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် (၅၀) ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲတွင် စတူဒီယို(၁)အဆောက်အအုံ ပြုပြင်မွမ်းမံပြီးစီးမှုနှင့် ၎င်းတွင် ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ ၎င်းနေရာဝင်းအတွင်း စတူဒီယို(၂)နှင့် Outdoor ရိုက်ကွင်းနေရာများအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲတွင် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများ အပါအဝင် ပုဂ္ဂလိကများနှင့် ပူးပေါင်းဖွင့်လှစ်ခဲ့သည့် ရုပ်ရှင်အနုပညာ၊ အတတ်ပညာဆိုင်ရာ သင်တန်းများ ထပ်မံဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့် သင်တန်းများနှင့် ပြည်တွင်း၌ ဖွင့်လှစ်သင်ကြားလျက်ရှိသော အစိုးရနှင့်ပုဂ္ဂလိက ရုပ်ရှင်အနုပညာ၊ အတတ်ပညာဆိုင်ရာ သင်တန်းကျောင်းများ အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရုပ်ရှင်စတူဒီယိုနှင့် ရုပ်ရှင်အတတ်ပညာသင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်နိုင်ရေး ကူညီဆောင်ရွက်ပေးမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုရှင်းလင်းဆွေးနွေးကြသည်။

ရှင်းလင်းဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နေပြည်တော်တွင် ရုပ်ရှင်ရိုက်ကူးရေးစတူဒီယိုနှင့် သင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်နိုင်ရန်အတွက် ရုပ်ရှင်လောကမှ တတ်ကျွမ်းနားလည်သူများအပါအဝင် အခြားဖိတ်ကြားသင့်သူများပါဝင်သည့် အစည်းအဝေးတစ်ခု ထပ်မံဖိတ်ကြား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဆေးတက္ကသိုလ်(မကွေး) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာခင်ဇော်ကို အစမ်းခန့်ကာလ(၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့်ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးခင်မောင်ဦး<br>ရုံးအဖွဲ့မှူး<br>(ဒုတိယညွှန်ကြားရေးမှူးချုပ်)<br>ပြည်ထောင်စုရွေးကောက်ပွဲ<br>ကော်မရှင် ဥက္ကဋ္ဌရုံး<br>ပြည်ထောင်စုရွေးကောက်ပွဲ<br>ကော်မရှင် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုရွေးကောက်ပွဲ<br>ကော်မရှင်ရုံး<br>ပြည်ထောင်စုရွေးကောက်ပွဲ<br>ကော်မရှင် |
| (ခ) | ဦးသက်ဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြေတိုင်းဦးစီးဌာန<br>သယံဇာတနှင့်<br>သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>မြေတိုင်းဦးစီးဌာန<br>သယံဇာတနှင့်<br>သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန |

# တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများ စာရင်းထုတ်ပြန်

**နေပြည်တော် မေ ၂**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ ရိုးရာပွဲတော်များ၊ စာပေဂီတရိုးရာ အသုံးအဆောင်များ၊ ဝတ်စားဆင်ယင်မှုများ စသည်တို့ကို ဖော်ထုတ်နိုင်ရန် ရည်ရွယ်၍ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ရောင်စုံဓာတ်ပုံပြိုင်ပွဲဟူသော ခေါင်းစဉ်ဖြင့် စီစဉ်ကျင်းပခဲ့သည်။

အဆိုပါရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ မြန်မာနိုင်ငံအနှံ့အပြားမှ ဓာတ်ပုံပညာရှင် ၂၂၀ က ပြိုင်ပွဲဝင်ဓာတ်ပုံ ၅၈၂ ပုံကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမဆု ငွေးဝင်း(ရမ္မာဝတီ)၊ ဒုတိယဆု ပုဂံမင်းသူ၊ တတိယဆု ကိုကိုဆန်း တို့က ရရှိခဲ့ကြသည်။ အထူးဆုများအဖြစ် ငွေးဝင်း(ရမ္မာဝတီ)၊ အောင်ရဲနိုင်(အမရပူရ)၊ ဇော်ဇော်ဝေ(ဆင်ဖြူကျွန်း)၊ ကိုကိုဆန်း၊ လှိုင်သန်းတင့်(ရွှေပန်းချီ)တို့က အသီးသီးရရှိကြသည်။ ဆုရရှိသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆုများထိုက်တန်စွာချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ဆုပေးပွဲကျင်းပမည့်ရက်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဗိုလ်ဗထူး တန်ဖိုးမျှတအိမ်ရာစီမံကိန်း(ဒုတိယအဆင့်)မှ နေအိမ်တိုက်ခန်းများကို ဦးရာလူစနစ်ဖြင့် လွတ်လပ်စွာဝယ်ယူနိုင်ပြီ

**ရန်ကုန် မေ ၂**

ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာစီမံကိန်း (ဒုတိယအဆင့်)မှ နေအိမ်တိုက်ခန်းများကို ဦးရာလူစနစ်ဖြင့် လွတ်လပ်စွာ ဝယ်ယူနိုင်ပြီဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

တန်ဖိုးငွေကျပ်ဘီလီယံ ၃၀ ခန့်ကုန်ကျခံ ဆောက်လုပ်ထားသည့် ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာစီမံကိန်း(ဒုတိယအဆင့်)မှာ ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာစီမံကိန်း (ပထမအဆင့်)အနီး၌ ဆောက်လုပ်ထားခြင်းဖြစ်ပြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ဗိုလ်မှူးဗထူးလမ်းနှင့် ဘုရင့်နောင်လမ်းထောင့် ဆုံရာနေရာ၌ တည်ရှိသည်။

ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာစီမံကိန်း (ဒုတိယအဆင့်)၌ နေအိမ်တိုက်ခန်း စတုရန်းပေ ၉၂၇ ပေ အကျယ်အဝန်းရှိ အထပ်မြင့် ရှစ်ထပ်တိုက်အဆောက်အအုံ ၁၉ လုံးနှင့် နေအိမ်တိုက်ခန်းစတုရန်းပေ ၆၁၄ ပေ အကျယ်အဝန်းရှိ အထပ်မြင့်ရှစ်ထပ်တိုက်အဆောက်အအုံ ရှစ်လုံးတို့ကို ဆောက်လုပ်ထားကာ စုစုပေါင်းအဆောက်အအုံ၂၇ လုံး ဆောက်လုပ်ထားကြောင်းနှင့် အိမ်ခန်းပေါင်း ၈၆၄ ခန်း ပါဝင်ဆောက်လုပ်ထားကြောင်း သိရသည်။

ယခုအခါ အဆိုပါစီမံကိန်းမှမဲဖောက်ရောင်းချပေးထားသော နေအိမ်တိုက်ခန်း ဝယ်ယူလိုသည့် လျှောက်လွှာပေါင်း ၅၀၀၀ ကျော် လက်ခံရရှိခဲ့ကြောင်းနှင့် အဆိုပါနေအိမ်တိုက်ခန်းများကို ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၁၇ ရက်မှ ဒီဇင်ဘာ ၁၇ ရက်ထိ နှစ်လတာကာလအတွင်း ပထမအရစ် ငွေပေးသွင်းရန် သတ်မှတ်ခဲ့ရာ နေအိမ်တိုက်ခန်းပေါင်း ၄၅၂ ခန်းသာငွေပေးသွင်းခဲ့ကြောင်းသိရသည်။ ကျန်ရှိ နေအိမ်တိုက်ခန်း ၄၁၂ ခန်းမှာ မဲစနစ်ဖြင့် လျှောက်ထားခဲ့ကြသော်လည်း လက်ရှိလာရောက် ငွေပေးသွင်းခြင်းမရှိသောကြောင့် ဝယ်ယူခွင့်ရရှိသူစာရင်းမှ တရားဝင်ပယ်ဖျက်လိုက်ပြီဖြစ်ပြီး အဆိုပါနေအိမ်တိုက်ခန်းများကို မတ် ၂၈ ရက်မှစတင်၍ မည်သူမဆို လွတ်လပ်စွာဝယ်ယူနိုင်ပြီဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ အသိပေးကြေညာထားကြောင်းသိရသည်။

အဆိုပါ နေအိမ်တိုက်ခန်းများ၏ ရောင်းဈေးအနေဖြင့် စတုရန်းပေ ၆၁၄ ပေ အကျယ်အဝန်းရှိ အခန်းကို ငွေကျပ် ၂၈၅ သိန်းဖြင့်လည်းကောင်း၊ စတုရန်းပေ ၉၂၇ ပေ အကျယ်အဝန်းရှိ အခန်းကို ငွေကျပ် ၃၇၇ သိန်းဖြင့်လည်းကောင်း စီစဉ်ရောင်းချပေးထားပြီး အခန်းဝယ်ယူမည့်သူများသည် အခန်းတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းကိုငွေပေးသွင်းကာ ကျန်ငွေကိုအရစ်ကျစနစ်ဖြင့် ပေးသွင်းနိုင်ရန်စီစဉ်သတ်မှတ်ထားကြောင်း၊ ဧရာဝတီဘဏ်နှင့် ချိတ်ဆက်၍ အခန်းတန်ဖိုးအတွက် ၁၀ နှစ်အရစ်ကျ ဝယ်ယူနိုင်ကြောင်းသိရသည်။

ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာစီမံကိန်း (ဒုတိယအဆင့်)မှ နေအိမ်တိုက်ခန်းများကို ဝယ်ယူနေထိုင်ကြသော ပြည်သူများအနေဖြင့် ခေတ်မီစွာ နေထိုင်နိုင်ကြတော့မည်ဖြစ်ပြီး ကလေးများဆော့ကစားရန် ကစားကွင်းများနှင့် အပန်းဖြေဥယျာဉ်များ ထည့်သွင်းဆောက်လုပ်ထားကြောင်း သိရသည်။



**သတင်းနှင့်ဓာတ်ပုံ-ပွင့်သစ္စာ**

# ငွေကြေးယောင် - ဝက်ပါ

ခင်မောင်ညို (ဘောဂဗေဒ)

"ဝေလေလေ-ဘစ်ကွိုင် (bitcoin)" ဆိုပြီး ကြေးမုံမှာ ဆောင်းပါးတစ်ပုဒ်ရေးပြီးတဲ့နောက် အိန္ဒိယသွားလို့ သတင်းစာတွေ ဖတ်ရတော့လည်း အဲဒီအကြောင်းကို သတိထားပြီး ဖတ်မိပါတယ်။ Cryptocurrency လို့လည်း ခေါ်တဲ့ ငွေကြေးမဟုတ်တဲ့ ငွေကြေးနဲ့ပတ်သက်လို့ အကောင်း၊ အဆိုးပြောကြတာတွေကို လေ့လာမိသလောက် ပြန်လည်တင်ပြပါမယ်။

နိုင်ငံတကာကုမ္ပဏီတွေ စထောင်တဲ့အခါ အရင်းအနှီး ရရှိဖို့ စတော့ရှယ်ယာတွေ ကနဦးထုတ်ဝေရောင်းချကြတယ်။ အဲဒါကို initial public offering (ipo) လို့ ခေါ်တယ်။ ဝယ်တဲ့သူက ကုမ္ပဏီမှာ ရှယ်ယာဝင်တဲ့ သဘောဖြစ်တယ်။ ရှယ်ယာကရတဲ့ အမြတ်ဝေစုကို သူခံစားရမယ်။ ရှယ်ယာဈေးတက်ရင်လည်း အကျိုးကျေးဇူး ခံစားရမယ်။ ဒီလို (ipo) ထုတ်ရောင်းဖို့က အများပြည်သူရဲ့ အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်ဖို့ ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေ အများကြီးကို ကျော်ဖြတ်ရတယ်။

အခုတလောမှာ initial coin offering (ico) ဆိုတာ ပေါ်လာပြန်တယ်။ လုပ်ငန်းတစ်ခု စထောင်ဖို့အတွက် ဘစ်ကွိုင်လို Cryptocurrency ကို ထုတ်ရောင်းပြီး အရင်းအနှီးရှာဖွေတဲ့နည်းဖြစ်တယ်။ အလုပ်မှာက ဘယ်လိုလုပ်ငန်းမျိုးတွေ ဖြစ်တယ်၊ ပြီးရင် ဘယ်လိုဖြစ်မယ်၊ အဲဒီအတွက် ငွေကြေးဘယ်လောက်လိုမယ်၊ ဘယ်လိုငွေကြေးတွေ ထည့်ဝင်လို့ရမယ်၊ ဘယ်လောက်ကြာတဲ့အထိ ထည့်နိုင်မယ်ဆိုတာတွေ ထုတ်ပြောတယ်။ အဲသလို ဘစ်ကွိုင်ထုတ်ရောင်းတာကို တကယ့်ငွေကြေးနဲ့ ဖြစ်ဖြစ်၊ ငွေကြေးယောင် (Cryptocurrency) နဲ့ ဖြစ်ဖြစ် ဝယ်လို့ရတယ်။ လိုချင်တဲ့ အရင်းအနှီးမပြည့်ရင်တော့ မအောင်မြင်လို့ ပြန်အမ်းတယ်။ ဝယ်တဲ့သူတွေက လုပ်ငန်းအောင်မြင်ရင် ဘစ်ကွိုင်ရဲ့ တန်ဖိုးတက်သွားမှာပဲ ဆိုတဲ့ မျှော်လင့်ချက်နဲ့ ဝယ်ကြတာ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း ၉၀ လောက်က ထင်ရှားခဲ့တဲ့ ပြဇာတ်ရေးဆရာ T.S.Eliot က "စွန့်စွန့်စားစား၊ ဝေးဝေးလံလံ သွားရဲတဲ့သူတွေသာ ဘယ်လောက်ဝေးဝေး သွားနိုင်တယ်ဆိုတာ သိနိုင်တယ်"လို့ ပြောခဲ့ဖူးတယ်။ အခုပြောနေတဲ့ ငွေကြေးယောင်နဲ့ပတ်သက်ရင်လည်း ဒီလိုပါပဲ၊ ဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေ သေသေချာချာ မချနိုင်သေး၊ အထိန်းအချုပ်က လွတ်ကင်း လုပ်ရဲတဲ့သူတွေ အကျိုးရှိသလောက်ရှိနေကြတာ တွေ့ရပါတယ်။ ငွေကြေးယောင်တွေကို အနီးစပ်ဆုံး ဥပမာပေးရရင်တော့ အင်တာနက်နဲ့ တူသတဲ့။ ဘယ်သူမှ ထိန်းချုပ်လို့ မရဘူး ဆိုတဲ့ အဓိပ္ပာယ်နဲ့ပါ။

၂၀၁၇ ခုနှစ်မှာ ကမ္ဘာ့လုပ်ငန်းသစ်တွေထဲ ငွေကြေးယောင်တွေနဲ့ ထည့်ဝင်ကြတာက ဒေါ်လာ သန်း ၁၀၀၀ ကျော်လောက်ရှိသတဲ့ ။ တချို့ကလည်း ငွေကြေးယောင်တွေကိုသာ သဘောမကျ၊ သူ့ကို ဖန်တီးတဲ့ blockchain နည်းပညာကိုတော့ သဘောကျပြီး ဘယ်လိုအသုံးချရင် ရမလဲဆိုတာ စိတ်ဝင်စားနေကြပြန်ပါတယ်။ စည်းကမ်းတွေ ဥပဒေတွေချမှတ်ဖို့ အိန္ဒိယအစိုးရက တက်ကြွလှုပ်ရှားနေတာကြောင့် အိန္ဒိယမှာတော့ ဇန်နဝါရီလနောက်ပိုင်း ၉၀ ရာခိုင်နှုန်းလောက်၊ ဈေးထိုးကျသွားတာ တွေ့ရတယ်။

မတ်လ ၂၈ ရက်နေ့က ထုတ်ပြန်တဲ့ တရုတ်နိုင်ငံရဲ့ ကြေညာချက်မှာတော့ ၂၀၁၈ ခုနှစ်မှာ တရုတ်ဗဟိုဘဏ်က ၂၀၁၇ ခုနှစ်မှာလုပ်ခဲ့တဲ့ ဒစ်ဂျစ်တယ်ငွေကြေးယောင်တွေ ရောင်းဝယ်မှုထိန်းချုပ်တာကို ဆက်လက်အကောင်အထည်ဖော်သွားမယ်လို့ဆိုပါတယ်။ တစ်ဖက်မှာလည်း ဒစ်ဂျစ်တယ်ငွေကြေးပေါ်ပေါက်လာဖို့ သုတေသနလုပ်နေတယ်တဲ့။

တရုတ်နိုင်ငံမှာက ဘဏ်စာရင်းတစ်ခုကို ဒေါ်လာ ၁၆၀၀၀ အောက်သာ နိုင်ငံခြားငွေဝယ်ခွင့်ပြုပြီး တစ်နှစ်ကို ဒေါ်လာ ငါးသောင်းထက် ပိုဝယ်လို့မရအောင် ထိန်းချုပ်ထားပါတယ်။ ဒီအတားအဆီးကို ကျော်ဖြတ်ဖို့ ဘစ်ကွိုင်လို ငွေကြေးယောင်တွေကို တရုတ်တွေက ဝယ်ကြတာပါ။

ခုလိုရောင်းဝယ်တာတွေကို လုံးဝပျောက်ကွယ်အောင်

> **"မတ်လ ၂၈ ရက်နေ့က ထုတ်ပြန်တဲ့ တရုတ်နိုင်ငံရဲ့ ကြေညာချက်မှာတော့ ၂၀၁၈ ခုနှစ်မှာ တရုတ်ဗဟိုဘဏ်က ၂၀၁၇ ခုနှစ်မှာလုပ်ခဲ့တဲ့ ဒစ်ဂျစ်တယ်ငွေကြေးယောင်တွေ ရောင်းဝယ်မှုထိန်းချုပ်တာကို ဆက်လက်အကောင်အထည်ဖော်သွားမယ်လို့ဆိုပါတယ်။ တစ်ဖက်မှာလည်း ဒစ်ဂျစ်တယ်ငွေကြေးပေါ်ပေါက်လာဖို့ သုတေသနလုပ်နေတယ်တဲ့"**

အာဏာပိုင်တွေက မလုပ်နိုင်ပေမယ့် ပြည်မအခြေစိုက် ဒိုင်အတော်များများကို ပိတ်ပစ်လိုက်လို့ လွန်ခဲ့တဲ့ ခြောက်လအတွင်း အရောင်းအဝယ် သိသိသာသာ လျော့ကျသွားခဲ့ပါတယ်။

ဥရောပသမဂ္ဂနဲ့ ဂျပန်တို့က ပူးတွဲသုတေသနလုပ်ပြီးတော့ ဖြန့်ကြက်ထားတဲ့ လယ်ဂျာနည်းပညာ (Distributed Ledger Technology) ကို အခုလက်ရှိသုံးနေတဲ့ တစ်ဖက်ကပိုင်ဆိုင်မှု တစ်ခုခုလွှဲပေးမှ ကိုယ့်ရဲ့ ပိုင်ဆိုင်မှုကို ပြန်လွှဲပေးတဲ့ deliver versus payment နည်းအစား တစ်ခုနဲ့တစ်ခု အဆက်အစပ် အချိတ်အဆက် မရှိတဲ့ လယ်ဂျာတစ်ခုနဲ့တစ်ခုကြားမှာ လွှဲပေးနိုင်မယ်။ ဒါပေမယ့် ဝယ်တဲ့သူနဲ့ ရောင်းတဲ့သူကြား အပေးအယူလုပ်ရာမှာ အဆင့်တွေ အများကြီးလိုအပ်လို့ လက်ဝင်နိုင်တယ်လို့ ဆိုပါတယ်။ မြန်မြန်ပေးလို့မရ အချိတ်အဆက် မရှိတော့ တစ်ဖက်ဖက်က လုပ်ငန်းလုပ်စရာကို အပြီးမလုပ်ဘဲ ပျက်ကွက်လာတာမျိုးတွေလည်း ရှိနိုင်တယ်လို့ တွက်ဆကြပါတယ်။

ပုဏ္ဏာဆန်တဲ့ ကရစ်ပတိုငွေကြေး (ဒစ်ဂျစ်တယ်ငွေကြေး) နဲ့ပတ်သက်လို့ တုံ့ပြန်ပုံတွေကတော့ တစ်ယောက်နဲ့ တစ်ယောက် မတူကြပါဘူး။

အရင်တစ်ပတ်ထဲက ဒတ်ချ်တရားရုံးက ဘစ်ကွိုင် (bitcoin)ကို အချင်းချင်းလွှဲပြောင်းနိုင်တဲ့ တန်ဖိုးရှိတယ်လို့ သတ်မှတ်ပေးခဲ့ပါတယ်။ အမေရိကန်မှာတော့ အမေရိကန်ကုန်စည်နဲ့ ကြိုရောင်း ကြိုဝယ်ဈေးကွက်ကော်မရှင် (CFTC) က ကုန်စည်လို သဘောထားတာ တွေ့ရတယ်။ ဂျပန်မှာတော့ တရားဝင်တယ်လို့ သဘောထားပြီး အပေးအယူလုပ်ရာမှာ သုံးလို့ရတယ်။ ဖိလစ်ပိုင်မှာတော့ ငွေလွှဲရာမှာ သုံးတယ်။ ယေဘုယျအားဖြင့် ငွေကြေးလို ပိုင်ဆိုင်မှုတစ်ခုလို တရားဝင်သဘောထားကြတာများတယ်။

အိန္ဒိယမှာတော့ တရားဝင်တာလည်း မဟုတ်၊ တရားမဝင်တာလည်း မဟုတ်။ အိန္ဒိယဘဏ်တွေက သူတို့ရဲ့ ဖောက်သည်တွေ ဘစ်ကွိုင်ကို ဘဏ်ကတ်သုံးပြီး ဝယ်ယူရာမှာ သတိထားကြဖို့ သတိပေးထားတယ်။ လုံးဝမသုံးရဘူးလို့ တားမြစ်ထားတာတော့ မရှိဘူး။ အထူးသဖြင့် ဝုန်းခနဲဈေးထိုးကျသွားမယ့် အန္တရာယ်ရှိတယ်။ စီးပွားရေး၊ ဘဏ္ဍာရေး၊ လုပ်ငန်းလည်ပတ်ရေး၊ ဥပဒေကြောင်း၊ ဖောက်သည်အကျိုးစီးပွားကာကွယ်ရေး၊ လုံခြုံရေးတွေနဲ့ဆက်စပ်တဲ့ အန္တရာယ်တွေလည်း ရှိတယ်လို့ သတိပေးထားကြတယ်။

ဗင်နီဇွဲလားမှာတော့ အစိုးရကိုယ်တိုင်က ကရစ်ပတိုငွေကြေးကို ထုတ်ဝေပြီး ရေနံနဲ့ ကျောထောက်နောက်ခံပြုထားပါတယ်။ ရုရှားကို ဆပ်စရာအကြွေး ၃ ဒသမ ၁၅ ဘီလီယံလောက်ရှိတာကို ကရစ်ပတိုငွေကြေးနဲ့ မပေးပါဘူးလို့ ဆိုထားပါတယ်။

အစိုးရတွေအနေနဲ့ ဘစ်ကွိုင်ကို နားလည်ဖို့ ထိန်းချုပ်ဖို့ ကြိုးစားနေကြပုံရပါတယ်။ တကယ်ရှိတာမဟုတ်၊ အယောင်မျှသာဖြစ်လေတော့ ထိန်းချုပ်ဖို့ကလည်း ခပ်ခက်ခက်၊ သာမန်ငွေကြေးဟာ ဖလှယ်မှု ကိရိယာ၊ တန်ဖိုးကိုထိန်းသိမ်းတဲ့အရာ၊ စာရင်းတွက်စရာအဖြစ် အသုံးပြုလို့ရပေမယ့် ဘစ်ကွိုင်ကိုတော့ လက်မခံသူတွေ ရှိနေသေးသလို ရွှေလိုတန်ဖိုးကို မထိန်းသိမ်းနိုင်၊ တန်ဖိုးကလည်း မတည်ငြိမ်ဖြစ်နေပါသေးတယ်။

ဘစ်ကွိုင်တို့လို ဒစ်ဂျစ်တယ်ငွေကြေး ရေပန်းစားလိုက်ပုံများ ဘစ်ကွိုင်ကြောင့် ပတ်ဝန်းကျင်ကို ဘယ်လောက် ထိခိုက်နိုင်သလဲဆိုတာကိုပါ တွက်လာကြတယ်။ ဘစ်ကွိုင်ဖြစ်လာဖို့ဆိုတာက ကွန်ပျူတာတွေနဲ့ အများကြီး တွက်ချက်ရတယ်။ ဒီတော့ စွမ်းအင်အများကြီး သုံးရတယ်။ လျှပ်စစ်အတွက် ရုပ်ကြွင်းလောင်စာတွေ အသုံးပြုကြတယ်။ နိုင်ငံငယ်တစ်ခုစာမက ကုန်တယ်လို့ တွက်ချက်မှုတစ်ခုက ဆိုတယ်။ လျှပ်စစ်မရှိရင် ဘစ်ကွိုင်ကို သုံးလို့မရဘူး။ လျှပ်စစ်လိုအပ်ချက်ကလည်း တိုးသည်ထက် တိုးလာနေတယ်။ အခုဆိုရင် ဘစ်ကွိုင်နဲ့ ပတ်သက်လို့ သုံးရတဲ့ လျှပ်စစ်စွမ်းအား ၆၀ ရာခိုင်နှုန်းကို တရုတ်နိုင်ငံက သုံးနေတယ်။ တကယ်တော့ တရုတ်နိုင်ငံဟာ လျှပ်စစ်ဓာတ်အားအတွက် ကျောက်မီးသွေးကို အားကိုးရတယ်။ ဒါကြောင့် ဘစ်ကွိုင်အသစ်ထုတ်ဖို့ ရပ်မယ်လို့ ဇန်နဝါရီလက သူ့ရဲ့ အစီအစဉ်ကို ချပြခဲ့တယ်။

ဘစ်ကွိုင်လူကြိုက်များလေ၊ လျှပ်စစ်ဓာတ်အား လိုအပ်ချက်များလေဖြစ်မယ်။ ခက်တာက လျှို့ဝှက်ပြီး ဘစ်ကွိုင်ကို သုံးနေတာတွေကလည်းရှိလေတော့ တိတိကျကျ ခန့်မှန်းဖို့ ခက်တယ်။ ဒါပေမယ့် လျှော့လျှော့ပေါ့ပေါ့ ခန့်မှန်းရင်တောင်မှ အိုင်ယာလန်ရဲ့ နှစ်ဆ၊ အမေရိကန်ရဲ့ သုည ဒသမ ၇ ရာခိုင်နှုန်းလောက်ရှိမယ်လို့ တွက်ဆကြတယ်။ ၂၀၁၇ ခုနှစ် နောက်ဆုံးအပတ်ထဲမှာကို ဘစ်ကွိုင်အတွက် စွမ်းအင်အသုံးပြုမှု ငါးပုံတစ်ပုံ တက်လာတယ်လို့ ဆိုတယ်။

အကောင်းဘက်ကကြည့်ရင် ဘစ်ကွိုင်ကြောင့် ပတ်ဝန်းကျင်ကို မထိခိုက်စေနိုင်တဲ့ လောင်စာအသုံးပြုမှုကို ပိုပြီး စိတ်ဝင်စားလာနိုင်သတဲ့။ နေအားတို့၊ ရေအားတို့ကနေ လျှပ်စစ်ရတဲ့ အိုက်စ်လန်လိုနိုင်ငံမျိုးအတွက် ဘစ်ကွိုင်အသစ်ထုတ်ဖို့လုပ်ရတာ ပိုအဆင်ပြေတယ်။

ဘစ်ကွိုင်ချစ်သူတွေကတော့ စိုးရိမ်ပူပန်ကြသလောက် လျှပ်စစ်မကုန်ပါဘူးလို့ဆိုပေမယ့် အကြွေးဝယ်ကတ်ပြားသုံးတာထက် ပိုကုန်တာအမှန်ပဲ။ နှိုင်းယှဉ်ပြရာက အမေရိကန်မှာ ခရစ္စမတ်ပွဲတော်ရက် မီးအလှထွန်းသလောက်တော့ မကုန်ပါတဲ့။ စရိတ်သက်သက်သာသာနဲ့ ငွေပေးချေမှုတွေလုပ်နိုင်လို့ အကျိုးရှိတာက မီတာခတက်တာထက် သာပါသတဲ့။ ။

## မရင့်မှည့်မီ ဆေးထိုးထားသည့်သရက်သီးများ တရုတ်သို့တင်ပို့ရောင်းချမှုကို မူဆယ်သစ်သီးဝလံကုန်စည်ဒိုင်မှ ဆိုင်းငံ့ထား

**မူဆယ် မေ ၂**

သရက်သီးပေါ်ချိန်တွင် ပြည်တွင်းမှ မရင့်မှည့်မီ ဆေးထိုးထားသည့် သရက်သီးများကို တရုတ်နယ်စပ်သို့ တင်ပို့ရောင်းချမှုများကြောင့် မြန်မာ့သရက်သီးပို့ကုန်အရည်အသွေးနှင့် ဈေးကွက်စနစ်ကို ထိခိုက်စေနိုင်သဖြင့် သရက်သီးစိုက်တောင်သူများအကျိုး ကာကွယ်နိုင်ရန်အတွက် မေ ၁၅ ရက်အတွင်း သရက်သီးရောင်းဝယ်မှုကို ဆိုင်းငံ့ထားကြောင်း မူဆယ်သစ်သီးဝလံကုန်စည်ဒိုင် ဥက္ကဋ္ဌ ဦးစိုင်းမောင်ညွှန့်က ပြောသည်။

မူဆယ်သစ်သီးဝလံကုန်စည်ဒိုင်မှ အဆိုပါရက်အတွင်း သရက်သီးရောင်းဝယ်မှုကို ရပ်ဆိုင်းထားမည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး သရက်သီးအစုအဖွဲ့များနှင့်လည်း ချိတ်ဆက်ကာ သရက်စိုက်တောင်သူများနှင့် တင်ပို့သူများကို ပညာပေးနည်းလမ်း ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်သည်။

"မရင့်မှည့်ဘဲ သရက်သီးတွေကို တင်ပို့တော့ ချိုရမယ့် သရက်သီးက မချိုဘဲ ချဉ်တယ်၊ ကြာရှည်အထားမခံဘဲ ရှုံ့ကုန်တယ်၊ စိန်တစ်လုံးသရက်သီးက ချိုတယ်ဆိုပြီး တရုတ်ပြည်မှာ ဈေးကွက်နံပါတ် ၁ ရနေပေမယ့် ခုလို မရင့်မှည့်ဘဲ တင်ပို့တဲ့အခါ မူလအရည်အသွေးအတိုင်းမဟုတ်တော့ ကြာရင် ဈေးကွက် ပျက်မယ်၊ မြန်မာ့သရက်သီးဈေးကွက်ကို ထိခိုက်လာမှာကြောင့် သရက်သီးအနုတွေ၊ ဆေးထိုးသရက်တွေ တရုတ်ဈေးကွက် မရောက်အောင် လုပ်တာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

တရုတ်ပြည်ဈေးကွက်တင်ပို့နေသည့် သရက်သီးများကို မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်နှင့် ပုသိမ်ကြီးမြို့နယ်များတွင် အများဆုံး စိုက်ပျိုးထုတ်လုပ်နေပြီး ၂၀၁၇-၂၀၁၈ စာရင်းများအရ သရက်စိုက်ဧက ၂၄၁၀၄ ရှိရာ သရက်သီးတန်ချိန် ခန့်မှန်း ၆၅၉၇၈ တန် ထွက်ရှိနိုင်ပြီး ပြည်တွင်းစားသုံးမှုမှ ပိုလျှံသည့် ၂၅၇၅ တန်ကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ကြောင်း ခန့်မှန်းထားသည်ဟု သိရသည်။

"သရက်သီးက ပို့ကုန်လိုင်စင် လုပ်စရာမလိုဘူး၊ အကောက်ခွန်နဲ့ပဲ စိစစ်ပြီး တရုတ်ပြည်ဘက်ပို့တယ်၊ အခုကြားနေရတာက သရက်သီးတွေက ချဉ်နေတယ်ပေါ့၊ ဒီလိုချဉ်နေရင် နောက်ဆိုရင် မဝယ်တော့ဘူးဆိုပြီး တရုတ်ဘက်က သရက်သီးကုန်သည်တွေက ပြောလာပြီ၊ ဒါကြောင့် နုတဲ့သရက်သီးတွေ၊ ဆေးထိုးထားတဲ့ သရက်သီးတွေကို တင်ပို့မယ်ဆိုရင် ဈေးကွက်ပျက်သွားနိုင်တဲ့အကြောင်း သက်ဆိုင်ရာကိုလည်း တင်ပြထားတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

မြန်မာ့သရက်သီးပို့ကုန်များတွင် တရုတ်ဈေးကွက်၌ စိန်တစ်လုံးသရက်သည် အဓိကဖြစ်၍ ဒုတိယတွင် ဟသ်ာသရက်၊ တတိယတွင် ရင်ကွဲသရက်တို့ဖြစ်ပြီး မရင့်မှည့်သေးဘဲ ဓာတုဆေးထိုးထားသော သရက်သီးများကို မေလအတွင်း တရုတ်နယ်စပ်သို့ တင်ပို့မှုမရှိစေရေးအတွက် ဖော်ထုတ်စိစစ်ကာ သတိပေးတားမြစ်ခြင်း၊ ပညာပေးခြင်းတို့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## သင်္ကြန်ကာလအတွင်း မှုခင်းများ မဖြစ်ပွားစေရန် ပြည်သူများ သတိပြုရှောင်ကြဉ်ရမည့်အချက်များ

၁။ သင်္ကြန်ပွဲတော်အတွင်း အရက်သေစာ လွန်ကဲစွာ သောက်စားမူးယစ်ခြင်း၊
၂။ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊
၃။ မြန်မာ့ရိုးရာသင်္ကြန်အတွင်း အန္တရာယ်ဖြစ်စေသော ရေဘောလုံးဖြင့် ပစ်ပေါက်ခြင်း၊ မီးသတ်ပိုက်များဖြင့် ရေပက်ခြင်း၊ အက်စစ်ကဲ့သို့သော စားလောင်စေသော အရည်များဖြင့်ပက်ခြင်း၊
၄။ တုတ်၊ ဓား လက်နက်များ ဝှက်သိမ်းကိုင်ဆောင်ခြင်း၊
၅။ ကာမရာဂကို နိုးထစေသော ဆေးများရောင်းချခြင်းနှင့် ဝယ်ယူသုံးစွဲခြင်း၊
၆။ မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသည့် ဝတ်စားဆင်ယင်ခြင်း၊
၇။ မိန်းကလေးများ ဆွေမျိုးသားချင်း မဟုတ်သူများနှင့် အတူလည်ပတ်ခြင်း၊ ၎င်းတို့မှကျွေးသော အစားအသောက်များကို မချင့်မချိန် စားသောက်ခြင်း၊
၈။ အချိန်လွန်ရေပက်ကစားခြင်းနှင့် လည်ပတ်ခြင်း၊
၉။ ရေပက်ကစားပြီး နားသည့်အချိန်၌ ဆိတ်ကွယ်ရာတွင် အနားယူခြင်း၊
၁၀။ အရက်သေစာ၊ မူးယစ်ဆေးဝါးသောက်စားခြင်း၊ ဝန်ပိုများတင်ဆောင်၍ မော်တော်ယာဉ်များ မောင်းနှင်ခြင်း၊
၁၁။ ရေပက်ကစားသူအချင်းချင်း နောက်ပြောင်ကျီစယ်လွန်ခြင်း၊
၁၂။ သင်္ကြန်ကာလအတွင်း အရက်မူးပြီး ရေကန်၊ ချောင်းများ၌ ရေကူးခြင်းနှင့် ရေချိုးခြင်း၊
၁၃။ ရေကစားရာတွင် ယဉ်ကျေးမှုနှင့်ဆန့်ကျင်ပြီး အများအမြင်တွင် မတင့်တယ်သော မဖွယ်မရာပုံစံပြုလုပ်ထားသည့် ရေပက်ကိရိယာများနှင့် ရေပက်ကစားခြင်း။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၁/၂၀၁၈)ကြိမ်မြောက် တက္ကသိုလ်ကောင်စီအစည်းအဝေးကျင်းပ

**ရန်ကုန် ဧပြီ ၂**



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် (၁/၂၀၁၈) ကြိမ်မြောက် တက္ကသိုလ်ကောင်စီ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက တက္ကသိုလ်ဟောပြောခန်းမ၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော်က ဩဝါဒ ကထာ မြွက်ကြားချီးမြှင့်တော်မူသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ကောင်စီ ဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး သူရဦးအောင်ကိုက တက္ကသိုလ်၏ သင်ကြား၊ စီမံရေးရာ ကိစ္စရပ်များကို တင်ပြလျှောက်ထားသည်။

ဆက်လက်၍ ဒုတိယပါမောက္ခချုပ် (စီမံ)က (၁/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးမှတ်တမ်း၊ ပါရဂူတန်း (Ph.D) (ဗုဒ္ဓဓမ္မ)ဘွဲ့ အောင်မြင်ပြီး သူများ စာရင်းနှင့် မဟာဝိဇ္ဇာ(MA) (ဗုဒ္ဓဓမ္မ)ဘွဲ့ အောင်မြင်ပြီးသူများ စာရင်းကို ကောင်စီက အတည်ပြုနိုင်ရန် တင်ပြလျှောက်ထားသည်။

ထို့နောက် ဒုတိယပါမောက္ခချုပ် ဆရာတော်နှင့် ဌာနကြီးမှူး ဆရာတော်များ၊ ပြင်ပတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ တက္ကသိုလ်ကောင်စီဝင်များက တက္ကသိုလ်၏ သင်ကြား၊ စီမံရေးရာကိစ္စရပ်များ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်စာကြည့်တိုက်အား အဆင့်မြှင့်တင်ဆောင်ရွက်ရာ၌ ကုန်ကျမည့် စရိတ်ငွေများအား ပညာရေး ပဒေသာပင် ရန်ပုံငွေမှ ထုတ်ယူသုံးစွဲမည့်ကိစ္စများ၊ပြည်ပလေ့လာရေးအဖွဲ့များ လာရောက်လေ့လာခြင်းကိစ္စရပ်များနှင့် သင်ကြားရေးဆိုင်ရာပါမောက္ခကိုးနေရာ၊ နည်းပြဆရာတော် ခြောက်နေရာအား တိုးချဲ့ခန့်အပ်နိုင်ရေးကိစ္စ အပါအဝင် အထွေထွေကိစ္စရပ်များကို တင်ပြဆွေးနွေးကြသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံအစိုးရနှင့် ကမ္ဘာ့ဘဏ်တို့ ပူးတွဲပြုစုသည့်အစီရင်ခံစာ ထုတ်ပြန်

**နေပြည်တော် ဧပြီ ၂**

မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းလစာ ပမာဏသည် ဝင်ငွေ အလယ်အလတ် (အနိမ့်)အဆင့် နိုင်ငံများထက်ပို၍ အခြေအနေ ကောင်းမွန်လျက်ရှိကြောင်း ယနေ့ထုတ်ပြန်သော အစီရင်ခံစာကဆိုသည်။ မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းလစာ၊ စရိတ်၊ ချီးမြှင့်ငွေစနစ်နှင့် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲခြင်း သုံးသပ်မှုအစီရင်ခံစာကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘာ့ဘဏ်တို့က ပူးတွဲဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလှူရှင်ပေါင်းစုံ ထည့်ဝင်သော ရန်ပုံငွေ (Myanmar Multi Donor Trust Fund)မှတစ်ဆင့် ဒိန်းမတ်နိုင်ငံ၊ ဩစတြေးလျနိုင်ငံနှင့် ဗြိတိန်နိုင်ငံတကာဖွံ့ဖြိုးရေးဌာနတို့က ပံ့ပိုးသော အဆိုပါအစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းလစာ၊ စရိတ်၊ ချီးမြှင့်ငွေနှင့် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲခြင်းစနစ်များ အကြောင်း၊ ၎င်းတို့၏အားသာချက်နှင့် အားနည်းချက်များအကြောင်း စုံလင်စွာ ဖော်ပြထားသည်။

“မြန်မာနိုင်ငံရဲ့ နိုင်ငံ့ဝန်ထမ်းလစာ ပမာဏဟာ ကောင်းမွန်တဲ့အနေအထားမှာရှိပြီး လစာ၊ စရိတ်၊ ချီးမြှင့်ငွေရဲ့ အဆင့်ဟာ ဝန်ထမ်းများကို ရေရှည်ဆွဲဆောင်နိုင်ဖို့ အခွင့်အလမ်းတွေ ရှိပါတယ်၊ သို့သော်လည်း ဘဏ္ဍာရေးအခြေအနေ တည်ငြိမ်မှုကို သေချာစေဖို့နဲ့ နိုင်ငံ့ဝန်ထမ်းကဏ္ဍ စွမ်းဆောင်ရည်များ ကောင်းမွန်ဖို့အတွက် ဆွဲဆောင်မှုတွေကို ချင့်ချိန်ပြီး စီမံခန့်ခွဲဖို့ အရေးကြီးပါတယ်”ဟု ကမ္ဘာ့ဘဏ်၏ Program Leader Shabih Ali Mohib က ပြောသည်။

လစာနှုန်းထား တိုးမြှင့်ခြင်းနှင့် ဝန်ထမ်းဦးရေအများအပြားခန့်အပ်ခြင်းတို့အကြားတွင် လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းလစာနှုန်းထားများကို ဦးတည်အုပ်စုအတွက်သာ တိုးမြှင့်ပေးခြင်းနှင့် ယေဘုယျအားဖြင့် နိုင်ငံ့ဝန်ထမ်း လစာတစ်ရပ်လုံးကို လစာနှုန်း တိုးမြှင့်ပေးခြင်းတို့အကြားတွင်လည်းကောင်း ချိန်ညှိရန်အတွက် ပိုမိုကောင်းမွန်သော နိုင်ငံ့ဝန်ထမ်း လစာခန့်မှန်းတွက်ချက်သည့်ပုံစံများကို တည်ဆောက်ရန် အစီရင်ခံစာတွင် တိုက်တွန်းအကြံပြုထားကြောင်း သိရသည်။

ဘဏ္ဍာရေး စီမံခန့်ခွဲမှုဆိုင်ရာ အချက်အလက်စနစ်၊ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ အချက်အလက်စနစ်တို့နှင့် ချိတ်ဆက်၍ ဗဟိုဦးစီးချုပ်ကိုင်သည့် အလိုအလျောက်လစာပေးသည့်စနစ် တည်ဆောက်ရန်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းကဏ္ဍတွင် လိုအပ်နေသည့် ကျွမ်းကျင်မှုရှိသော ဝန်ထမ်းများ ခန့်အပ်ခြင်း၊ အလုပ်ခွင် တည်မြဲစေခြင်းနှင့် ရွှေ့ပြောင်းတာဝန် ချထားခြင်း လုပ်ငန်းစဉ်များကို ပုံမှန်စောင့်ကြည့်ရန်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများ တာဝန်ထမ်းဆောင်နိုင်ရန်အတွက် လုပ်ငန်းခွင်အသုံးစရိတ်နှုန်းထားများကို ခေတ်နှင့်လျော်ညီမှုရှိစေရန် ပြန်လည်သုံးသပ်ရန်လည်းကောင်း တိုက်တွန်းအကြံပြုထားသည်။

“ဒါဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံ့ဝန်ထမ်းကဏ္ဍလစာနဲ့ စွမ်းဆောင်မှုများကို စီမံခန့်ခွဲရာမှာ အထောက်အထားကို အခြေခံတဲ့ ပြုပြင်ပြောင်းလဲမှု ခရီးရှည်ရဲ့ ပထမဆုံးခြေလှမ်းသာဖြစ်ပါတယ်”ဟု ယနေ့ကျင်းပသော အစီရင်ခံစာမိတ်ဆက်ခြင်းအခမ်းအနားသို့ တက်ရောက်သည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ငွေတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နွဲ့နွဲ့ဝင်းက ပြောကြားသည်။

“ယခုအချိန်အထိ ဒီအစီရင်ခံစာဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံ့ဝန်ထမ်းကဏ္ဍအကြောင်း အစုံလင်ဆုံး သုံးသပ်ထားတဲ့ အစီရင်ခံစာတစ်ခု ဖြစ်ပါတယ်၊ အစီရင်ခံစာရဲ့ တိုက်တွန်းအကြံပြုချက်တွေကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ မြန်မာနိုင်ငံအစိုးရကို ပံ့ပိုးကူညီပေးပါလို့ ကမ္ဘာ့ဘဏ်ကို တိုက်တွန်းလိုပါတယ်” ဟု မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး Peter Lysholt Hansen က ပြောကြားသည်။

နိုင်ငံ့ဝန်ထမ်းကဏ္ဍ လစာ၊ စရိတ်၊ ချီးမြှင့်ငွေ၊ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ မူဝါဒများနှင့်စပ်လျဉ်း၍ ကြုံတွေ့နေရသော အခက်အခဲများကို ဖြေရှင်းရာတွင် နည်းပညာပံ့ပိုးကူညီပေးရန် မြန်မာနိုင်ငံအစိုးရက ကမ္ဘာ့ဘဏ်အား တောင်းဆိုခဲ့သည့်အတွက် ဤသုံးသပ်မှုအစီရင်ခံစာကို ၂၀၁၅-၂၀၁၇ အတွင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**




# ပါဠိပထမပြန်စာမေးပွဲ ဆင့်မနေ့ ကျင်းပ

**နေပြည်တော် ဧပြီ ၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ် ကျင်းပသော ၂၀၁၈ ခုနှစ် ပါဠိ ပထမပြန်စာမေးပွဲကို မတ် ၂၈ ရက်မှ ဧပြီ ၃ ရက်အထိ မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာဖြေဌာန ၂၄၂ ဌာနတို့၌ ဆင့်မနေ့အဖြစ် ဖြေဆိုကြသည်။

ပါဠိပထမပြန်စာမေးပွဲ( ပထမကြီး၊ ပထမလတ်) ဆင့်မနေ့ကို စာရင်းသွင်း သံဃာနှင့် သီလရှင် စုစုပေါင်း ၂၃၉၉၀ ပါး အနက် ၁၉၉၇၀ ပါး ဖြေဆိုကြပြီး ၈၃ ဒသမ ၂၄ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

# ဆရာတော်များ ဝိဇာတ မွေးနေ့မင်္ဂလာကျင်းပ

**ရန်ကုန် ဧပြီ ၂**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် စည်ပင်သာကျေးရွာ စည်ပင်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍဝံသ (၆၄)နှစ်နှင့် အင်းစိန် အောင်ဆန်းသီဟိုဠ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပုညာစာရ (၅၈)နှစ်တို့၏ ဝိဇာတ မွေးနေ့မင်္ဂလာ အခမ်းအနားတွင် သိက္ခာထပ် ရဟန်းခံ မဟာအုတ်တံတိုင်း ရေစက်ချ အလှူတော်မင်္ဂလာပွဲကို ဧပြီ ၁ ရက် နံနက် ၉ နာရီတွင် စည်ပင်သာကျောင်းတိုက်ရှိ သန္တိသုခဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ စည်ပင်သာကျေးရွာ စည်ပင်သာကျောင်းတိုက်၏ သိမ်တော်ကြီးအတွင်း၌ ဆရာတော် ဘဒ္ဒန္တပဏ္ဍဝံသနှင့် ဘဒ္ဒန္တပုညာစာရတို့ကို သိက္ခာထပ်မင်္ဂလာနှင့် ဒုလ္လဘရဟန်းတို့အား ရဟန်းအဖြစ် ဆရာတော်၊ သံဃာတော် ၃၁ ပါးတို့အား သိမ်ဆင်းလောင်းလှူခဲ့ကြသည်။ **ကြေးမုံ**

# (၁၂)ကြိမ်မြောက် စုပေါင်းသွေးလှူပွဲ ပြုလုပ်မည်

**ရန်ကုန် ဧပြီ ၂**

စန်းမောင်မြင့် ဒါနဥပပါရမီသွေးလှူကုသိုလ် ဖောင်ဒေးရှင်းက ကြီးမှူးပြုလုပ်သော (၁၂)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ရန်ကုန်ဆေးရုံကြီးဝင်းထောင့်ရှိ အမျိုးသားသွေးဌာန(အမျိုးသားသွေးလှူဘဏ်)၌ ဧပြီ ၈ ရက် နံနက် ၉ နာရီမှ နံနက် ၁၁ နာရီအထိ ပြုလုပ်မည်ဖြစ်ရာ မည်သူမဆို ပါဝင်လှူဒါန်းနိုင်ကြသည်။

သွေးလှူဒါန်းမည့် ပုဂ္ဂိုလ်များအနေဖြင့် စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း ဖုန်း-၀၉-၄၄၉၂၅၃၇၆၇၊ ၀၉-၇၉၅၅၆၃၄၀၀ တို့သို့ ဧပြီ ၆ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း မေတ္တာရပ်ခံထားသည်။

**သတင်းစဉ်**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရေး အလုပ်ရုံဆွေးနွေး

**မင်းလှ ဧပြီ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို မြို့နယ်အဆင့် စီမံကိန်းများတွင် ထည့်သွင်းပေါင်းစပ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၉ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်က အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးမှူး ဒေါ်ဌေးဌေးပြုံးက စီမံကိန်းဘတ်ဂျက်လျာထားရခြင်းနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိမိအောင်က ကျေးရွာစီမံကိန်းအကြောင်းနှင့် ဆွေးနွေးပွဲကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်များကို ပြောကြားသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းခေါင်းဆောင် (LIFT Fund)မှ ဒေါ်အေးအေးသော်က ကဏ္ဍ၊ ကဏ္ဍခွဲအသီးသီး၏ ဦးစားပေးစီမံချက်များ၊ ဘဏ္ဍာနှစ်အလိုက် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေအစီအစဉ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေ အကျဉ်းချုပ်တို့ကို ပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့မိမြို့ဖများက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှု၊ ငွေကြေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်း၊ တံတား၊ သောက်သုံးရေ၊ မီးလင်းရေး၊ သဘာဝဘေးအန္တရာယ်၊ လူငယ်နှင့် အားကစား၊ ထုတ်ကုန်လုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် ထည့်သွင်းရေးဆွဲနိုင်ရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ပေါက်စ(မင်းလှ)**

## ဂရုစိုက်၍ လိုက်နာပါ

### ရှောင်ရန်များ

၁။ နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ။

၂။ အရက်သေစာသောက်သုံးခြင်းသည် ပိုမိုပြင်းထန်စွာ ဝေဒနာခံစားရနိုင်သဖြင့် အထူးသတိပြုပါ။

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ကမ္ဘာ့နိုင်ငံအကြီးအကဲများမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

### ချက်သမ္မတနိုင်ငံ

အဆွေတော်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည့်အတွက် ချက်သမ္မတနိုင်ငံပြည်သူများနှင့် မိမိက ဝမ်းမြောက်ဂုဏ်ယူပါကြောင်း နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ချက်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မီလော့စ် ဇီမန်းက သဝဏ်လွှာပေးပို့သည်။

ချက်သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် သမိုင်းကြောင်းရှိသည့် မိတ်ဖက်နိုင်ငံများဖြစ်ကြပါသည်။ ၂၀၁၄ ခုနှစ်တွင် ရန်ကုန်မြို့၌ ချက်သမ္မတနိုင်ငံ၏ သံရုံးဖွင့်လှစ်နိုင်ခဲ့ခြင်းသည် အပြန်အလှန် မိတ်ဖက်ဆက်ဆံရေး၏ ခြေလှမ်းသစ်တစ်ခုဖြစ်သည်ဟု မိမိယုံကြည်ပါသည်။ မိမိတို့နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးတက်နေသည့်အတွက် ကျေနပ်ပီတိဖြစ်ရသကဲ့သို့ လာမည့်နှစ်များအတွင်း မိမိတို့နှစ်နိုင်ငံပြည်သူများ၏ ဆက်ဆံရေးများ ပိုမိုခိုင်မြဲလာမည်ဟု ယုံကြည်ပါကြောင်း သဝဏ်လွှာတွင် ဖော်ပြထားသည်။

### အီတလီသမ္မတနိုင်ငံ

အဆွေတော်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အီတလီပြည်သူများကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ အီတလီသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဆာဂျီရို မတ်တာရီလာက သဝဏ်လွှာပေးပို့သည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်မှု ခိုင်မာအားကောင်းလာမည်ဟု အီတလီနိုင်ငံက မျှော်လင့်ပါသည်။ အဆွေတော်၏ အုပ်ချုပ်မှုကာလအတွင်း မိမိတို့နှစ်နိုင်ငံ ဆက်ဆံရေး ပိုမိုခိုင်မာပြီး နယ်ပယ်ကဏ္ဍအသီးသီးတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း သဝဏ်လွှာတွင် ဖော်ပြထားသည်။

### ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ

အဆွေတော်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုပြည်သူ့လွှတ်တော်သဘာပတိအဖွဲ့ ဥက္ကဋ္ဌ မစ္စတာ ကင်ယုံနမ်က သဝဏ်လွှာပေးပို့သည်။

သမိုင်းကြောင်း ရှည်လျားစွာ တည်ရှိနေသည့် မိမိတို့နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးသည် အနာဂတ်တွင် ပိုမိုခိုင်မာလာမည်ဟု ယုံကြည်ပါကြောင်းနှင့် အဆွေတော်အနေဖြင့် တိုင်းပြည်နှင့် လူမျိုးအတွက် တာဝန်ဝတ္တရားများကို အောင်မြင်စွာ ထမ်းဆောင်နိုင်ပါစေဟု ဆန္ဒပြုပါကြောင်း သဝဏ်လွှာတွင် ဖော်ပြထားသည်။

### ရုရှားဖက်ဒရေးရှင်းနိုင်ငံ

အဆွေတော်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်က နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ သဝဏ်လွှာပေးပို့သည်။

မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးသည် အစဉ်အလာအားဖြင့် ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများအပေါ် အခြေခံထားခြင်းဖြစ်သည်။ နှစ်နိုင်ငံပြည်သူများအကျိုးစီးပွားအတွက် ကျွန်ုပ်တို့၏ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများသည် ဆက်လက်တိုးတက်နေမည်ဖြစ်ပြီး အာရှ-ပစိဖိတ်ဒေသ လုံခြုံရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းထားနိုင်မည်ဟု ယုံကြည်ပါသည်။ အဆွေတော်သမ္မတကြီးအနေဖြင့် ကျန်းမာချမ်းသာစွာဖြင့် အဆွေတော်၏ တာဝန်ဝတ္တရားများကို အောင်မြင်စွာ ထမ်းဆောင်နိုင်ပါစေဟု ဆန္ဒပြုပါကြောင်း သဝဏ်လွှာတွင် ဖော်ပြထားသည်။

### ကိုရီးယားသမ္မတနိုင်ငံ

အဆွေတော်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ကိုရီးယားအစိုးရနှင့် ပြည်သူများကိုယ်စား လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ မွန်ဂျယ်အင်းက သဝဏ်လွှာပေးပို့သည်။

၂၀၁၆ ခုနှစ်ကတည်းက မြန်မာအစိုးရ၏ စွမ်းဆောင်မှုများကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုအတွက်လည်း မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အဆွေတော်၏ ဦးဆောင်မှုအောက်တွင် မြန်မာအစိုးရအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အမျိုးသားစည်းလုံးညီညွတ်မှုပိုမိုရရှိလာလိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံကြား ဆက်ဆံရေး တည်တံ့ခိုင်မြဲနေသည့်အတွက် ကျေနပ်ပီတိဖြစ်ရပါကြောင်းနှင့် အဆွေတော်နှင့် ရင်းနှီးစွာ လုပ်ဆောင်ရမှုကြောင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း သဝဏ်လွှာတွင် ဖော်ပြထားသည်။

### ဂျပန်နိုင်ငံ

အဆွေတော်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏သမ္မတကြီးအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ကျွန်ုပ်အနေဖြင့် ဂျပန်အစိုးရနှင့် ဂျပန်ပြည်သူပြည်သားများကိုယ်စား လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက သဝဏ်လွှာပေးပို့သည်။

မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ် အာဏာလွှဲပြောင်းရယူပြီးနောက်ပိုင်း ဒီမိုကရေစီစနစ်အမြစ်တွယ်ခိုင်မာစေရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ပြီး လုပ်ငန်းစဉ်များကို ရှေ့ဆက်ဆောင်ရွက်လျက်ရှိသည့်အတွက် အထူးလေးစားမိကြောင်း ပြောကြားလိုပါသည်။ အဆွေတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအနေဖြင့် ယမန်နှစ် ဒီဇင်ဘာလမှာ ဂျပန်နိုင်ငံသို့ အလည်အပတ်ခရီး လာရောက်ခဲ့စဉ်က အဆိုပါ ရည်ရွယ်ချက်များ အကောင်အထည်ဖော်ဆောင်ရေးအတွက် ကြိုးပမ်းမှုများကို တိုက်ရိုက်ကြားသိခဲ့ရပြီး လွန်စွာအားတက်ခဲ့ရပါသည်။ ယခုနောက်ပိုင်းတွင် ရာထူးတာဝန်အသစ်ဖြင့် ကြိုးပမ်းအားထုတ်မှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် အထူးဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်။

ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံနှင့် သမိုင်းဝင်ရင်းနှီးချစ်ကြည်မှုကို အခြေခံကာ မြန်မာနိုင်ငံသူ နိုင်ငံသားများနှင့် အတူယှဉ်တွဲပြီး ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးကြိုးပမ်းမှုများကို ဘက်ပေါင်းစုံမှ ထောက်ခံအားပေးသွားမည်ဖြစ်ပါသည်။ "လွတ်လပ်၍ ပွင့်လင်းသော အိန္ဒိယ-ပစိဖိတ် မဟာဗျူဟာ"ခေါင်းစဉ်အောက်တွင် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်သွားပြီး ဒေသတစ်ခုလုံး၏ တည်ငြိမ်အေးချမ်းရေးနှင့် ကြွယ်ဝချမ်းသာရေးအတွက် အဆွေတော်နှင့် လက်တွဲဆောင်ရွက်သွားရမည်ကို ဝမ်းမြောက်စွာ မျှော်လင့်လျက်ရှိပါသည်။

အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး အောင်မြင်မှုများ ပိုမိုရရှိပါစေကြောင်းနှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများ ပိုမိုချမ်းသာကြွယ်ဝပါစေကြောင်း လှိုက်လှဲစွာ ဆုတောင်းမေတ္တာပို့သအပ်ပါသည်ဟု သဝဏ်လွှာတွင် ဖော်ပြထားသည်။

**ကြေးမုံ**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ရခိုင်ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ

**နေပြည်တော် မေ ၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယနေ့ နံနက် ၈ နာရီတွင် စစ်တွေမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆောက်အဦ၊ လမ်း၊ တံတားများ မြို့ပြနှင့် အိမ်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရခိုင်ပြည်နယ် ပြည်နယ်ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ်အတွင်းရှိ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဌာနအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် (QC/QA)၊ နည်းပညာပိုင်းနှင့် အရည်အသွေး ကောင်းမွန်မှုလိုအပ်ကြောင်း၊ စံချိန်စံညွှန်း၊ နည်းဥပဒေနှင့်အညီ ဆောင်ရွက်မှသာ Regulatory Body သွားသည့်အခါ ကြီးကြပ်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းဥပဒေများ ရေးဆွဲနေပါကြောင်း၊ အင်ဂျင်နီယာများက Myanmar Building Code ကို အမြဲလေ့လာနေရန်လိုကြောင်း၊ မောင်တောဒေသကို လမ်း၊ တံတား လုပ်ငန်း ဦးစားပေးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပြည်နယ်အတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရန် လိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်က ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသော အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့က ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရေးကော်မတီ တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရေး ကော်မတီအကြံပေးအဖွဲ့ဥက္ကဋ္ဌ Dr. Surakiart Sathirathai ဦးဆောင်သောအဖွဲ့က ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ဇန်နဝါရီလက ပထမဆုံးတွေ့ဆုံသည့် အစည်းအဝေးတွင် တင်ပြခဲ့သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်မှုဆိုင်ရာ နောက်ဆုံးလုပ်ငန်းတိုးတက်မှုအခြေအနေများ၊ အကြံပေးကော်မတီက ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်တွင် ကနဦး အကြံပြုမှုအနေဖြင့် ဆောင်ရွက်သင့်သည့် အချက်များ၊ ယင်းတို့အနက် ရခိုင်ပြည်နယ်ကိစ္စအား ဆောင်ရွက်ရာတွင် အဆင့်တိုင်းရှိ ပါဝင်ပတ်သက်သူများနှင့် ဆွေးနွေးရေး၊ လူသားချင်းစာနာမှုအကူအညီ အပြည့်အဝရရှိစေရေး၊ မီဒီယာများ သတင်းရယူနိုင်ရေးနှင့် ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများတွင် ကုလသမဂ္ဂအဖွဲ့များ ပါဝင်ဆောင်ရွက်နိုင်ရေးတို့နှင့်ပတ်သက်၍ လက်တွေ့ ဆောင်ရွက်နေသည့် အခြေအနေများ၊ စေတနာ့ဝန်ထမ်းလူငယ်များက လူသားချင်းစာနာမှု အကူအညီများ ထောက်ပံ့နေမှု၊ WFP နှင့် Red Cross Movement မှတစ်ဆင့် ကူညီထောက်ပံ့နေမှုများ၊ သက်မွေးဝမ်းကျောင်းသင်တန်းများ ပို့ချနေမှု၊ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေ ချောမွေ့စေရန် လမ်းသစ်များ ဖောက်လုပ်နေမှု၊ တံတားများ တည်ဆောက်ဖွင့်လှစ်နေမှု၊ ၂၄ နာရီ လျှပ်စစ်မီးရရှိနိုင်ရေး ဆောင်ရွက်နေမှုများ၊ ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးကင်းစမှ အသက်(၂)နှစ်အရွယ်အထိ ငွေကြေးထောက်ပံ့မှုအစီအစဉ်ကို ရခိုင်ပြည်နယ်အတွင်း အကောင်အထည်ဖော်နေမှုများ၊ ကျန်းမာရေးစောင့်ရှောက်မှုတိုးမြှင့်ရန်၊ ပညာသင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်၊ နိုင်ငံသားဖြစ်မှုစိစစ်ရေးလုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်နေမှုများ၊ သတင်းမီဒီယာများ နှစ်ပတ်လျှင်တစ်ကြိမ် ရခိုင်ပြည်နယ်အတွင်း သွားရောက်သတင်းယူနေသည့်ကိစ္စများ၊ ၂၀၁၂ ခုနှစ်က ဖွင့်လှစ်ခဲ့သော ခိုလှုံရေးစခန်းများ ပိတ်သိမ်းနေပြီး ပြန်လည်နေရာချထားရေးအတွက် ဘက်ပေါင်းစုံမှ ချဉ်းကပ်ဆောင်ရွက်နိုင်ရေး၊ အာဆီယံ



အသိုက်အဝန်းနှင့်ပူးပေါင်း၍ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စမ်းသပ်စီမံကိန်းကို သတ်မှတ်ကျေးရွာတွင် ဆောင်ရွက်နိုင်ရေးကိစ္စများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ မိတ်ဖက်နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်း၍ ရခိုင်ပြည်နယ်အတွင်း လူသားချင်း စာနာကူညီမှု၊ ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့်ကိစ္စများ၊ ထိုင်းနိုင်ငံမှ သက်ဆိုင်ရာနယ်ပယ်တွင် ကျွမ်းကျင်ပညာရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များက ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လာရောက်ကူညီမှုကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်

## ☆ ဒုတိယသမ္မတမှ

တွေ့ဆုံဆွေးနွေးပွဲသို့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ထူးနှင့် ဦးဝင်းမော်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ လုပ်ငန်းကော်မတီ(၅)ရပ်မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း၊ ရန်ကုန်တိုင်းဒေသကြီး ကုန်စည်ဒိုင်၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်တို့မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတဦးမြင့်ဆွေက အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် တွေ့ဆုံဆွေးနွေးပွဲသည် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ၏ (၁၆)ကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်တွင် အဖွဲ့ဝင် ၂၀ ဖြင့် ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန် (၅) ရပ်ချမှတ်၍ ကော်မတီ၏ လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီ ငါးခုကို ဖွဲ့စည်းခဲ့ပါကြောင်း။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ် မတ်လအထိ (၁၅)ကြိမ် တွေ့ဆုံခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်များ၏ ကြုံတွေ့နေရသည့် အခက်အခဲ တင်ပြချက် စုစုပေါင်း ၂၃၀ ရှိခဲ့ပါကြောင်း၊ အဆိုပါတင်ပြချက်အားလုံးကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် လုပ်ငန်းကော်မတီ ငါးခုတို့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှတစ်ဆင့် ပြန်ကြားခဲ့ပြီး တင်ပြချက်များအပေါ် အလေးထားဖြေရှင်း ဆောင်ရွက်ပေးခဲ့ပါကြောင်း။

စီးပွားရေးလုပ်ငန်းရှင်များ၏ ကြုံတွေ့နေရသည့် အခက်အခဲ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများမှ ပြန်လည်ဖြေရှင်းပေးသည့်အချက်များမှာ အပြည့်အဝ မပြီးပြတ်သေးသည်ဟု ယူဆပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှတစ်ဆင့် ကော်မတီ၏ တာဝန်ခံဝန်ကြီးဌာနဖြစ်သည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ဆက်လက်တင်ပြပြီး ကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တင်ပြသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲ (Private-Public Dialogue ) ပြုလုပ်ကာ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် စီစဉ်ထားရှိပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် စီးပွားရေးမူဝါဒ(၁၂)ရပ်ကို ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကြုံတွေ့နေရသည့် အခက်အခဲများကိုလည်း တတ်နိုင်သလောက် ဖြေရှင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ် ၂၀ ရက်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် အမေရိကန်ဒေါ်လာ ၆ ဒသမ ၁ ဘီလီယံ ရှိခဲ့သဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ ရည်မှန်းချက်ဖြစ်သည့် အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံကို ပြည့်မီ ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ အဆိုပါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှ အလုပ်အကိုင်အခွင့်အလမ်းကောင်းများကို ဖန်တီးပေးနိုင်ခဲ့ပါကြောင်း။

ပြည်ပကုန်သွယ်မှုအခြေအနေကိုကြည့်ပါက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လ ၂၃ ရက်အထိ ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၅ ဘီလီယံကျော်ရှိခဲ့ပြီး ယခင်နှစ် အလားတူကာလထက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ ဘီလီယံကျော် ပိုမိုဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ အဆိုပါဆောင်ရွက်မှု၌ ပုဂ္ဂလိကကဏ္ဍမှ အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၆ ဘီလီယံပါဝင်သည့်အတွက် ကုန်သွယ်မှုပမာဏတွင် ပုဂ္ဂလိကကဏ္ဍမှ ၈၂ ရာခိုင်နှုန်းအထိ ပါဝင်ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါကြောင်း။

ပို့ကုန်တင်ပို့မှုအနေဖြင့် အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံကျော်အထိ စံချိန်တင် တင်ပို့နိုင်ခဲ့ပြီး ဆန်၊ ပြောင်း၊ ရော်ဘာစိမ်းနှင့် ချုပ်ပြီးအထည်တို့အား အဓိက ပိုမိုတင်ပို့နိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ဆန်တင်ပို့မှုတွင် တန်ချိန် ၃ ဒသမ ၅၂ သန်းအထိ တင်ပို့နိုင်သည်ကို တွေ့ရှိရပါကြောင်း၊ ထို့အပြင် ယခင်နှစ်က အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းမှုကို ကန့်သတ်သည့်အတွက် ပဲစိုက်တောင်သူများ အခက်အခဲ ကြုံတွေ့နေရသည့်အပေါ် တောင်သူများ နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် နှစ်နိုင်ငံ သံတမန်နည်းလမ်းဖြင့် လည်းကောင်း ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းဆက်သွယ်၍ လည်းကောင်း ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရမှာဖြစ်ပါကြောင်း၊ တောင်သူများအနေဖြင့်လည်း စီးပွားရေးအရ တွက်ခြေကိုက်မည့် သီးနှံများကို ရွေးချယ်စိုက်ပျိုးသွားနိုင်ရေး အကြံပြု တိုက်တွန်းလိုပါကြောင်း။

ယခင်က ကုမ္ပဏီထူထောင်ရန် မှတ်ပုံတင်ရာတွင် မှတ်ပုံတင်ကြေးကို ငွေကျပ် ၁၀ သိန်း သတ်မှတ်ခဲ့ရာမှ ၂၀၁၆ ခုနှစ် ဇွန်လကစပြီး ငွေကျပ် ငါးသိန်းအထိ လျှော့ချခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်မှစပြီး မှတ်ပုံတင်ကြေးကို ငွေကျပ် ငါးသိန်းမှ ငွေကျပ် နှစ်သိန်းငါးသောင်းအထိ ထပ်မံလျှော့ချပြင်ဆင် သတ်မှတ်ပေးထားပါကြောင်း၊ ထို့အတူ ကုမ္ပဏီထူထောင်ရန် မှတ်ပုံတင်သည့်လုပ်ငန်းနှင့် ပတ်သက်သော ကိစ္စရပ်များကို Online မှ ၂၄ နာရီ ဆောင်ရွက်နိုင်ရန်အတွက် စီစဉ်လျက်ရှိပါကြောင်း၊ အဆိုပါဆောင်ရွက်မှုများသည် Ease of Doing Business အစီရင်ခံစာပါ ညွှန်းကိန်း ၁၀ ခုအနက် တစ်ခုဖြစ်သော စီးပွားရေးလုပ်ငန်းတစ်ခု စတင်ခြင်း(Starting a Business) ဆိုင်ရာ ညွှန်းကိန်းအရ ဖြေလျှော့ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း။

ယနေ့ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးမည့် အသင်းအဖွဲ့ ငါးဖွဲ့အနေဖြင့် ဆွေးနွေးမည့် ကဏ္ဍများနှင့် သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်လာကြသည့်အတွက် မိမိတို့အသင်းအဖွဲ့များ၏ တွေ့ကြုံနေရသော အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း

ယင်းနောက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက နိုင်ငံတော်အစိုးရ တာဝန်ထမ်းဆောင်မှု (၂)နှစ်ပြည့်ကာလအတွင်း ငွေကြေးဈေးကွက်ခိုင်မာအောင် ဆောင်ရွက်ခဲ့မှု၊ အစိုးရဌာနများ၏ ဘတ်ဂျက်များလေလွင့်မှုမရှိအောင် စိစစ်သုံးစွဲခဲ့မှု၊ ပုဂ္ဂလိကဘဏ်များ ခိုင်မာအားကောင်းရေးအတွက် ဆောင်ရွက်နေမှုအခြေအနေ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ မူဝါဒများ ချမှတ်ဆောင်ရွက်နေမှုတို့အပြင် အခွန်ကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ လယ်ယာကုန်ထုတ်ကဏ္ဍနှင့် မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ကုန်စည်စီးဆင်းမှု မြန်ဆန်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆောင်ရွက်နေမှုအခြေအနေ၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုအခြေအနေ၊ ငါးမွေးမြူရေးနှင့် အခြားမွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုအခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်း၊ ရန်ကုန်တိုင်းဒေသကြီးကုန်စည်ဒိုင်၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကား ပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း



ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း

## ○ ကျောဖုံးမှ

လက်ကျန်တစ်နေရာအတွက် တီမောနှင့် ဘရူနိုင်းအသင်းတို့ Play-off ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပြိုင်ပွဲကို နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကိုလည်း အိမ်ကွင်း၊ အဝေးကွင်းစနစ်ဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်း၏ ပြိုင်ပွဲအကြိုပြင်ဆင်မှုများ စတင်ပြုလုပ်နေပြီဖြစ်ပြီး နိုင်ငံတကာခြေစမ်းပွဲများ၊ ဖိတ်ခေါ်ပြိုင်ပွဲများ၊ ပြည်ပလေ့ကျင့်ရေးခရီးစဉ်များ သွားရောက်ကစားစေမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းကို အာရှဖလားခြေစစ်ပွဲအပြီးတွင် လေ့ကျင့်မှုရပ်နားထားပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် နည်းပြသစ်ခန့်အပ်နိုင်ရေး၊ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲအတွက် အသင်းများဖိတ်ကြားခြင်း၊ နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် စတင်ဆောင်ရွက်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင်အသင်းအတွက် နည်းပြချုပ်သစ်ခန့်အပ်နိုင်ရန် ပထမဦးစားပေးဆောင်ရွက်နေပြီး ပြည်ပနည်းပြများအပြင် ပြည်တွင်းနည်းပြများကိုလည်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ပြည်ပနည်းပြခေါ်ယူရန် ဥရောပနှင့် ဘရာဇီးလ်နိုင်ငံတို့မှ နည်းပြများကို စိတ်ဝင်စားနေပြီး ၎င်းတို့၏ စွမ်းဆောင်မှုများအပေါ် စောင့်ကြည့်လျက်ရှိသည်။ ထို့ပြင် ပြည်တွင်းနည်းပြခန့်အပ်နိုင်ရန်လည်း ဆန္ဒရှိနေပြီး နှစ်လယ်ပိုင်းမတိုင်မီ ခန့်အပ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ သို့မှသာ ကစားသမားများရွေးချယ်ရန်နှင့် ဆူဇူကီးဖလားပြိုင်ပွဲအကြိုပြင်ဆင်မှုများပြုလုပ်နိုင်ရန် စီမံချက်ချ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်းအတွက် ဆူဇူကီးဖလားပြိုင်ပွဲမတိုင်မီ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲကျင်းပရန် စီစဉ်နေပြီး ဩဂုတ်သို့မဟုတ် အောက်တိုဘာတွင် ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲအတွက် အာရှနှင့် အရှေ့တောင်အာရှအသင်းများအား ဖိတ်ကြားနေပြီး ထိပ်တန်းအသင်းများဖြင့် ကျင်းပမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲအတွက် လိဂ်ပြိုင်ပွဲပြီးဆုံးသည့် အောက်တိုဘာလဆန်းမှသာ စခန်းဝင်လေ့ကျင့်မှုစတင်ပြုလုပ်နိုင်မည်ဖြစ်ပြီး ပြိုင်ပွဲစတင်မည့် နိုဝင်ဘာ ၈ ရက်မတိုင်မီ နိုင်ငံတကာခြေစမ်းပွဲများ၊ ပြည်ပလေ့ကျင့်ရေးခရီးစဉ်များ သွားရောက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

## တောင်ငူမြို့တွင် ဒုတိယတန်းသင်ရိုးသစ် သင်တန်းဆွေးနွေးပွဲ ဖွင့်လှစ်

**တောင်ငူ ဧပြီ ၂**

ဒုတိယတန်းသင်ရိုးသစ် တိုင်းဒေသကြီးအဆင့် သင်တန်းဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို မတ် ၃၀ ရက် နံနက် ၉ နာရီက တောင်ငူမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဆရာကွန်းခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေးက အဖွင့်အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးကျော်ဆင့်က သင်ရိုးသစ်၏ မြန်မာဖတ်စာ၊ အင်္ဂလိပ်၊ သင်္ချာ၊ သိပ္ပံ၊ လူမှုရေး၊ စာရိတ္တနှင့်ပြည်သူ့နီတိ၊ ကာယပညာ၊ ဘဝတွက်တာ ကျွမ်းကျင်စရာ၊ အနုပညာ(ပန်းချီ)နှင့် အနုပညာ(ဂီတ) ဘာသာရပ်များကို သင်တန်းသား သင်တန်းသူများက လိုက်နာမှတ်သားစေလိုကြောင်း ပြောကြားသည်။

သင်တန်းကာလမှာ မတ် ၃၀ ရက်မှ ဧပြီ ၁၂ ရက်အထိဖြစ်ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၇၆ ဦးတို့အား နည်းပြ ၁၄ ဦးတို့ဖြင့် သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# စစ်တွေမြို့၌ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**စစ်တွေ မေ ၂**

နေရပ်စွန့်ခွာသူများပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၇ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး ကော်မတီ၊ ဒုတိယဥက္ကဋ္ဌ(၂)နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်က ပြန်လည်နေရာချထားရေးအတွက် သတ်မှတ်နေရာများ ရွေးချယ်ထားပြီး ဆောင်ရွက်နေကြောင်း၊ ကော်မတီအဖွဲ့ဝင်များအနေဖြင့် သတ်မှတ်နေရာများတွင် နေရာချထားရေးအတွက် စီစဉ်ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးပေးစေလိုကြောင်း၊ ထို့အပြင် လက်ခံရေးစခန်းများတွင် လမ်းများကောင်းမွန်ရေး၊ ပြန်လည်ဝင်ရောက်လာသူများကို စခန်းများသို့အဆင်ပြေစွာပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံက ပြည်နယ်အစိုးရအဖွဲ့မှ မောင်တောဒေသ မြေရှင်းလင်းရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းကော်မတီကိုဖွဲ့စည်းပြီး ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်က ပြန်လည်နေရာချထားရေး ဆောက်ရွက်မည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီ၊ တွဲဖက်အတွင်းရေးမှူး၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတင်မောင်ဆွေက အထောက်အကူပြု ကော်မတီဝင်များအနေဖြင့် မိမိတို့ဌာနမှ လုပ်ဆောင်ရမည့်လုပ်ငန်းများကို သိရှိပြီး လုပ်ငန်းလိုအပ်ချက်များ၊ အခက်အခဲများကို တင်ပြနိုင်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ သို့မှသာ မိမိတို့အနေဖြင့် သက်ဆိုင်ရာ အဆုံးအဖြတ်ပေးနိုင်မည့် ဌာနများသို့ ဆက်လက်တင်ပြပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။



ဆက်လက်၍ အထောက်အကူပြုကော်မတီဝင်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများက မိမိတို့ဌာနအလိုက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်စကား ပြောကြားသည်။ **တင်ထွန်း(ပြန်/ဆက်)**

# ရသေ့တောင်မြို့ လျှပ်စစ်မီးရရှိရေးနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ဆောင်ရွက်ပေးခဲ့မှုအပေါ် ပြည်သူအချို့၏ စကားသံများ

**ရသေ့တောင်မြို့ ဓာတ်အားစတင်ဖြန့်ဖြူးခြင်းအခမ်းအနားနှင့် ရသေ့တောင် တံတားဖွင့်ပွဲအခမ်းအနားကို မေ ၁ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။ ရသေ့တောင်မြို့ လျှပ်စစ်မီးရရှိရေးနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် ဆောင်ရွက်ပေးခဲ့မှုအပေါ် တာဝန်ရှိသူများနှင့် ရသေ့တောင်မြို့သူ မြို့သားများ၏ စကားသံအချို့ကို ရေးသားတင်ပြလိုက်ပါသည်။**



ဦးကျော်ကျော်မင်း



ဦးချစ်တင်



ဒေါ်မြသဇင်နွယ်



ဦးကျော်နိုင်ဝင်း



ဦးအောင်ဇော်မင်း



ဦးဇော်မိုး

**ဦးကျော်ကျော်မင်း(ရသေ့တောင်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာမှူး)**

ရသေ့တောင်မြို့ တစ်မြို့လုံးကို မတ် ၂၆ ရက်ကစပြီး လျှပ်စစ်မီးပေးနိုင်ခဲ့ပါတယ်။ ပတ်ဝန်းကျင်ကျေးရွာ ၂၆ ရွာမီးရရှိဖို့ ထပ်မံလုပ်ဆောင်နေပါတယ်။ ပြည်နယ်ဘတ်ဂျက်နဲ့ ကိုးရွာ၊ ပြည်ထောင်စုဘတ်ဂျက်နဲ့ ၁၇ ရွာ မီးလင်းနိုင်အောင် ဆောင်ရွက်နေပါတယ်။ သကြ်ၤန်မတိုင်ခင် အဲဒီရွာတွေပါ အပြီးမီးလင်းနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ အရင်ကဆို ရသေ့တောင်မြို့ မီးလင်းဖို့အတွက် ဒီဇယ်မီးစက်မောင်းပြီး မီးပေးရပါတယ်။ မီးစက်နဲ့ပေးတုန်းက ယူနစ် ၂၀ အထိကို တစ်ယူနစ်ကို ၃၅ ကျပ်နှုန်း ကောက်ပါတယ်။ ယူနစ် ၂၀ ကျော်ရင် မီးလင်းရေးက တစ်ယူနစ် ကျပ် ၃၀၀ နှုန်း ကောက်ပါတယ်။ အခုဆိုရင် ၂၄ နာရီ လျှပ်စစ်မီးပေးနိုင်ပြီး တစ်ယူနစ် ၃၅ ကျပ်နှုန်းနဲ့ ကောက်ခံသွားမှာ ဖြစ်ပါတယ်။

**ဦးချစ်တင်(အရှေ့တောင်ရပ်ကွက်၊ ရသေ့တောင်မြို့နယ်)**

ကျွန်တော်တို့မြို့မှာ အရင်တုန်းကဆိုရင် ညနေ ၆ နာရီကနေ ည ၁၁ နာရီအထိပဲ မီးရခဲ့ပါတယ်။ လျှပ်စစ်မီး ၂၄ နာရီရလာတော့ ထမင်းဟင်းချက်တာ၊ မီးပူတိုက်တာတွေ အချိန်မရွေးလုပ်နိုင်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးကလည်း တံတားဖွင့်ပြီးသွားတော့ စစ်တွေကိုသွားရတာ ပိုအဆင်ပြေသွားပါတယ်။ အရင်က စစ်တွေသွားမယ်ဆို ရေလမ်းကနေသွားခဲ့ရတယ်။ စစ်တွေမြို့သွားရင်း စက်လှေနစ်တဲ့အထဲမှာ ပါဖူးတယ်။ အခုကုန်းလမ်းပေါက်ပြီဆိုတော့ ဒီလိုအခက်အခဲတွေ မရှိနိုင်တော့ပါဘူး။ လျှပ်စစ်မီးလည်း ၂၄ နာရီ ရလာတဲ့အတွက် အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းလေးတွေ ပေါ်ပေါက်လာနိုင်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေ ရှိလာနိုင်ပါတယ်။ အခုလိုမျိုး လျှပ်စစ်မီး ၂၄ နာရီရလာဖို့၊ ကုန်းလမ်းကနေ ပြည်မကို တိုက်ရိုက်သွားလာနိုင်ဖို့ မတွေးဖူးပါဘူး။ ဒီလိုဖြစ်လာတဲ့အတွက် ဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူတွေကို ကျေးဇူးအများကြီး တင်ပါတယ်။

**ဒေါ်မြသဇင်နွယ်(အလယ်တန်းပြဆရာမ၊ ရသေ့တောင်မြို့)**

အရင်က ထမင်းဟင်းချက်မယ်ဆိုရင် မီးသွေးတွေ၊ ထင်းတွေ၊ ဖွဲမီးတွေ သုံးပြီးတော့ ချက်ပြုတ်စားသောက်ခဲ့ရပါတယ်။ အခု ပြည်ထောင်စုအစိုးရက မီး ၂၄ နာရီ ရအောင်လုပ်ပေးတဲ့အတွက် မြို့သူမြို့သားတွေအားလုံး ဝမ်းသာနေကြပါတယ်။ ကျောင်းသားတွေအနေနဲ့ ညဘက်တွေပါ စာပိုကျက်လာပါတယ်။ ပညာရေးအတွက် အများကြီးအထောက်အကူပြုပါတယ်။ လမ်းတွေ၊ တံတားတွေ၊ လျှပ်စစ်မီးတွေအပြင် ဒေသခံပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိအောင် စက်မှုဇုန်တွေပါ ဖွင့်ပေးလာနိုင်မယ်ဆို ဒီဒေသအတွက် အကျိုးကျေးဇူး အများကြီးဖြစ်ထွန်းလာမှာ သေချာပါတယ်။

**ဒေါ်သန်းမြရီ(အရှေ့တောင်ရပ်ကွက်၊ ရသေ့တောင်မြို့)**

လျှပ်စစ်မီး ၂၄ နာရီရလို့ အားလုံးက ဝမ်းသာနေကြပါတယ်။ အိမ်မှာက မိတ္တူကူးတဲ့လုပ်ငန်းနဲ့ ရွှေပန်းထိမ်လုပ်ငန်း လုပ်ကိုင်ပါတယ်။ တစ်နိုင်တစ်ပိုင် မီးစက်ကလေးနဲ့ လုပ်ခဲ့ရပါတယ်။ အဲဒီလုပ်ငန်း နှစ်ခုကို အခုလို လျှပ်စစ်မီးနဲ့ လုပ်ကိုင်နိုင်ပြီဆိုတော့ ပိုအဆင်ပြေနေပါပြီ။ အလုပ်အကိုင်အဆင်ပြေမှုကိုလည်း များစွာ အထောက်အကူပြုပါတယ်။ မိသားစုဝင်ငွေ တိုးတက်လာပါတယ်။ ဒီမြို့မှာ စက်ရုံ၊ အလုပ်ရုံတွေ ပေါ်ပေါက်လာစေချင်ပါတယ်။ လမ်းတွေ၊ တံတားတွေ၊ လျှပ်စစ်မီးတွေရရှိအောင် လုပ်ပေးသလို စက်မှုဇုန်တွေလည်း ဖြစ်ထွန်းပေါ်ပေါက်စေချင်ပါတယ်။

**ဦးကျော်နိုင်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)**

ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် လမ်းပန်းဆက်သွယ်ရေးနဲ့ လျှပ်စစ်မီးရရှိဖို့က အဓိကဖြစ်ပါတယ်။ ဒီစီမံကိန်းကို စတင်ဆောင်ရွက်ခဲ့တာက မိုးတွင်းကာလဖြစ်ခဲ့တာကတစ်ကြောင်း၊ စီမံကိန်းနေရာက ပြည်မနဲ့အလှမ်းဝေးတော့ ပစ္စည်းသယ်ပို့ရတာကအစ အခက်အခဲလေးတွေ ရှိခဲ့ပါတယ်။ ဘူးသီးတောင်နဲ့ မောင်တောမြို့တွေမှာလည်း ၆၆ ကေဗွီအေ ဓာတ်အားခွဲရုံတွေ တည်ဆောက်သွားမှာဖြစ်ပါတယ်။ ဒီနှစ်အကုန်မှာ မောင်တောမြို့ ၂၄ နာရီ လျှပ်စစ်မီး ရရှိအောင် ရည်မှန်းချက်ထား ဆောင်ရွက်နေပါတယ်။

**ဦးအောင်ဇော်မင်း၊ လက်ထောက်ညွှန်ကြားရေးမှူး(စက်မှုလျှပ်စစ်)**

ကျွန်တော်က မိတ္ထီလာစီမံကိန်းမန်နေဂျာရုံးကနေ ဒီရသေ့တောင် ဓာတ်အားခွဲရုံကို လာတည်ဆောက်တာပါ။ ဒီဓာတ်အားခွဲရုံကို ဇန်နဝါရီ ပထမပတ်က တည်ဆောက်ခဲ့ပြီးတော့ မတ်လမှာပြီးပါတယ်။ ပို့လွှတ်လိုက်တဲ့ဓာတ်အားကို ရသေ့တောင်မြို့ထဲရောက်အောင် ဖြန့်ဖြူးပေးရပါတယ်။ ရသေ့တောင်မြို့နယ်က ပြည်သူတွေ ၂၄ နာရီ ဓာတ်အားရရှိပြီး ပျော်နေကြတာမြင်ရတော့ ကျွန်တော်တို့လည်း ထပ်တူဝမ်းသာမိပါတယ်။

**ဦးဇော်မိုး(စစ်တွေခရိုင်လျှပ်စစ်အင်ဂျင်နီယာမှူး)**

ရသေ့တောင်မြို့ပေါ်နဲ့ အနီးအနားပတ်ဝန်းကျင်က ကျေးရွာတွေကို ဓာတ်အားစနစ်ကနေ ဓာတ်အားပေးနိုင်ဖို့ဆောင်ရွက်ခဲ့ပါတယ်။ ပြည်နယ်အစိုးရဘတ်ဂျက်နဲ့ ကိုးရွာ၊ ပြည်ထောင်စုအစိုးရဘတ်ဂျက်နဲ့ ၁၇ ရွာ ဓာတ်အားရရှိအောင် ဆက်လက်ဆောင်ရွက်နေပါတယ်။ လက်ရှိအစိုးရတက်လာတဲ့အခါမှာ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောဒေသတွေအပါအဝင် မဖွံ့ဖြိုးသေးတဲ့ ဒေသတွေ ဖွံ့ဖြိုးအောင် စီမံဆောင်ရွက်နေပါတယ်။ ဆောင်ရွက်တဲ့နေရာမှာ ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တော ဓာတ်အားလိုင်းနဲ့ ဓာတ်အားခွဲရုံ သုံးရုံဆောက်ဖို့ ရည်မှန်းချက်ထားခဲ့ပါတယ်။ အခု ရသေ့တောင်မြို့မှာ ပထမဆုံး ပုဏ္ဏားကျွန်း-ရသေ့တောင် ၆၆ ကေဗွီအေ ဓာတ်အားလိုင်း ၂၂ ဒသမ ၂ မိုင်နဲ့ ရသေ့တောင်ဓာတ်အားခွဲရုံ ၅ အမ်ဗွီအေတစ်ရုံကို ပြည်ထောင်စုဘတ်ဂျက်နဲ့ တည်ဆောက်ခဲ့ပါတယ်။ ပြည်နယ်အစိုးရရန်ပုံငွေနဲ့ ရသေ့တောင်မြို့ပေါ်မှာ ဓာတ်အားစနစ်ရအောင်နဲ့ အဆင်သင့်မီးပေးနိုင်အောင် ဓာတ်အားလိုင်းတွေ၊ ထရန်စဖော်မာတွေ ကြိုတင်စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ အခုဧပြီလအတွင်းမှာ ရသေ့တောင်မြို့နယ်မှာရှိတဲ့ ကျေးရွာတွေကိုလည်း လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်နေပါတယ်။ ပြည်သူတွေကိုလည်း လျှပ်စစ်ကို အန္တရာယ်ကင်းရှင်းစွာ သုံးစွဲနိုင်အောင် အသိပညာပေးမှုတွေ လုပ်နေပါတယ်။

**ဟန်လင်းနိုင်(စစ်တွေကိုယ်ပွား)**

## မီးဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့

**မင်းပြား မေ ၂**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မင်းပြားမြို့နယ် ပန်းမြောင်းကျေးရွာ၌ မတ် ၃၀ ရက်က ဖြစ်ပွားခဲ့သည့် မီးလောင်မှုဖြစ်စဉ်ကြောင့် မီးဘေးသင့်ပြည်သူများအား မြောက်ဦးခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်နန်းမိုးနွယ်နှင့် တာဝန်ရှိသူများက ယနေ့ မွန်းလွဲ ၁ နာရီက ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးခဲ့ကြသည်။

အဆိုပါ မီးဘေးသင့်အိမ်ခြေသုံးလုံး အိမ်ထောင်စုသုံးစုမှ လူဦးရေ ၂၁ ဦးအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၅ မျိုးကို မြောက်ဦးခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မီးဘေးသင့်ပြည်သူများအား သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

# ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း ကြေညာ

*(ယမန်နေ့မှအဆက်)*

### အခြေခံပညာဦးစီးဌာန၊ ၂၀၁၈ ခုနှစ်၊ ဒသမတန်း လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၀၁ | မောင်လမင်းအောင် | အထက(၂)သထုံ | သထုံ | သထုံ |
| ၁၀၂ | မအေးဝတ်ရည်ခန့် | အထက(၁)ကျိုက်ထို | ကျိုက်ထို | သထုံ |
| ၁၀၃ | မောင်ဇော်လူထက် | အထက(၂)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၁၀၄ | မအေးပြည့်ဖြိုး | အထက(၂)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၁၀၅ | မောင်အောင်ကိုထူး | အထက(၂)မောင်တော | မောင်တော | မောင်တော |
| ၁၀၆ | မနှင်းသန္တာထွန်း | အထက(၂)မောင်တော | မောင်တော | မောင်တော |
| ၁၀၇ | မောင်မျိုးလွင် | အထက-မြေပုံ | မြေပုံ | မြောက်ဦး |
| ၁၀၈ | မရွှေရည်ပြည့်ဖြိုး | အထက-မြေပုံ | မြေပုံ | မြောက်ဦး |
| ၁၀၉ | မောင်မြတ်ဘုန်းဆွေ | အထက(၃)ကျောက်ဖြူ | ကျောက်ဖြူ | ကျောက်ဖြူ |
| ၁၁၀ | မစုစုလှိုင် | အထက(၂)အမ်း | အမ်း | ကျောက်ဖြူ |
| ၁၁၁ | မောင်ဇွဲလင်းထက် | အထက(၁) တောင်ကုတ် | တောင်ကုတ် | သံတွဲ |
| ၁၁၂ | မရွှေစင်လင်း | အထက(ခွဲ)ငကျော်တောင် | သံတွဲ | သံတွဲ |
| ၁၁၃ | မောင်ကောင်းခန့်ဇော် | အထက(၁)သဃ်န်းကျွန်း | သဃ်န်းကျွန်း | အရှေ့ပိုင်း |
| ၁၁၄ | မောင်ကောင်းစည်ဖြိုး | အထက(၂)တောင်ဥက္ကလာပ | တောင်ဥက္ကလာပ | အရှေ့ပိုင်း |
| ၁၁၅ | မောင်ဇင်ဦးလှိုင် | အထက(၂)ရန်ကင်း | ရန်ကင်း | အရှေ့ပိုင်း |
| ၁၁၆ | မနုယဉ်ဝင်း | အထက(၁)သဃ်န်းကျွန်း | သဃ်န်းကျွန်း | အရှေ့ပိုင်း |
| ၁၁၇ | မခင်ချောကလျာ | အထက(၂)တောင်ဥက္ကလာပ | တောင်ဥက္ကလာပ | အရှေ့ပိုင်း |
| ၁၁၈ | မမှူးကျော့စံ | အထက(၅)ဗိုလ်တထောင် | ဗိုလ်တထောင် | အရှေ့ပိုင်း |
| ၁၁၉ | မောင်ထက်မြက်မင်းထွန်း | လေ့ကျင့်ရေးအထက်တန်းကျောင်း | ကမာရွတ် | အနောက်ပိုင်း |
| ၁၂၀ | မောင်တိုးနိုင်ထွန်း | Great Light(ကပက) | မရမ်းကုန်း | အနောက်ပိုင်း |
| ၁၂၁ | မအေးဘုန်းပြည့်ချို | အထက(၂)ကမာရွတ် | ကမာရွတ် | အနောက်ပိုင်း |
| ၁၂၂ | မခြူးရွှေရည်ထက် | အထက(၂)လသာ | လသာ | အနောက်ပိုင်း |
| ၁၂၃ | မောင်မင်းခန့်ကျော် | အထက(၂)မြို့မ | တွံတေး | တောင်ပိုင်း |
| ၁၂၄ | မောင်စွမ်းရည်ထက် | အထက(၂)သန်လျင် | သန်လျင် | တောင်ပိုင်း |
| ၁၂၅ | မဖြူစင်သန့် | အထက(၂)သန်လျင် | သန်လျင် | တောင်ပိုင်း |
| ၁၂၆ | မသီရိရွှေစင် | အထက(၁)ခရမ်း | ခရမ်း | တောင်ပိုင်း |
| ၁၂၇ | မောင်ရောင်နီလင်းလက် | အထက(၂)မင်္ဂလာဒုံ | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၂၈ | မောင်မျိုးသီဟချစ် | အထက-အင်းတိုင် | လှည်းကူး | မြောက်ပိုင်း |
| ၁၂၉ | မကြယ်စင်ရွှန်းလက်ရည် | အထက(၂)မင်္ဂလာဒုံ | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၃၀ | မဇွန်ပွင့်ဖြူ | အထက-မြို့မ | လှည်းကူး | မြောက်ပိုင်း |
| ၁၃၁ | စိုင်းစင့်စွမ်လှိုင်း | အထက(၄)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၃၂ | ခွန်ဟန်သာစိုး | အထက(၁)ပင်လောင်း | ပင်လောင်း | တောင်ကြီး |
| ၁၃၃ | မခွန်းချိုသာ | ရွှေပန်းတိုင်(ကပက) | ပင်းတယ | တောင်ကြီး |
| ၁၃၄ | မယိမ်းရွှေလှ္သာ | အထက-ခေါင်တိုင် | ညောင်ရွှေ | တောင်ကြီး |

*(ဆက်လက်ဖော်ပြပါမည်)*

### အခြေခံပညာဦးစီးဌာန၊ ၂၀၁၈ ခုနှစ်၊ နဝမတန်း လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၀၁ | မောင်ထွဋ်လင်းဦး | အထက(၂)သထုံ | သထုံ | သထုံ |
| ၁၀၂ | မကြယ်စင်လင်းထွန်း | အထက(၂)သထုံ | သထုံ | သထုံ |
| ၁၀၃ | မောင်ထက်မြက်အောင် | အထက(၂)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၁၀၄ | မဆုဝေဖြိုး | အထက(၄)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၁၀၅ | မောင်ဘုန်းမြတ်ဇော် | အထက(၁)ဘူးသီးတောင် | ဘူးသီးတောင် | မောင်တော |
| ၁၀၆ | မလင်းအေးမိုရ် | အထက(၁)ဘူးသီးတောင် | ဘူးသီးတောင် | မောင်တော |
| ၁၀၇ | မဖြိုးသွယ်ခိုင် | အထက(၁)မြောက်ဦး | မြောက်ဦး | မြောက်ဦး |
| ၁၀၈ | မောင်နေထွန်းဝင်း | အထက(၂)မင်းပြား | မင်းပြား | မြောက်ဦး |
| ၁၀၉ | မအေးငြိမ်းစံ | အထက(၂)အမ်း | အမ်း | ကျောက်ဖြူ |
| ၁၁၀ | မောင်ပြည့်ဖြိုးသျှန်အောင် | အထက(ခွဲ)ဈေးတန်း | မာန်အောင် | ကျောက်ဖြူ |
| ၁၁၁ | မောင်မင်းခန့်အောင် | အထက(ခွဲ)မြို့မ | သံတွဲ | သံတွဲ |
| ၁၁၂ | မမြပန်းအိမ် | အထက(ခွဲ)မြို့မ | သံတွဲ | သံတွဲ |
| ၁၁၃ | မောင်လင်းထက်ဦး | အထက(၃)ဒဂုံမြောက် | ဒဂုံမြောက် | အရှေ့ပိုင်း |
| ၁၁၄ | မောင်ဇေလင်းမြတ် | အထက(၂)တောင်ဥက္ကလာပ | တောင်ဥက္ကလာပ | အရှေ့ပိုင်း |
| ၁၁၅ | မောင်ချမ်းမြေ့ကျော် | အထက(၂)ရန်ကင်း | ရန်ကင်း | အရှေ့ပိုင်း |
| ၁၁၆ | မမျိုးသီရိကျော် | အထက(၃)ဒဂုံမြောက် | ဒဂုံမြောက် | အရှေ့ပိုင်း |
| ၁၁၇ | မမေမြတ်သူ | အထက(၂)တောင်ဥက္ကလာပ | တောင်ဥက္ကလာပ | အရှေ့ပိုင်း |
| ၁၁၈ | မလဝန်းနွေဦးကျော် | အောင်အကယ်ဒမီ(ကပက) | ရန်ကင်း | အရှေ့ပိုင်း |
| ၁၁၉ | မောင်ကျော်လင်းသန်း | အထက(၄)အလုံ | အလုံ | အနောက်ပိုင်း |
| ၁၂၀ | မောင်ခန့်စည်သူ | အထက(၁)လသာ | လသာ | အနောက်ပိုင်း |
| ၁၂၁ | မကြည်ရှင်းခန့် | အထက (၂)စမ်းချောင်း | စမ်းချောင်း | အနောက်ပိုင်း |
| ၁၂၂ | မဝင်းပြည့်ပြည့်ဇော် | လေ့ကျင့်ရေးအထက်တန်းကျောင်း | ကမာရွတ် | အနောက်ပိုင်း |
| ၁၂၃ | မောင်ထက်အောင်လှိုင် | အထက(၁)သုံးခွ | သုံးခွ | တောင်ပိုင်း |
| ၁၂၄ | မောင်ကောင်းဇင်ဟိန်း | အထက(၁)သန်လျင် | သန်လျင် | တောင်ပိုင်း |
| ၁၂၅ | မမေသူချစ် | အထက(၄)သန်လျင် | သန်လျင် | တောင်ပိုင်း |
| ၁၂၆ | မမေဖြိုးပွင့် | အထက(၂)ကွမ်းခြံကုန်း | ကွမ်းခြံကုန်း | တောင်ပိုင်း |
| ၁၂၇ | မောင်မင်းဖြိုးသွင် | အထက(၂)မင်္ဂလာဒုံ | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၂၈ | မောင်သားခန့်ညီ | မဟော်သဓာ(ကပက) | လှည်းကူး | မြောက်ပိုင်း |
| ၁၂၉ | မချိုချိုနှင်းအောင် | အထက(၂)မင်္ဂလာဒုံ | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၃၀ | မခိုင်ဖူးပွင့်ဝေ | အထက(၃)လှိုင်သာယာ | လှိုင်သာယာ | မြောက်ပိုင်း |
| ၁၃၁ | နန်းရွှေဝတ်ရည်ဖူး | အထက-ဆီဆိုင် | ဆီဆိုင် | တောင်ကြီး |
| ၁၃၂ | မနှင်းဖြူဖြူအေး | အထက(၅)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၃၃ | မောင်ကောင်းစည်သူ | အထက(၄)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၃၄ | မောင်ရှင်းခန့်မာန် | အထက-ပင်းတယ | ပင်းတယ | တောင်ကြီး |

*(ဆက်လက်ဖော်ပြပါမည်)*

### အခြေခံပညာဦးစီးဌာန၊ ၂၀၁၈ ခုနှစ်၊ အဋ္ဌမတန်း လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၀၁ | မောင်မျိုးမြတ်မင်း | အထက(ခွဲ)မင်းတန်း | ပေါင် | သထုံ |
| ၁၀၂ | မဆုသက်ပိုင်မင်း | အထက(၁)ကျိုက်ထို | ကျိုက်ထို | သထုံ |
| ၁၀၃ | မောင်ဉာဏ်စည်မင်း | အထက(၂)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၁၀၄ | မဖြိုးကေသီကျော် | အထက(၂)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၁၀၅ | မောင်စိုးဝင်း | အထက(၂)ဘူးသီးတောင် | ဘူးသီးတောင် | မောင်တော |
| ၁၀၆ | မလင်းမြတ်မိုး | အထက(၁)ဘူးသီးတောင် | ဘူးသီးတောင် | မောင်တော |
| ၁၀၇ | မကြယ်စင်လင်းလက် | အထက-သဲတန်း | မြေပုံ | မြောက်ဦး |
| ၁၀၈ | မောင်ဖြိုးမင်းသန်း | အထက(၁)မြောက်ဦး | မြောက်ဦး | မြောက်ဦး |
| ၁၀၉ | မငြိမ်းငြိမ်းယုလှိုင် | အထက-ဇရပ်ပြင် | ရမ်းဗြဲ | ကျောက်ဖြူ |
| ၁၁၀ | မောင်ဟိန်းမင်းသူ | အထက-ဆင်နားချောင် | မာန်အောင် | ကျောက်ဖြူ |
| ၁၁၁ | မောင်ဇေယျာလင်းထွန်း | အထက-ကင်းတောင် | တောင်ကုတ် | သံတွဲ |
| ၁၁၂ | မရည်မွန်လွင် | အထက(ခွဲ)မြို့မ | သံတွဲ | သံတွဲ |
| ၁၁၃ | မောင်ရဲသုလှိုင် | အထက(၂)ရန်ကင်း | ရန်ကင်း | အရှေ့ပိုင်း |
| ၁၁၄ | မောင်ဥက္ကာဟန် | အထက(၅)ဗိုလ်တထောင် | ဗိုလ်တထောင် | အရှေ့ပိုင်း |
| ၁၁၅ | မောင်ထက်ပိုင်လင်း | အထက(၁)မြောက်ဥက္ကလာပ | မြောက်ဥက္ကလာပ | အရှေ့ပိုင်း |
| ၁၁၆ | မဆုလှိုင်လှိုင်ထွန်း | အထက(၅)ဗိုလ်တထောင် | ဗိုလ်တထောင် | အရှေ့ပိုင်း |
| ၁၁၇ | မဆက်မီမီပိုင် | အထက(၄)သဃ်န်းကျွန်း | သဃ်န်းကျွန်း | အရှေ့ပိုင်း |
| ၁၁၈ | မခိုင်ယဉ်မင်းသန့် | လေ့ကျင့်ရေးအလယ်တန်းကျောင်း | ရန်ကင်း | အရှေ့ပိုင်း |
| ၁၁၉ | မောင်ခန့်ညားနန္ဒ | လေ့ကျင့်ရေးအထက်တန်းကျောင်း | ကမာရွတ် | အနောက်ပိုင်း |
| ၁၂၀ | မောင်မြတ်ဘုန်းသော် | အလက(၁)ဒဂုံ | ဒဂုံ | အနောက်ပိုင်း |
| ၁၂၁ | မအင်ကြင်းဖြူ | Great Light(ကပက) | မရမ်းကုန်း | အနောက်ပိုင်း |
| ၁၂၂ | မခိုင်သက်ဆုမိုး | အလက(၁)ဒဂုံ | ဒဂုံ | အနောက်ပိုင်း |
| ၁၂၃ | မောင်ဘုန်းသန့်လွင် | အထက(၂)ကွမ်းခြံကုန်း | ကွမ်းခြံကုန်း | တောင်ပိုင်း |
| ၁၂၄ | မောင်ဖုန်းမြတ်ပိုင် | အထက(၂)သန်လျင် | သန်လျင် | တောင်ပိုင်း |
| ၁၂၅ | မမြတ်သီရိသူ | အထက(၂)သန်လျင် | သန်လျင် | တောင်ပိုင်း |
| ၁၂၆ | မခိုင်ဆုယဉ် | အထက-မောင်းမ | ခရမ်း | တောင်ပိုင်း |
| ၁၂၇ | မောင်မင်းထက်ကျော် | အထက(၂)မင်္ဂလာဒုံ | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၂၈ | မောင်ဇော်လင်းထက် | အထက-ဝါးနက်ချောင်း | မှော်ဘီ | မြောက်ပိုင်း |
| ၁၂၉ | မဆွေဇင်အောင်သင်း | ကောင်းစုစံ(ကပက) | ရွှေပြည်သာ | မြောက်ပိုင်း |
| ၁၃၀ | မဇင်မီမီကျော် | အထက(၁)အင်းစိန် | အင်းစိန် | မြောက်ပိုင်း |
| ၁၃၁ | နန်းနောင့်ဇကေရီ | အထက(၁)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၃၂ | မအေးချမ်းပြည့် | အထက-ဆီဆိုင် | ဆီဆိုင် | တောင်ကြီး |
| ၁၃၃ | စိုင်းနော်ဝမ်း | အထက-ဆီဆိုင် | ဆီဆိုင် | တောင်ကြီး |
| ၁၃၄ | မောင်မင်းဇော်ဦး | အထက-ရပ်စောက် | ရပ်စောက် | တောင်ကြီး |

*(ဆက်လက်ဖော်ပြပါမည်)*

# ကနီမြို့နယ် အလှူတစ်ခုတွင် လူ ၁၈၀ ကျော် အစာအဆိပ်သင့်မှုဖြစ်ပွား



**ကနီ ဧပြီ ၂**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် မုဒ္ဒောကျေးရွာအုပ်စု မုဒ္ဒောအရှေ့ကျေးရွာ အလှူတစ်ခုတွင် ယနေ့နံနက်က အလှူထမင်းစားသုံးသူများ အစာအဆိပ်သင့်မှုဖြစ်ပွားကြောင်း သိရသည်။

အစာအဆိပ်သင့်မှုဖြစ်ပွားသည့် လူနာများကို ကနီမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ လူမှုကူညီရေးယာဉ်များ၊ အခြား မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပြီး ဆေးကုသမှုဆောင်ရွက်လျက်ရှိသည်။ ကနီမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိလာသည့် လူနာ ၁၂၂ ဦးအနက် အနည်းငယ်သက်သာသည့် လူနာများကို မြို့နယ်သာသနာ့ဗိမာန်တော်တွင် ပြောင်းရွှေ့ကုသလျက်ရှိသည်။

အဆိုပါ ပြောင်းရွှေ့ကုသရာတွင် မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုကူညီရေးအဖွဲ့များနှင့် ပြည်သူများ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ယင်းနောက် ဆေးကုသပြီး၍ စိတ်ချရသော လူနာများကို မြို့နယ်ဆရာဝန်ကြီး ခွင့်ပြုချက်ဖြင့် ညနေ ၄ နာရီခွဲခန့်တွင် ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သည်။ ၎င်း လူနာများကို တာဝန်ရှိသူများက ကျေးရွာများသို့အရောက် ပို့ဆောင်ပေးခဲ့သည်။ လူနာ ၁၅ ဦးမှာ ကနီမြို့ ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆက်လက်ဆေးကုသမှုခံယူလျက်ရှိသည်။ အလှူထမင်းစားပြီး အခြားကျေးရွာများတွင်လည်း ဖြစ်ပွားရာ မုဒ္ဒောကျေးရွာဆေးခန်းတွင် ၅၇ ဦး၊ လက်ပံစုတွင် ခြောက်ဦး၊ သရက်ပင် တိုက်နယ်ဆေးရုံတို့တွင် သုံးဦး စုစုပေါင်း ၁၈၈ ဦး အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ယင်းအစာအဆိပ်သင့်မှုဖြစ်ပွားခဲ့သည့် အလှူမှ ကျွေးမွေးသော ထမင်း၊ ဟင်းနှင့် ချက်ပြုတ်ရာတွင် အသုံးပြုသည့် ပါဝင်ပစ္စည်း ၁၆ မျိုးကို တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်ဆောင်ရွက်နိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အစာ အဆိပ်သင့်သူများအား ဆေးကုသဆောင်ရွက်ပေးရာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရွှေဌေး၊ ဦးထွန်းထွန်းဝင်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိုက်စိုးထွန်းတို့ လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**




## မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၂**
မူးယစ်တပ်ဖွဲ့စု(၄၁)ရန်ကုန်(အရှေ့)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၁ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ က သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ ရန်ကုန်သစ်ရပ်ကွက် အောင်ချမ်းသာလမ်းနေ အောင်စည်သူ (ခ)စည်သူ၏ နေအိမ်ကိုရှာဖွေရာ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၇၇၀ နှင့် အိုက်စ် ၂၅ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထို့အတူ ဧပြီ ၁ ရက် နံနက် ၈ နာရီက မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဝိန်းကျောင်းရပ်ကွက် အာခါဈေးလမ်း အမှတ် ဝက-ခ(---)ရှိ နေအိမ်ကိုရှာဖွေရာ ချာချိုင်းကျူတောင်း (ထိုင်းနိုင်ငံသား)ထံမှ ကတ်တမင်း သုည ဒသမ ဝဝ၁ ကီလို၊ ထာနင်းဝိစေ (ထိုင်းနိုင်ငံသား)နှင့် ကင်းစက်ဖွန်းစင်(ထိုင်းနိုင်ငံသား)တို့၏ အိပ်ခန်းအတွင်းမှ ဆေးခြောက် သုည ဒသမ ဝ၆ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သည်။

ယင်းနေ့ ညနေ ၄ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့ မူဆယ်-မန္တလေးသွားကားလမ်း မိုင်တိုင်အမှတ်(၈၀/၄)အနီးတွင် မင်းမင်းဦး(ခ)ကာလု မောင်းနှင်ပြီး မယွန်းယွန်း(ခ)မဝင့်ဝါ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၃၂၀၊ ငွေကျပ် ၁၉၇၅၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၂**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၅၆ စီး၊ သွင်းကုန် ၉၇၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၄၉ စီး၊ သွင်းကုန် ၁၄၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုငါးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉ ဒသမ ၅၅ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၄၁၅ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅ ဒသမ ၉၆၅ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဧပြီ ၁ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့် ယာဉ်များကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် သိန်းနီမြို့တိုးဂိတ်အနီး၌ ရပ်တန့်ထားသော CHENGLONG ၂၂ ဘီး ယာဉ်တစ်စီးနှင့် မိုင်တိုင်အမှတ် ၂၀၂ မိုင် သုံးဖာလုံ နမ့်ဟူတောင်ရွာအနီးတွင် တိမ်းမှောက်နေသော CANTER ခြောက်ဘီး ယာဉ်တစ်စီးတို့ကို စစ်ဆေးခဲ့ရာ အမိုနီယမ်နိုက်ထရိတ်ဟုယူဆရသော Ammonium Nitrate စာတန်းပါ ၄၀ ကီလိုဂရမ် အိတ် ၄၃၀၊ Three Wheel Spare Part ၉၀၀ ကီလိုဂရမ်၊ Diaper ၂၅ ဖာ၊ ဖိနပ်တိုက်ဆေး ၁၀ ဖာ၊ Baby Wipes ၁၀၀ ဖာနှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်နှစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၉ ဒသမ ၃၇၅ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ထိန်းချုပ်ဓာတုပစ္စည်းများအဖြစ် ဓာတုပစ္စည်းနှစ်မျိုးအား ထပ်မံသတ်မှတ်

**နေပြည်တော် ဧပြီ ၂**
ကျန်းမာရေးဝန်ကြီးဌာနသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၆(ခ) နှင့် ၃၀ (ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အမိန့်ကြော်ငြာစာ ၁/၂၀၁၂ ဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထုတ်လုပ်ရာတွင် အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်းများ အမည်စာရင်းကို သတ်မှတ်ခဲ့သည်။

ယခုအခါ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် အမိန့်ကြော်ငြာစာ ၁/၂၀၁၂၊ အပိုဒ် ၁၊ အပိုဒ်ခွဲ(က)၊ ဇယား(၁)ပါ ထိန်းချုပ်ဓာတုပစ္စည်းများစာရင်းတွင် အမှတ်စဉ်(၁၆)အဖြစ် ၄-အနီလီနို-အင်-ဖီနိုင်ပိုင်ပါရီဒင်း(အေအင်ပီပီ) 4-anilino-N-phenethylpiperidine(ANPP)နှင့် အမှတ်စဉ်(၁၇)အဖြစ် အင်-ဖီနိုင်သိုင်းလ်-၄-ပိုက်ပါရီဒင်း(အင်ပီပီ) N-phenethyl-4-piperidine(NPP)တို့ကို ထိန်းချုပ်ဓာတုပစ္စည်းအဖြစ် ဖြည့်စွက်သတ်မှတ်လိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် မတ်လအတွင်း ယာဉ်မတော်တဆမှု ၃၃ မှုဖြစ်ပွား၊ လေးဦး သေဆုံးပြီး ၆၂ ဦး ဒဏ်ရာရရှိ

**နေပြည်တော် ဧပြီ ၂**
ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် မတ်လအတွင်း ယာဉ်မတော်တဆမှု ၃၃ မှုဖြစ်ပွားခဲ့ရာ အမျိုးသား သုံးဦးနှင့် အမျိုးသမီး တစ်ဦး စုစုပေါင်း လေးဦး သေဆုံးခဲ့ပြီး အမျိုးသား ၃၅ ဦး၊ အမျိုးသမီး ၂၇ ဦး စုစုပေါင်း ၆၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထိုအတူ ပြီးခဲ့သည့်ဇန်နဝါရီလအတွင်းက ယာဉ်မတော်တဆမှု ၄၁ မှုမှ သေဆုံးသူ အမျိုးသားငါးဦး၊ အမျိုးသမီးလေးဦး စုစုပေါင်း ကိုးဦးဖြစ်ပြီး အမျိုးသား ၄၇ ဦး၊ အမျိုးသမီး ၃၆ ဦး စုစုပေါင်း ၈၃ ဦး ဒဏ်ရာရရှိခဲ့သည်။ ဖေဖော်ဝါရီလအတွင်း၌ ယာဉ်မတော်တဆမှု ၃၆ မှုမှ အမျိုးသားခုနစ်ဦး၊ အမျိုးသမီးလေးဦး စုစုပေါင်း ၁၁ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၃၉ ဦး၊ အမျိုးသမီး ၃၇ ဦး စုစုပေါင်း ၇၆ ဦး ဒဏ်ရာရရှိခဲ့သည်။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ၂၀၁၈ ခုနှစ်တွင် သုံးလအတွင်း ယာဉ်မတော်တဆမှု အကြိမ် ၁၁၀ ဖြစ်ပွားခဲ့ပြီး သေဆုံးသူ၂၄ ဦးနှင့် ဒဏ်ရာရရှိသူ ၂၂၁ ဦးရှိကြောင်း သိရသည်။

သို့ပါ၍ အမြန်လမ်းပေါ်သို့ မောင်းနှင်မည့်ယာဉ်များ အနေဖြင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းကို လိုက်နာကြပါရန် အထူးလိုအပ်ပေသည်။ **သန်းဦး(လေးမျက်နှာ)**




## မြန်မာ့ရုပ်မြင်သံကြား

**၃-၄-၂၀၁၈ (အင်္ဂါနေ့)**

**နံနက်ပိုင်း**
၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ Breakfast News
၇း၃၅ "အလှတို့ ပေါင်းစုရာမြေ တောင်ပေါ်ဒေသ နာဂမြေ"
၈း၃၅ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ တစ်နှစ်တာ (ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ (၂)နှစ်တာ ဆောင်ရွက်ချက်များ)
၉း၁၀ ဥပဒေရေးရာအဖြာဖြာ "ကူညီပါသို့သော်. . ." (ဦးစံပေါ၊ ဝေဖြိုးဟိန်း၊ နေသစ်ခန့်၊ ကိုချစ်ဦး၊ ခင်ဖြူဖြူသန့်၊ အိအိသဲ၊ ဒေါ်အမာကြည်) [ဒါရိုက်တာ- ဝေဠု (ဝသန်)]
၉း၃၀ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၁း၀၀ "ချစ်စရာ့အတာသင်္ကြန်"
၁၂း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "အစမ်းသပ်ခံအချစ်" (အပိုင်း-၃၁)
၁၃း၀၅ Yes or No Talk Show
၁၄း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "တရားရှင်နှင့် ဓားဘုရင်" (သစ္စာတည်သောစစ်သူကြီး) (အပိုင်း-၃)
၁၄း၄၅ "အတိတ်မန္တလေးသင်္ကြန် ပုံရိပ်များဆီသို့ အောက်မေ့သတိရ တမ်းတခြင်း"
၁၅း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်စင်ခတဲ့ နှလုံးသား" (အပိုင်း-၅၂)

**ညနေပိုင်း**
၁၆း၃၅ YTM (Science) "အယ်ဂျေးထဲမှမြင်ရသော အနာဂတ်"
၁၇း၂၅ မြန်မာ့ငွေကြေး ဈေးကွက်ဆိုင်ရာ စကားဝိုင်း
၁၇း၅၀ "အေးချမ်းပျော်ရွှင် မဟာသင်္ကြန်တွင်" (အပိုင်း-၂)
၁၈း၂၀ Football Magazine
၁၈း၃၅ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ (အကယ်ဒမီ အိန္ဒြာကျော်ဇင်)
၁၉း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "အစမ်းသပ်ခံအချစ်" (အပိုင်း-၃၂)(ဇာတ်သိမ်း)
၁၉း၅၅ CHOICE (အပိုင်း-၆၁)
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ [မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ (၂)နှစ်တာ ဆောင်ရွက်ချက်များ]
- နိုင်ငံခြားဇာတ်လမ်းတွဲ "တရားရှင်နှင့်ဓားဘုရင်" (သစ္စာတည်သော စစ်သူကြီး) (အပိုင်း-၄)
- အနုပညာခန်းရိပ်သာ "ဒါရိုက်တာ ဦးမိုးသူနှင့် တွေ့ဆုံခြင်း"
- နိုင်ငံခြားဇာတ်လမ်းတွဲ "အေးအတူပူအမျှ" (အပိုင်း-၃၂)
- **အစီအစဉ်ပြီး၏။**

# မန်စီးတီးနှင့် ကစားမည့်ပွဲထက် ဒုတိယနေရာ တည်မြဲရေးက ပိုအရေးကြီးဟု မော်ရင်ဟို ပြောကြား

မန်ယူနည်းပြ မော်ရင်ဟိုက လာမည့်ရက်သတ္တပတ်တွင် ယှဉ်ပြိုင်ရမည့် မန်စီးတီးနှင့် မန်ချက်စတာဒါဘီပွဲစဉ်ထက် ဒုတိယနေရာတည်မြဲအောင် စွမ်းဆောင်နိုင်မှုက မန်ယူအတွက် ပိုပြီးအရေးကြီးကြောင်း အင်တာဗျူးတစ်ခုတွင် ဖြေကြားခဲ့သည်။

မော်ရင်ဟိုက "စီးတီးက ကျွန်တော့်အတွက် အရေးမကြီးပါဘူး၊ ဘယ်အရာက အရေးပါသလဲဆိုရင် ကျွန်တော်တို့ ပထမနေရာက ဆင်းပေးရပြီးကတည်းက ဒုတိယနေရာမှာ တစ်ရာသီလုံး ရပ်တည်ဖို့က ပိုပြီးအရေးကြီးပါတယ်။ ခင်ဗျားတို့အနေနဲ့ ကျွန်တော်တို့ကို ဘယ်လိုပဲ ဝေဖန်မှုတွေ လုပ်စေဦးတော့ ကျွန်တော်တို့က ဒုတိယနေရာနဲ့ ထိုက်တန်ပါတယ်။ ခင်ဗျားတို့က ပြောမယ်တတိယ၊ စတုတ္ထနေရာမှာ ရှိနေတဲ့ အသင်းတွေက ကျွန်တော်တို့ထက် ကစားပုံပိုကောင်းတယ်၊ ဒါပေမဲ့ ကျွန်တော်တို့က သူတို့ထက် ရမှတ်ပိုရအောင် ကစားထားနိုင်တယ်လေဗျာ" ဟု တုံ့ပြန်ခဲ့သည်။

ပရီမီယာလိဂ်ပွဲစဉ်( ၃၁) ယှဉ်ပြိုင်အပြီး မန်စီးတီးအသင်းမှာ အမှတ်ပေးဇယား ဒုတိယနေရာတွင် ရပ်တည်နေသည့် မန်ယူအသင်းကို ရမှတ် ၁၆ မှတ်အထိဖြတ်ပြီး ဦးဆောင်ထားနိုင်ရာ လာမည့်ရက်သတ္တပတ် မန်ချက်စတာဒါဘီတွင် မန်စီးတီးသာ အနိုင်ရရှိခဲ့ပါက ပရီမီယာလိဂ်ဖလားကို ကိုင်မြှောက်ခွင့်ရရှိတော့မည်ဖြစ်သည်။




ဘောလုံးသုံးသပ်သူ အများစုက မန်ယူနှင့် ယှဉ်ပြိုင်သည့် ပွဲအပြီး မန်စီးတီးအသင်း ပရီမီယာလိဂ်ချန်ပီယံအဖြစ် အောင်ပွဲခံသွားမည်ကို မန်ယူနည်းပြ မော်ရင်ဟိုအနေဖြင့် အစွမ်းရှိသလောက် ကာကွယ်ရန် ကြိုးပမ်းသွားဖွယ်ရှိကြောင်း ယူဆနေကြချိန်တွင် မော်ရင်ဟိုက အထက်ပါအတိုင်း တုံ့ပြန်လိုက်ခြင်းဖြစ်သည်။

မန်စီးတီးက အဆိုပါပွဲမတိုင်မီ ပရီမီယာလိဂ်ပြိုင်ဘက် လီဗာပူးအသင်းနှင့် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ရမည်ဖြစ်ရာ မန်ယူထက် ပွဲပန်းနိုင်ဖွယ်ရှိနေသည်။ အများစုက မန်ယူအသင်းကို ဝေဖန်နေသော်လည်း မန်ယူမှာ ပြီးခဲ့သည့် ဘောလုံးရာသီကထက် ရမှတ်ကိုးမှတ်ပိုရအောင် ကစားထားနိုင်ပြီး သွင်းဂိုးနှုန်းတက်လာသလို ပေးဂိုးလည်း လျော့နည်းသွားကြောင်းကို မေ့လျော့နေကြကြောင်း မော်ရင်ဟိုက ထောက်ပြခဲ့သည်။

## ချယ်လ်ဆီးမှ ထွက်ခွာရေးကို ကွန်တီ မစောင့်နိုင်တော့

နည်းပြ ကွန်တီအနေဖြင့် လာမည့်ရာသီ ပီအက်စ်ဂျီ(သို့မဟုတ်) အီတလီလက်ရွေးစင်အသင်းကို ကိုင်တွယ်မည်ဖြစ်ပြီး ချယ်လ်ဆီးမှ ထွက်ခွာရေးကို မစောင့်နိုင်လောက်အောင်ပင်ဖြစ်နေပြီဟု ယခင်ချယ်လ်ဆီးနည်းပြဟောင်းလည်းဖြစ် အီတလီကစားဖော်လည်းဖြစ်သူ ဗယ်လ်ရီ၏ ပြောကြားချက်ကို ကိုးကားပြီး The Sun သတင်းဌာနကဖော်ပြသည်။

ကွန်တီမှာ ချယ်လ်ဆီးဘုတ်အဖွဲ့ဝင်များနှင့် လာမည့်ရာသီ ကစားသမားအဝင်အထွက်ကိစ္စရပ်အတွက် ဘတ်ဂျက်သုံးစွဲမှု ညှိနှိုင်းအပြီးတွင် ချယ်လ်ဆီးမှထွက်ခွာရေး ယတိပြတ်ဆုံးဖြတ်ခဲ့ပြီး ထွက်ခွာရန် မစောင့်နိုင်အောင်ပင် ဖြစ်နေကြောင်း သိရသည်။

ဗယ်လ်ရီက ကွန်တီအနေဖြင့် ချယ်လ်ဆီးအသင်းဘုတ်အဖွဲ့ဝင်များ၏ ကစားသမားရောင်းချမှု၊ ခေါ်ယူမှုတွင် သူ့ကို ညှိနှိုင်းတိုင်ပင်ခြင်းမရှိဘဲ လုပ်ဆောင်နေခြင်းက ချယ်လ်ဆီးမှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်း၏ အဓိကအကြောင်းတရား ဖြစ်ခဲ့ကြောင်း ဖွင့်ဟသွားခဲ့သည်။ ချယ်လ်ဆီးမှာ ယခုရက်သတ္တပတ်အတွင်း ယှဉ်ပြိုင်ခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် စပါးကို အိမ်ကွင်းမှာပင် အရေးနိမ့်ခဲ့ခြင်းကြောင့် လာမည့်ရာသီ ချန်ပီယံလိဂ်ဝင်ခွင့် ဆုံးရှုံးရန် သေချာသလောက်ရှိနေပြီဖြစ်သော်လည်း ကွန်တီက အဆိုပါ ရလဒ်ကြောင့် သူ၏ ချယ်လ်ဆီးနည်းပြရာထူးနေရာ ဆုံးရှုံးမည်ကို စိုးရိမ်မှုမရှိကြောင်း ပွဲအပြီးတွင် ပြောကြားသွားခဲ့သည်။

**မေလှဲ့သင်း - ရေးသားသည်**

# လီဗာပူးတိုက်စစ်အတွဲက ရပ်တန့်လို့မရဘူးလို့ မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာ ပြောကြား

လီဗာပူးအသင်းတိုက်စစ်အတွဲဟာ ရပ်တန့်လို့မရတဲ့ တိုက်စစ်အတွဲဖြစ်တယ်လို့ မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာက ပြောလိုက်ပါတယ်။

မန်စီးတီးအသင်းနဲ့ လီဗာပူးအသင်းတို့ဟာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပွဲစဉ်အဖြစ် လာမယ့်ဗုဒ္ဓဟူးနေ့မှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်သည်။

လီဗာပူးတိုက်စစ်မှူး မိုဟာမက်ဆာလတ်ဟာ အခုနှစ်ဘောလုံးရာသီမှာ ၃၇ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးဖြစ်ပြီး တိုက်စစ်မှူး ဖာမီနိုနဲ့ ဆာဒီယိုမာနေးတို့ကလည်း နှစ်ယောက်ပေါင်းသွင်းဂိုး ၃၈ ဂိုးအထိ သွင်းယူထားနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာက လီဗာပူးအသင်းရဲ့ တိုက်စစ်ပိုင်းမှာ ခြေစွမ်းပြနေတဲ့ မိုဟာမက်ဆာလတ်၊ ဖာမီနိုနဲ့ ဆာဒီယိုမာနေးတို့ကို ရပ်တန့်ဖို့ခက်ခဲတဲ့ တိုက်စစ်အတွဲအဖြစ် တင်စားလိုက်တာဖြစ်ပါတယ်။



လီဗာပူးအသင်းဟာ အခုနှစ်ဘောလုံးရာသီ ပရီမီယာလိဂ်ပြိုင်ပွဲမှာ မန်စီးတီးအသင်းလို အမှတ်ပေးဇယားထိပ်ဆုံးကရပ်တည်နေတဲ့အသင်းကိုတောင် အိမ်ကွင်းအန်ဖီးလ်မှာ လေးဂိုး-သုံးဂိုးဆိုတဲ့ရလဒ်နဲ့ အနိုင်ရရှိထားခဲ့တာကြောင့် လီဗာပူးအသင်းရဲ့ တိုက်စစ်ပိုင်းဟာ ရပ်တန့်ဖို့ခက်တယ်လို့ ဆိုခဲ့တာပါ။

မိုဟာမက်ဆာလတ်၊ ဖာမီနိုနဲ့ မာနေးတို့ဟာ မန်စီးတီးအသင်းနဲ့ ကစားခဲ့ရတဲ့ ပွဲစဉ်မှာ ကိုးမိနစ်အတွင်း သုံးဂိုးသွင်းယူပေးနိုင်ခဲ့တဲ့မှတ်တမ်းလည်းရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ လီဗာပူးအသင်းကို ထိန်းချုပ်ပြီး မကစားနိုင်ခဲ့ပါဘူး။ အဲဒါဟာ လီဗာပူးအသင်းရဲ့ အိမ်ကွင်းအနေအထားကြောင့်လည်းတစ်ခု ပါဝင်ပတ်သက်နေပါတယ်လို့ မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာက ပြောကြားခဲ့ပါတယ်။

မန်စီးတီးအသင်းဟာဆိုရင် အဲဗာတန်အသင်းကို ဆာနေး၊ ဂျီးဆပ်၊ စတာလင်တို့ရဲ့ သွင်းဂိုးတွေနဲ့အတူ သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၃၁)အပြီးမှာ လက်ကျန်ပွဲစဉ်တွေထဲက တစ်ပွဲအနိုင်ရရင် ပရီမီယာလိဂ်ဖလားကို ရယူဆွတ်ခူးနိုင်တော့မှာပါ။

လက်ရှိမှာ မန်စီးတီးအသင်းဟာ ပရီမီယာလိဂ်ဖလားကို ရယူနိုင်ဖို့ သေချာသွားပြီဖြစ်တာမို့ ချန်ပီယံလိဂ်ပြိုင်ပွဲကသာ အဓိကအရေးပါတဲ့ပွဲစဉ်ဖြစ်တယ်လို့ နည်းပြ ဂွါဒီယိုလာက ဆက်လက်ပြောကြားခဲ့ပါတယ်။

**ငွေကြယ် - ရေးသားသည်**

## ဘောလုံးလောက သတင်းတိုများ

- အဲဗာတန်အသင်း၊ ဝက်စ်ဟမ်းအသင်းနှင့် ဆွမ်ဆီးအသင်းတို့သည် ပေါ်တိုအသင်းမှ မာလီတိုက်စစ်မှူး မာရီဂါအား ခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။
- ဘာစီလိုနာအသင်းမှ ပြင်သစ်နောက်တန်းကစားသမား အမ်တီတီသည် မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။
- မန်စီးတီးအသင်းသည် ဖီနာဘာချီအသင်းမှ မက်ဆီဒိုနီးယားကွင်းလယ်ကစားသမား အယ်လ်မက်စ်အား ခေါ်ယူရန် ဒေါ့မွန်အသင်း၊ ဖီယင်နာအသင်း၊ ပီအက်စ်ဗွီအသင်းတို့နှင့် အပြိုင်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။
- ခရစ္စတယ်ပဲလေ့စ်အသင်းဂိုးသမား ဟန်နက်ဆီသည် နွေရာသီဈေးကွက်ကာလတွင် လက်ရှိစာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သောကြောင့် စာချုပ်သစ်ချုပ်ကာ အသင်းတွင် ဆက်နေရန်ဆန္ဒရှိနေကြောင်း သိရသည်။
- ဆန်းဒါးလန်းအသင်းသည် ရီးဒင်းဂိုးသမား ဂျိုနက်သန်ဘွန်းအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး အဆိုပါဂိုးသမားသည် ယခုနှစ်ဘောလုံးရာသီကုန်တွင် ရီးဒင်းအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ကြောင်း သိရသည်။

# ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

| စဉ် | ဝန်ဆောင်မှုအမျိုးအစားများ |
|---|---|
| ၂၆ | နိုင်ငံတော်၏လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်က အခွန်ကင်းလွတ်ခွင့်ပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၇ | နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသား လွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီရုံး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ လူမှုဖူလုံရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဦးစီးဌာနစသည့် အဖွဲ့အစည်းအချင်းချင်းဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ (နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ပေးစေခြင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း များက ဝန်ဆောင်မှုရယူခြင်းမပါ)။ |
| ၂၈ | အောင်ဘာလေသိန်းထီလုပ်ငန်း။ |
| ၂၉ | စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၃၀ | စာအုပ်စာပေ၊ မဂ္ဂဇင်း၊ စာစောင်၊ သတင်းစာထုတ်ဝေရေး ဝန်ဆောင်မှုလုပ်ငန်းများ။ |

(င) ပုဒ်မခွဲ (ဃ) ပါ ဝန်ဆောင်မှုလုပ်ငန်းများမှတစ်ပါး ပြည်တွင်း၌ ဆောင်ရွက်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ်တွင် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(စ) နိုင်ငံတော်အတွင်း ဆောက်လုပ်ပြီးရောင်းချသည့် အဆောက်အအုံ ဆောက်လုပ်ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ အဆောက်အအုံ ဆောက်လုပ်ရောင်းချသူသည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများပါ တာဝန်ကိုလိုက်နာရမည်ဖြစ်ပြီး အခွင့်အရေးများ အားလုံးကိုလည်း ခံစားခွင့်ရှိစေရမည်။

(ဆ) ရွှေထည်လက်ဝတ်ရတနာများရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် တစ်ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

၁၅။ (က) ပြည်တွင်းပြည်ပအဖွဲ့အစည်းများက လှူဒါန်းငွေ၊ ထောက်ပံ့ငွေ၊ ချေးငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ကုန်သွယ်လုပ်ငန်းခွန်ကိစ္စအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။

(ခ) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် အောက်ဖော်ပြပါ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထက်မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ခြင်းမပြုရ-

(၁) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၂) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၃) ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၄) အကောက်ခွန်လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များနှင့်အညီ အလျင်အမြန်ပေးပို့ထုတ်ယူလိုသည့် ကုန်စည်များအပေါ် အခွန်အခများ ကင်းလွတ်ခွင့်ပြုနိုင်သည့်အကောက်ခွန်ဦးစီးဌာန၏ အနိမ့်ဆုံးတန်ဖိုးသတ်မှတ်ချက် (Deminimis Value Threshold)။

၁၆။ မည်သူမဆို ဤဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်တစ်မျိုးမျိုးကို ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ခြင်းတို့မှ နိုင်ငံခြားငွေရရှိလျှင် အဆိုပါနိုင်ငံခြားငွေဖြင့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကို ဤဥပဒေပါ သက်ဆိုင်ရာအခွန်နှုန်းများအတိုင်း တွက်ချက်၍ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများနှင့်အညီ ကျပ်ငွေဖြင့် ပေးဆောင်ရမည်။

၁၇။ (က) ပြည်ပသို့ တင်ပို့ရောင်းချသည့် လျှပ်စစ်ဓာတ်အားအပေါ် ရှစ်ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံစိမ်းများအပေါ် ငါးရာခိုင်နှုန်းဖြင့်လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ကုန်စည်များမှအပ ကျန်ကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ်တွင် သုညရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။ ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကိုဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ ခုနှိမ်နိုင်သည်။ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများတွင် မည်သို့ဆိုစေကာမူ ပြည်ပပို့ကုန်များနှင့် စပ်လျဉ်း၍ ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်သည် ကုန်စည်ကိုဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန် အောက်လျော့နည်းနေပါက ပြန်အမ်းငွေတောင်းခံနိုင်သည်။ သို့ရာတွင် ကိုယ်တိုင်သုံးစွဲရန်အလို့ငှာ ပြည်တွင်း၌ ဝယ်ယူပြီး ပြည်ပသို့ ယူဆောင်သွားသည့် ကုန်စည်များနှင့် မသက်ဆိုင်စေရ။

(ဂ) ဤပုဒ်မပါပြဋ္ဌာန်းချက်များသည် မစည်းကြပ်ထိုက်သည့်ရောင်းရငွေ၊ ဝန်ဆောင်မှုရငွေ ပမာဏသတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၁၈။ ဤဥပဒေ၏အခန်း (၆) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဤဥပဒေ၏ ပုဒ်မ ၁၊ ပုဒ်မခွဲ (ဂ) ပါ စကားရပ်များမှအပ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

**အခန်း (၇)**

**ဝင်ငွေခွန်**

၁၉။ (က) လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေ ကျပ် ၄၈ သိန်း အထိ ရရှိသူဖြစ်လျှင် မည်သူ့ကိုမျှ ဝင်ငွေခွန်စည်းကြပ်ခြင်းမပြုရ။ ထိုသို့စည်းကြပ်ခြင်းမပြုသဖြင့် ကင်းလွတ်ခွင့်ရသည့် လစာဝင်ငွေဆိုင်ရာ သက်သေခံအထောက်အထားကို တောင်းခံလာပါက သတ်မှတ်ချက်များနှင့်အညီ ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပေးရမည်။

(ခ) သို့ရာတွင် လစာမှနှစ်တစ်နှစ်အတွင်း ဝင်ငွေ ကျပ် ၄၈ သိန်း အထက်ရရှိသူဖြစ်လျှင် ရရှိသည့် လစာဝင်ငွေစုစုပေါင်းအပေါ်တွင် ဝင်ငွေခွန်ထမ်းဆောင်ရမည်။

(ဂ) လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေ ကျပ် ၄၈ သိန်းအထက် ရရှိသူဖြစ်လျှင် သို့မဟုတ် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့် အခြားရလမ်းများမှ ဝင်ငွေဖြစ်လျှင် မည်သူ့ကိုမဆို စုစုပေါင်းဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ ခုနှိမ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေအလွှာအလိုက် စည်းကြပ်ရမည့် ဝင်ငွေခွန်နှုန်းထားများကို အောက်ပါအတိုင်းသတ်မှတ်သည်-

| အမှတ်စဉ် | ဝင်ငွေခွန်စည်းကြပ်ရန်ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| ၁ | ၁ | ၂,၀၀၀,၀၀၀ | ၀ ရာခိုင်နှုန်း |
| ၂ | ၂,၀၀၀,၀၀၁ | ၅,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၅,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၄ | ၁၀,၀၀၀,၀၀၁ | ၂၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၅ | ၂၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| ၆ | ၃၀,၀၀၀,၀၀၁ နှင့် အထက် | | ၂၅ ရာခိုင်နှုန်း |

(ဃ) ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ မည်သူမဆို မြေငှားရမ်းခြင်း၊ အဆောက်အအုံ ငှားရမ်းခြင်းနှင့်အခန်းငှားရမ်းခြင်းတို့မှရရှိသော စုစုပေါင်းငှားရမ်းခရငွေ အပေါ် ပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် သီးခြားစည်းကြပ်ရမည်။ အခြားဝင်ငွေများနှင့် ပူးပေါင်း၍ ထပ်မံစည်းကြပ်ခြင်း မပြုရ။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့်ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်းများ၊ ကုမ္ပဏီများ၊ သမဝါယမအသင်းများဖြစ်ပါက အခွန်ထမ်းအမျိုးအစားအလိုက် သီးခြားသတ်မှတ်ပေးထားသော ဝင်ငွေခွန်နှုန်းများအတိုင်း ထမ်းဆောင်ရမည်။

(င) အစုစပ်လုပ်ငန်းများဖြစ်ပါက ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့် နုတ်ပယ်ပြီးနောက် ပုဒ်မခွဲ (ဂ) ဇယားပါ ဝင်ငွေခွန်နှုန်းထားများအတိုင်း ထမ်းဆောင်ရမည်။

(စ) ဤပုဒ်မပါ ဝင်ငွေခွန်နှုန်းများသည် ဝင်ငွေရရှိသူတစ်ဦးဦး သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ သီးခြားဝင်ငွေခွန်နှုန်းသတ်မှတ်ထားသည့် အခွန်ထမ်းများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့အရ အခြေခံသက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစားတစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့်ညီမျှသောငွေဖြစ်ရမည်။ သို့ရာတွင် နှစ်တစ်နှစ်အတွက် အခြေခံသက်သာခွင့် ခွင့်ပြုငွေစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုစေရ။

၂၁။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့အရ အောက်ပါသက်သာခွင့် ခွင့်ပြုငွေကို ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) ပါ တစ်ဦးချင်းပုဂ္ဂိုလ်၏ စုစုပေါင်းဝင်ငွေမှ နုတ်ပယ်၍ ကျန်ငွေအပေါ်တွင်ဝင်ငွေခွန်စည်းကြပ်ရမည်-

(က) အတူနေမိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ၊

(ခ) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၁၀ သိန်း၊

(ဂ) သားသမီးတစ်ဦးလျှင် ကျပ် ၅ သိန်းစီ။

၂၂။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များမနုတ်မီ ပြည်ပနေနိုင်ငံသား၏ ကင်းလွတ်ခွင့်ရရှိသည့် ဝင်ငွေခေါင်းစဉ်မှတစ်ပါး နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းဝင်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၃။ (က) အောက်ဖော်ပြပါ အခွန်ထမ်းအမျိုးအစားများနှင့်ပတ်သက်၍ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များ မနုတ်ပယ်မီ စုစုပေါင်း အသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်-

(၁) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီ အက်ဥပဒေအရဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီ၊

(၂) ပြည်ပနေနိုင်ငံခြားသား၏လစာခေါင်းစဉ်မှတစ်ပါး အခြားဝင်ငွေ၊

(၃) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်း၊

(၄) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ။

(ခ) အခြေခံသမဝါယမအသင်းမှအပဖြစ်သော သမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၄။ ပြည်ပနေနိုင်ငံခြားသားဖြစ်လျှင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုရ။ ယင်း၏စုစုပေါင်းဝင်ငွေအပေါ် လစာခေါင်းစဉ်မှဝင်ငွေဖြစ်ပါက ဤဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) ပါ အခွန်နှုန်းများအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၅။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များမနုတ်မီ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ သို့ရာတွင် နိုင်ငံသားမည်သူမဆို အခြေပစ္စည်းတစ်ရပ်ရပ်ကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းနှင့်လုပ်ငန်းအသစ်တည်ထောင်ခြင်း၊ လုပ်ငန်းထပ်မံတိုးချဲ့ဆောင်ရွက်ခြင်းတို့အတွက် အသုံးပြုသည့် ဝင်ငွေမှ ဝင်ငွေရလမ်းတင်ပြနိုင်သည့် ဝင်ငွေရှိပါက ယင်းဝင်ငွေအား နုတ်ပယ်ပြီး ကျန်စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ်တွင်လည်းကောင်း၊ ဝင်ငွေရလမ်းတင်ပြနိုင်ခြင်းမရှိပါက အသုံးပြုသည့် ဝင်ငွေအပေါ်တွင်လည်းကောင်း အောက်ဖော်ပြပါ အခွန်နှုန်းထားအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။ အသုံးပြုသည့်ဝင်ငွေအားလုံးအပေါ် ဝင်ငွေရလမ်းအတိအကျ တင်ပြနိုင်ပါက ဝင်ငွေခွန်ထမ်းဆောင်ရန်မလိုပါ။ ဤပုဒ်မအရ အခွန်စည်းကြပ်ခြင်းသည် တရားမဝင်ရရှိသည့် ပစ္စည်းများပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့်လည်းကောင်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူသည့် ကိစ္စရပ်များနှင့်လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရ-

| စဉ် | ဝင်ငွေ(ကျပ်) | ဝင်ငွေခွန်နှုန်း |
|---|---|---|
| (က) | ၁- ၃၀,၀၀၀,၀၀၀ | ၁၅% |
| (ခ) | ၃၀,၀၀၀,၀၀၁-၁၀၀,၀၀၀,၀၀၀ | ၂၀% |
| (ဂ) | ၁၀၀,၀၀၀,၀၀၁နှင့်အထက် | ၃၀% |

၂၆။ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ဤဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) ပါ ဝင်ငွေခွန်နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၇။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမှ မြတ်စွန်းငွေရရှိလျှင် ထိုသို့မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များမနုတ်မီ-

(က) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်ပါက အောက်တွင် မြတ်စွန်းငွေနှင့်ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းများအတိုင်း ရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်-

| မြတ်စွန်းငွေ | ပေးဆောင်ရမည့်ဝင်ငွေခွန်နှုန်း |
|---|---|
| (၁) ညီမျှကျပ် သန်းပေါင်း (၁၀၀,၀၀၀)အထိ | ၄၀ % |
| (၂) ညီမျှကျပ် သန်းပေါင်း (၁၀၀,၀၀၁) မှ (၁၅၀,၀၀၀) အထိ | ၄၅ % |
| (၃) ညီမျှကျပ် သန်းပေါင်း(၁၅၀,၀၀၁) နှင့်အထက် | ၅၀ % |

(ခ) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သော ကုမ္ပဏီမှအပဖြစ်သည့် ပုဂ္ဂိုလ်စုများ သို့မဟုတ် တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ကျသင့်အခွန်ကိုရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။

၂၈။ နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း ပြုလုပ်သည့် အခြေပစ္စည်း၏တန်ဖိုးစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုလျှင် အခြေပစ္စည်းမှမြတ်စွန်းငွေပေါ်ပေါက်စေကာမူ ဝင်ငွေခွန် စည်းကြပ်ခြင်း မပြုရ။

**ဆက်လက်ဖော်ပြပါမည်။**



# Miss Tourism Mandalay 2018 ရွေးချယ်ပွဲကျင်းပ

**ချမ်းအေးသာစံ မေ ၂**
Miss Tourism Mandalay 2018ရွေးချယ်ပွဲ အခမ်းအနားကို မေ ၁ ရက် ည ၇ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်း၊ ၆၆ လမ်းနှင့် ၆၇ လမ်းကြားရှိ Mandalay Swan Hotel ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် Miss Tourism Mandalay 2018 ပြိုင်ပွဲကျင်းပရေး City Director ဒေါ်လွဲ့ရည်မွန်ကျော်အောင်က ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မြို့နယ်များမှ ဝင်ရောက်ယှဉ်ပြိုင်ကြသော အလှမယ်များက တစ်ဦးချင်း၊ အဖွဲ့လိုက် ကိုယ်ဟန်အလှပြကြပြီး အကဲဖြတ်ဒိုင်များက ဝတ်စားဆင်ယင်မှု၊ ကိုယ်ဟန်အနေအထား၊ ဉာဏ်စမ်းမေးခွန်းများ မေးကာ Miss Tourism Mandalay, Miss Tourism Queen of the Year Mandalay, Miss Tourism Metropolitan Mandalay သရဖူတို့ကို ချီးမြှင့်ရွေးချယ်ကြသည်။

Miss Tourism Myanmar2018 ပြိုင်ပွဲများကို ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက်ရွေးချယ်ကာ အနိုင်ရရှိသူများကို Miss Tourism Myanmar ပြိုင်ပွဲတွင် ထပ်မံရွေးချယ်ပြီး အနိုင်ရရှိသူများကို နိုင်ငံတကာ ပြိုင်ပွဲများသို့ စေလွှတ်သွားမည်ဖြစ်သည်။ မလေးရှားနိုင်ငံမှ Miss Tourism International အဖွဲ့အစည်းနှင့် သဘောတူညီမှုရရှိထားကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

# ဝန်ထမ်းသစ်များအခြေခံရုံးလုပ်ငန်းခွင် သင်တန်းဆင်းပွဲ ကျိုင်းတုံတွင် ကျင်းပ

**ကျိုင်းတုံ မေ ၂**
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဆိုင်ရာ ဒုတိယပြည်နယ်ဦးစီးမှူးရုံး ရှမ်းပြည်နယ် (အရှေ့ပိုင်း)ကျိုင်းတုံမြို့က ကြီးမှူးဖွင့်လှစ်သည့် ဝန်ထမ်းသစ်များ အခြေခံရုံးလုပ်ငန်းခွင် သင်တန်းဆင်းပွဲကို မတ် ၃၀ ရက် ညနေပိုင်းက မြို့တော်ခန်းမ၌ ကျင်းပသည်။

တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေးက သင်တန်းဆင်း အမှာစကားပြောကြားပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်ဒုတိယဦးစီးမှူး ဦးရဲရင့်ထွန်းက ဝန်ထမ်းများ တတ်မြောက်ရမည့် ဥပဒေ၊ အက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ရုံးစာရေးသားနည်း၊ ဟိုတယ်၊ မိုတယ်၊ ဂိတ်ကင်းစခန်း စစ်ဆေးခြင်းများကို လက်တွေ့သရုပ်ပြ လေ့ကျင့်မှုများအပြင် ခေါင်းဆောင်မှုစွမ်းရည် အကဲဖြတ်ခြင်း၊ စည်းကမ်းပိုင်း၊ စိတ်ဓာတ်ပိုင်းနှင့် အပြောအဆို အပြုအမူစသည့် ကျင့်ဝတ်ပိုင်းဆိုင်ရာများကို ပြည့်စုံအောင် လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း၊ သင်တန်းမှရရှိသည့် အသိပညာများ၊ နည်းစနစ်များကို တာဝန်ကျသည့်ဒေသရုံးတွင် ဝန်ထမ်းကောင်းများဖြစ်အောင် လက်တွေ့ပြုမူကျင့်ကြံနေထိုင်ဆောင်ရွက်ရန်နှင့် လုပ်ငန်းနှင့်ပတ်သက်သည်များကို စဉ်ဆက်မပြတ်လေ့လာဆည်းပူးပြီး ကြိုးစားထမ်းဆောင်သွားရန် သင်တန်းသားများအားရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းတွင် သင်တန်းသားစံပြဆု၊ စာပေထူးချွန် ပထမဆု၊ စာပေထူးချွန် ဒုတိယဆု၊ စစ်ရေးပြအကောင်းဆုံးဆုများကို ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲနိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းသိန်းနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

အဆိုပါ သင်တန်းအား မတ် ၁၅ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်ရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ ခရိုင်နှင့်မြို့နယ်ဦးစီးမှူးရုံးများတွင် ရွေးချယ်ခန့်အပ်ခဲ့သည့် ဝန်ထမ်းသစ် ၄၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

## ပညာရေးဆိုင်ရာစကားဝိုင်းဆွေးနွေးကျင်းပ

**စစ်ကိုင်း မေ ၂**
နည်းပညာတက္ကသိုလ်(စစ်ကိုင်း)တွင် ပညာနှင့်စိန်ခေါ်မှုများ ခေါင်းစဉ်ဖြင့် ပညာရေးဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲကို မတ် ၃၁ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

စကားဝိုင်းဆွေးနွေးပွဲတွင် နည်းပညာတက္ကသိုလ်(စစ်ကိုင်း)ပါမောက္ခချုပ် ဒေါက်တာအောင်ဆန်းလင်းက "ပညာရေးဆိုင်ရာစိန်ခေါ်မှုများအတွက် ရှေးရိုး စဉ်လာအတိုင်းမဟုတ်ဘဲ ပြုပြင်ပြောင်းလဲသွားကြဖို့ ပညာနှင့်စိန်ခေါ်မှုများခေါင်းစဉ်ဖြင့် ပညာရှင်အသီးသီးရဲ့ဆွေးနွေးပွဲမှ ရရှိလာတဲ့ အကျိုးသက်ရောက်မှုတွေကို ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့ရဲ့အတွေးအခေါ် အယူအဆတွေ၊ အမြင်တွေနဲ့ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြမှသာလျှင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာများ ပြုပြင်ပြောင်းလဲသွားမှာဖြစ်ကြောင်း" ပြောကြားခဲ့သည်။

ပညာရေးဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲကို စာရေးဆရာပညာရှင်များဖြစ်ကြသော စာရေးဆရာ ရဲသျှမ်း၊ စာရေးဆရာ ဇော်နောင်ဟိန်းနှင့် စာရေးဆရာ အမောင်(ပုဂံ)တို့က ပညာရေးနှင့်ပတ်သက်သည့် အကြောင်းအရာများ ပြုပြင်ပြောင်းလဲရေး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ သင်ကြားရေး၊ သင်ယူရေးအခြေအနေများ၊ ပညာဆိုသည့် အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်များ ၊ပညာကသာလျှင် ရှေ့မှဦးဆောင်နိုင်စွမ်းရှိသည့် အခြေအနေများ၊ ယနေ့ကျောင်းသားလူငယ်များသည် ဆရာ၊ ဆရာမများ၏ လက်ထဲမှာရှိနေသည့်အနေအထားများ၊ဆရာများ၏ သင်ကြားရေးသည် အလွန်အရေးပါအရာရောက်ကြောင်းများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါစကားဝိုင်းသို့ နည်းပညာတက္ကသိုလ်(စစ်ကိုင်း)ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ ဖိတ်ကြားထားသူများ တက်ရောက်ကြကာ ပညာရေးနှင့်ပတ်သက်သည့် အခြေအနေ၊ အကြောင်းအရာများကို မေးမြန်းကြရာ စာရေးဆရာများက သူ့အမြင်၊ ကိုယ့်အမြင်များဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ဇော်မြင့်နိုင်(ခရိုင်ပြန်/ဆက်)**

# မကွေးလမ်းလျှောက်သကြၤန်ကိုရိုးရာအမွေအနှစ် ဖော်ဆောင်မှုများဖြင့်ကျင်းပမည်

**မကွေး မေ ၂**
မြန်မာ့နှစ်ကူးသကြၤန်တွင် တိုင်းဒေသကြီးအစိုးရနှင့် အကျိုးဆောင်ပြည်သူများပူးပေါင်း၍ ရိုးရာအမွေအနှစ်ဖော်ဆောင်မှုများ ပါဝင်သည့် လမ်းလျှောက်သကြၤန်ကို မကွေးမြို့ ကမ်းနားလမ်း၌ ကျင်းပနိုင်ရန် အစီအစဉ်များ ရေးဆွဲထားပြီး အောင်မြင်စွာကျင်းပနိုင်တော့မည်ဟု မကွေးလမ်းလျှောက်သကြၤန် ကျင်းပရေးဆပ်ကော်မတီမှ သိရသည်။

မကွေးမြို့ကမ်းနားလမ်းတွင်ကျင်းပမည့် လမ်းလျှောက်သကြၤန်ပွဲတော်အတွက် ရန်ပုံငွေကျပ်သိန်း ၅၀၀ အထက် အသုံးပြုသွားမည်ဖြစ်ကြောင်း စည်ပင်သာယာရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးဖိုးနီက ပြောကြားသည်။

လမ်းလျှောက်သကြၤန်နဲ့ ပွဲတော်အား ကမ်းနားလမ်းရှိ ကျောက်သားဥယျာဉ်မှ စတင်ကာ မြရောပန်းခြံထိ မုခ်ဦးနှစ်ခုပြုလုပ်သွားမည်ဖြစ်ပြီး ပွဲတော်အတွင်းတွင် ဖျော်ဖြေရေးမဏ္ဍပ်ကြီးနှစ်ခု စတုဒိသာမဏ္ဍပ် ၁၅ ခုနှင့်အတူ ရေကစားမဏ္ဍပ် ၄၀ ကျော်ပါဝင်မည်ဖြစ်သည်ဟု လမ်းလျှောက်သကြၤန်ကျင်းပရေးကော်မတီ အဖွဲ့ဝင်များထံမှ သိရသည်။

"မြန်မာ့ရိုးရာနဲ့အညီ စည်စည်ကားကား ပြုလုပ်သွားပါမယ်၊ မြန်မာ့ရိုးရာ သနပ်ခါး၊ အမွှေးနံ့သာတွေကို ငွေဖလားထဲထည့်ပြီး အောင်သပြေပန်းတွေနဲ့ ရေကစားမယ့်အစီအစဉ်တွေပါတယ်၊ တစ်နိုင်ငံလုံး စည်းစည်းလုံးလုံးနဲ့ စိတ်ချမ်းသာဖို့အတွက် မုန့်လုံးရေပေါ်နဲ့ အပိတ်နေ့မှာ မုန့်ချမ်းသာကျွေးသွားပါမယ်" ဟု မကွေးမြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌဦးဖိုးနီက ပြောသည်။

၎င်းလမ်းလျှောက်သကြၤန် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မကွေးမြို့ပေါ်ရှိ စီးပွားရေးလုပ်ငန်းရှင်များက ကျပ်သိန်း ၅၀၀ ကျော် လှူဒါန်းခဲ့ပြီး မြို့ပေါ်ရှိပရဟိတအဖွဲ့ခုနစ်ခုမှလည်း ကူညီထောက်ပံ့မှုများပြုလုပ်သွားမည်ဖြစ်သည်ဟု သကြၤန်ကျင်းပရေးကော်မတီအဖွဲ့ဝင်တစ်ဦးထံမှ သိရသည်။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ရန်ပုံငွေကျပ်သိန်း ၅၀ နှင့် မကွေးမြို့ပေါ်ရှိ အလှူရှင်များက ကျပ်သိန်း ၅၀၀ ကျော်ကူညီခဲ့ပြီး ပိုလျှံလာသည့်ငွေများအား သက်ကြီးရွယ်အိုများကို ကန်တော့မည်ဖြစ်ပြီး ယိမ်းအကအဖွဲ့များအားလည်း ထိုက်ထိုက်တန်တန်ဆုများ ပေးအပ်သွားမည်ဖြစ်သည်ဟု သိရသည်။

"မုခ်ဦးကနေဝင်ဝင်ချင်းမှာ ငွေဖလားနဲ့ ပိတောက်ခက်လေးတွေနဲ့ ကုန်းဘောင်ခေတ်ပုံစံရေကစားမယ့်မဏ္ဍပ်ရှိမယ်၊ မုခ်ဦးကနေစပြီး Auto ရေပက်ဖျန်းပေးတဲ့စနစ်နဲ့ စဖွင့်မယ်၊ ဒုတိယမဏ္ဍပ်ကတော့ ကျေးလက်သကြၤန်ပုံစံပေါ့၊ ရေပုတ်ကြီးကျေးရွာက ဆံရစ်ဝိုင်းကလေးတွေ အယောက် ၂၀ က မြန်မာ့ကျေးလက်ပုံစံ အင်္ကျီဆင်တူလေးတွေနဲ့ ရေကစားမယ်၊ သနပ်ခါးကျောက်ပျဉ်လေးတွေချထားပြီး သနပ်ခါးလေးတွေလိမ်းပေးမယ့် သူတွေရှိမယ်၊ နောက်တစ်ခုက လှေဝမ်းထဲမှာ ရေဖြည့်ပြီး ငွေဖလားနဲ့ပက်မယ့် ရခိုင်တိုင်းရင်းသားပုံစံသကြၤန် မဏ္ဍပ်ရှိမယ်၊ ရေပက်မဏ္ဍပ်နှစ်ခုပြီး တိုင်းရိုးရာအစားအစာတွေနဲ့ဧည့်ခံမယ့် စတုဒိသာ မဏ္ဍပ်တစ်ခုရှိပါမယ်" ဟု ဆပ်ကော်မတီ၏ ဦးဆောင်အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးမိုးက ပြောကြားသည်။

လမ်းလျှောက်သကြၤန် လည်ပတ်သူများ၏ ယာဉ်များကို သင့်တင့်သော စောင့်ရှောက်မှုတစ်ခုဖြင့် ထိန်းသိမ်းပေးမည်ဖြစ်ပြီး သတ်မှတ်ဇရိယာအတွင်း အရက်၊ ဘီယာသောက်စားမှုများ မရှိစေရန်တားမြစ်သွားမည်ဖြစ်သည်။ ရေ၊ လျှပ်စစ်မီး၊ သန့်ရှင်းရေးနှင့် လုံခြုံရေးကိစ္စရပ်များကို ဌာနဆိုင်ရာများက တာဝန်ယူသွားမည်။ လမ်းလျှောက်သကြၤန်အပြင် ဗဟိုမဏ္ဍပ်ဖျော်ဖြေမှုများနှင့် မြို့ပတ်လည်တွင် မဏ္ဍပ်များဖြင့် စည်ကားရေးအတွက် အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့် အကျိုးဆောင်ပြည်သူများ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သကြၤန်ဖြစ်မြောက်ရေးကော်မတီမှ သိရသည်။

**ခွဲထက်ရှင်**

# ထန်းသားဖြင့်ပြုလုပ်သော ပရိဘောဂများအား နိုင်ငံတကာတင်ပို့နိုင်ရေး ဆောင်ရွက်နေ

**ပခုက္ကူ မေ ၂**
မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ စက်မှုဇုန်ရှိ ထန်းပရိဘောဂနှင့် သစ်အချောထည်စက်ရုံမှ ထန်းသားဖြင့် ပြုလုပ်သော အဆင့်မြင့်ပရိဘောဂပစ္စည်းများကို ပြည်တွင်းနှင့် နိုင်ငံတကာသို့ တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိန်စိုးစံ ထန်းပရိဘောဂနှင့် သစ်အချောထည်စက်ရုံမှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်နိုင်သန်းက "ပရိဘောဂလုပ်ဖို့ ကုန်ကြမ်းတွေကို ပခုက္ကူခရိုင်အတွင်း ကျေးရွာတွေမှာရှိတဲ့ သက်တမ်း နှစ်(၅၀) အထက် ထန်းရည်ထွက်ရှိမှု မရှိတော့တဲ့ လေလွင့် ပျက်စီးနေတဲ့ ထန်းပင်တွေကို ဝယ်ယူပြီး ကုန်ကြမ်းအဖြစ် အသုံးပြုပါတယ်၊ ဒေသခံ ထန်းတောင်သူတွေအနေနဲ့လည်း ထန်းရည် ထုတ်လုပ်မှုမရနိုင်တဲ့ အပင်တွေကို ပြန်လည်ရောင်းချရတဲ့အတွက်အကျိုးအမြတ်လည်းရရှိကြပါတယ်"ဟုပြောပြသည်။ ထန်းလုံးကုန်ကြမ်းများကို ခေတ်မီစက်ကြီးများဖြင့် စတင်ခွဲစိတ်ရပြီး ခွဲစိတ်ပြီးထန်းသားများကို high speeds(ကာဘိုက်)သုံးလွှကြီးများဖြင့် အဆင့်ဆင့်ထပ်မံခွဲစိတ်ကာ ရရှိလာသောအပိုင်းများကို အလိုအလျောက် အပူထိန်းညှိပေးသော ဘွိုင်လာကြီးများဖြင့် ပေါင်းခံကြောင်း သိရသည်။

"ဘွိုင်လာကြီးတွေနဲ့ ၁၆ ရက်ကြာအောင် ပေါင်းရတယ်၊ ထန်းသစ်ရဲ့အစိုဓာတ်တွေကို ခြောက်သွေ့အောင် အဆင့်ဆင့်ပြုလုပ်ရတယ်၊ ခေတ်မီစက်ကြီးတွေနဲ့ အကြမ်းထည်ထိုးတယ်၊ ပြီးရင် ပါကေးထိုးတယ်၊ ဂျပန်နိုင်ငံထုတ် နှစ်မျိုးစပ်ကော်တွေနဲ့ ကပ်တယ်၊ အဆင့်ဆင့်လှိုးဖြတ်ပြီး အသုံးပြုတယ်၊ဒီဇိုင်းတွေကို စက်ရုံမှာပဲ ဒီဇိုင်းဆွဲတယ်၊ ထန်းသားနဲ့ လုပ်တာဆိုတော့ မြန်မာ့ယဉ်ကျေးမှုနဲ့ ကိုက်ညီတဲ့ ဒီဇိုင်းတွေကိုပဲ ဦးစားပေးထုတ်လုပ်တယ်၊ နိုင်ငံတကာက လက်ခံနိုင်တဲ့ အရည်အသွေးထိရောက်အောင်လည်း ကြိုးစားနေပါတယ်" ဟု ဦးကျော်နိုင်သန်းက ရှင်းပြသည်။ ထန်းသားဖြင့် ထုတ်လုပ်သော နဂါးဆက်တီ၊ ပန်းဆက်တီ၊ ကျောကော့ဆက်တီ၊ ပွတ်လုံးဆက်တီ၊ ပွတ်လုံးကုလားထိုင်၊ သပိတ်၊ ကလပ်၊ ရေနွေးအိုး၊ ပန်းအိုး အစရှိသည့် လူအသုံးအဆောင်ပစ္စည်းများအပြင် ကျွန်းနှင့်ထန်း ရောထားသည့် တံခါးရွက်များကိုလည်း စက်ရုံမှ ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ထန်းပရိဘောဂနှင့် သစ်အချောထည် စက်ရုံမှာ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ(MSMEs)မှ သတ်မှတ်သည့် အလတ်စားရင်းနှီးမြှုပ်နှံမှုအဆင့်ထက် ကျော်လွန်သော အဆင့်၌ရှိပြီး ဝန်ထမ်း ၁၃၅ ဦးခန့်ဖြင့် လုပ်ငန်းဆောင်ရွက်လုပ်ကိုင်နေသည့်အတွက် ဒေသခံများမှာလည်း အလုပ်အကိုင် အခွင့်အလမ်းများရရှိကြောင်း သိရသည်။

**မေသူလွင်(မကွေး-ကိုယ်ပွား)**



# အစိုးရစက်မှုလက်မှုသိပ္ပံ(ပဲခူး) ဆောက်လုပ်မည့်မြေနေရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ပဲခူး ဧပြီ ၂**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ဧပြီ ၁ ရက် ညနေ ၄ နာရီတွင် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများလိုက်ပါလျက် အစိုးရစက်မှုလက်မှုသိပ္ပံ(ပဲခူး) တည်ဆောက်မည့် မြေနေရာအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ပဲခူးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးအေးထွန်းက ပဲခူးတက္ကသိုလ်မှ စွန့်လွှတ်မည့် မြေဧရိယာ ဧက ၁၆၀ အတွင်း ပညာရေးဝန်ကြီးဌာနမှ ဆောက်လုပ်မည့် အစိုးရစက်မှုလက်မှုသိပ္ပံ(ပဲခူး) မြေနေရာနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အစိုးရစက်မှုလက်မှုသိပ္ပံ (ပဲခူး)အတွက် မြေနေရာအတိအကျ သတ်မှတ်နယ်နိမိတ် ကျောက်တိုင်များ စိုက်ထူရန်၊ တက္ကသိုလ်ပတ်လမ်းနှင့် တက္ကသိုလ်အဝင်လမ်း စတင်ဖောက်လုပ်မည့် နေရာများအား လျာထားသတ်မှတ်ပေးခဲ့ပြီး နောင်အနာဂတ် မြို့ပြစီမံကိန်းနှင့် လိုက်လျောညီထွေမှု ဖြစ်စေရန် လမ်းညွှန်မှာကြားခဲ့သည်။

ပဲခူးမြို့တွင် အစိုးရစက်မှုလက်မှုသိပ္ပံ(ပဲခူး)တည်ဆောက်ခြင်းအားဖြင့် နိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော အင်ဂျင်နီယာများ ပေါ်ထွက်လာခြင်း၊ ဒေသခံကျောင်းသားများ အင်ဂျင်နီယာဘာသာရပ်အား အခြားမြို့များတွင် သွားရောက်သင်ကြားရန် မလိုတော့ခြင်း၊ ပတ်ဝန်းကျင် ရပ်ကွက်များ၌ ဈေးရောင်းချခြင်း၊ အဆောင်ငှားခြင်းစသည့် စီးပွားရေးအခွင့်အလမ်းများ ရရှိနိုင်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိခံစားရမည်ဖြစ်သည်။

အဆိုပါ အစိုးရစက်မှုလက်မှုသိပ္ပံ(ပဲခူး)အား ပဲခူးမြို့ ဥဿာမြို့သစ် ရပ်ကွက်ကြီး(၈) မြေတိုင်းအမှတ်(၂၇)၊ ရန်ကုန်-မန္တလေးကားလမ်းဘေး၊ ပဲခူးတက္ကသိုလ်မှ စွန့်လွှတ်မြေဧရိယာ ဧက ၁၆၀ ပေါ်တွင် ၂၀၁၈ ခုနှစ် ဧပြီလမှစတင်၍ စာသင်ဆောင် RC သုံးထပ် တစ်လုံး၊ အလုပ်ရုံ တစ်ထပ် Steel Structure တစ်လုံး၊ လျှပ်စစ်မီး၊ ရေရရှိရေး၊ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများအား ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုရန်ပုံငွေဖြင့် စတင်အကောင်အထည်ဖော် ဆောက်လုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## လက်မှတ်ရအင်ဂျင်နီယာများနှင့်တွေ့ဆုံ

**ရန်ကုန် ဧပြီ ၂**

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအသိအမှတ်ပြုမှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ်(PE)၊ မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ်(RSE)၊ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် (RE) ရရှိထားပြီးသူများအား တည်ဆောက်ရေးလုပ်ငန်းအသီးသီး၌ တာဝန်ယူဆောင်ရွက်ခြင်းဆိုင်ရာတွေ့ဆုံ ဆွေးနွေးပွဲကို မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ Function Hall ၌ ဧပြီ ၁ ရက်က ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌက မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ(၂)က မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ၊ နည်းဥပဒေများနှင့်အညီမြန်မာနိုင်ငံအတွင်းတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ လိုက်နာဆောင်ရွက်ရေးကိုလည်းကောင်း အသီးသီးရှင်းလင်းပြောကြားသည်။ ထို့နောက်တက်ရောက်လာကြသော PE၊ RSEနှင့် RE လက်မှတ်ရအင်ဂျင်နီယာများက သိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအလုပ်အမှုဆောင်အဖွဲ့ဝင်များက မိမိတို့တာဝန်ယူဆောင်ရွက်နေကြသည့်ကဏ္ဍအလိုက် အသီးသီးပြန်လည်ရှင်းလင်းဆွေးနွေးဖြေကြားကြကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဝင်များနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအသိအမှတ်ပြု PE၊ RSE နှင့် RE လက်မှတ်ရအင်ဂျင်နီယာစုစုပေါင်း ၅၀၀ ကျော်တက်ရောက်ကြသည်။ **ကြေးမုံ**



သန်လျင်မြို့သစ် အရှေ့ရပ်ကွက် ပြည်တော်သာလမ်းရှိ သင်တန်းကျောင်းတွင် မတ် ၃၀ ရက် နံနက် ၁၀ နာရီခွဲက ရဲတပ်ဖွဲ့ဝင်များအတွက် စိတ်ခံစားမှု သုံးသပ်လေ့လာခြင်း (ဆင့်ပွား)သင်တန်း (၂/၂၀၁၈) သင်တန်းဆင်းပွဲ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က သင်တန်းဆင်း အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**၆၈၉**

## ဆေးဝါးများအန္တရာယ် အသိပညာပေး

**ရန်ကုန် ဧပြီ ၂**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အစားအသောက်နှင့် အမျိုးသားဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)နှင့် မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်မှုကော်မတီတို့မှ ကြီးမှူးကျင်းပသော ဆေးဆိုင်ပိုင်ရှင်များ၊ ကြီးကြပ်သူများအား အသိပညာပေး ဟောပြောပွဲကို မတ် ၃၀ ရက် နံနက် ၁၀ နာရီက အမှတ်(၇)ရပ်ကွက် စိန်ပန်းမြိုင်လမ်းမပေါ်ရှိ ကိုညီ-မဆွေမိုဘိုင်းစင်တာ အပေါ်ထပ်ခန်းမ၌ ကျင်းပသည်။

လှိုင်သာယာမြို့နယ် ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီးဒေါက်တာဒေါ်ခင်ရူပါစိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးအောင်မြတ်စိုးက အမျိုးသားဆေးဝါးဥပဒေနှင့် သကြ်န်ကာလ မှုခင်းကျဆင်းရေးများကိုလည်းကောင်း၊ တိုင်းရင်းဆေးဝါးနှင့် အစားအသောက်ကွပ်ကဲရေးဦးစီးဌာန တိုင်းဒေသကြီး (FDA)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမြတ်မိုးကြည်က အမျိုးသားဆေးဝါးများအန္တရာယ် သိကောင်းစရာများကို အသိပညာပေးဟောပြောကြကြောင်းနှင့် ဟော ပြောပွဲသို့ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်တွင်းရှိ ဆေးဆိုင်ပိုင်ရှင် ၁၅၀ ကျော်တက်ရောက်ကြကြောင်း သိရသည်။

**၃၂၉**

## သင်္ကြန်အကြိုကာလ မှုခင်းအသိပညာပေးဟောပြော

**မင်္ဂလာတောင်ညွန့် ဧပြီ ၂**

ရန်ကုန် အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် BNC ဝင်း မဟာအတုလဆွမ်းလောင်းဓမ္မာရုံ၌ ဧပြီ ၁ ရက် ည ၇ နာရီ ၄၅ မိနစ်က မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကျော်ထူးက သင်္ကြန်အကြိုကာလအတွင်း မှုခင်းမဖြစ်ပွားစေရေး အသိပညာပေးဟောပြောခဲ့ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းအောင်နှင့်အဖွဲ့၊ ရပ်မိရပ်ဖဦးသက်ထွန်းနှင့် ရပ်ကွက်နေပြည်သူ ၄၅ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **၁၁၈**

# နိုင်ငံတကာအဆင့်မီ ဝေါအဆင့်မြင့် ဈေးသစ်ကြီးနှင့် ယာဉ်ရပ်နားစခန်း ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီး

**ဝေါ ဧပြီ ၂**

ပဲခူးတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်အလယ်ကောင်နှင့် နီးကပ်စွာဆောက်လုပ်နေသော ရန်ကုန်- မော်လမြိုင်- မြဝတီ -မဲဆောက် အဝေးပြေးလမ်းမကြီးပေါ်၌ ဆောက်လုပ်နေသည့် ၃ ဒသမ ၃၄ ဧကအကျယ်အဝန်းရှိသော နိုင်ငံတကာအဆင့်မီ ဝေါအဆင့်မြင့်ဈေးသစ်ကြီးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ဆောက်လုပ်မှု ၉၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

ပဲခူးတိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ခွင့်ပြုချက်နှင့် ဝေါမြို့နယ် စည်ပင်သာယာရေးကော်မတီ၏ကြီးကြပ်မှုဖြင့် တည်ဆောက်နေသော Pa Hta Wi Soe ကုမ္ပဏီလီမိတက်နှင့် Amanda Trading ကုမ္ပဏီလီမိတက်တို့က တာဝန်ယူဆောက်လုပ်နေသည့် ငွေကျပ်သိန်းပေါင်း ၂၇၀၀၀ ကျော် ကုန်ကျတည်ဆောက်နေသော ဝေါမြို့ အရှေ့ဘက်ကမ်းရပ်ကွက်ရှိ နိုင်ငံတကာအဆင့်မီ ဝေါအဆင့်မြင့်ဈေးသစ်ကြီးမှာ ရန်ကုန်-မော်လမြိုင်-မြဝတီ အာရှလမ်းမကြီးပေါ်တည်ရှိခြင်း၊ ထိုင်းနိုင်ငံလူသုံးကုန်ပစ္စည်းများနှင့် ဒေသထွက်စားသောက်ကုန်ပစ္စည်းများကိုခဏတာယာဉ်ရပ်နားပြီး ဈေးဝယ်ယူနိုင်ခြင်း၊ ဝေါမြို့နယ်အတွင်းရှိ ရွာပေါင်း ၆၀ ၏ အဓိကအဝင်၊ အထွက်လမ်းပေါ်တွင် တည်ရှိနေခြင်း၊ ရေလမ်းကြောင်းကုန်သွယ်ရေးဖြစ်သည့် လှေဆိပ်အနီးတွင်တည်ရှိခြင်း၊ ဈေးနှုန်းသက်သာစွာကုန်ပစ္စည်းများကိုသယ်ဆောင်နိုင်သည့် ရထားဘူတာရုံရှိခြင်း၊ မိုးဒဏ်လေဒဏ်ခံနိုင်ပြီး ခေတ်မီစိတ်ချရသောနည်းပညာဖြင့် တည်ဆောက်ထားခြင်း၊ မြို့လယ်ကောင်တွင် တည်ရှိသော လက်ရှိဈေးဟောင်းနေရာနှင့် ကိုက် ၆၀၀ အကွာတွင်တည်ရှိခြင်းနှင့် ဈေးနှုန်းချိုသာသောရင်းနှီးမြှုပ်နှံမှုဖြင့် သင့်လျော်ပြီး ဆိုင်ခန်းဝယ်ယူရာတွင် အရစ်ကျစနစ်ဖြင့်ဝယ်ယူနိုင်ခြင်းများရှိကြောင်း ဝေါမြို့နယ်စည်ပင်သာယာရေး ကော်မတီမှသိရသည်။

ဝေါအဆင့်မြင့်ဈေးသစ်ကြီးအတွင်း၌ စားသောက်ဆိုင်ခန်းများ၊ စိုက်ပျိုးသီးနှံနှင့် ရေထွက်ပစ္စည်းများ၊ ကမ္ဘာလှည့်ခရီးသွားများပါ လာရောက်လေ့လာလည်ပတ်နိုင်မည့် ဒေသထွက် ပဲအမျိုးမျိုး၊ ဆန်စပါး၊ လယ်ယာထွက်ကုန်နှင့် အော်ဂဲနစ်အရောင်းပြခန်းများနှင့် သန့်ရှင်းမှုဖြင့် အထူးပြုလုပ်ထားသော လတ်ဆတ်သည့် သားငါး အရောင်းဆိုင်ခန်းများပါဝင်ပြီး အခြေခံလူတန်းစားများသာမက ခရီးသွားလုပ်ငန်း ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် စီမံဆောင်ရွက်ထားသော ဈေးသစ်ကြီးတစ်ခုဖြစ်သည်။

နိုင်ငံတကာအဆင့်မီ ဝေါအဆင့်မြင့်ဈေးသစ်ကြီးအတွင်း၌ ယာဉ်ရပ်နားရန်အတွက် ယာဉ်အစီးရေ ၁၀၀ ခန့် ရပ်နားနိုင်သည့် ကားပါကင်ပါဝင်မည်ဖြစ်ပြီး သန့်ရှင်းသပ်ရပ်သောစားသောက်ဆိုင်ခန်းများအား ၂၄ နာရီ ဖွင့်လှစ်ထားရှိမည်ဖြစ်ကာ တစ်နာရီလျှင် ယာဉ်အစီးရေ ၂၀၀၀ ကျော်ဖြတ်သန်းသွားလာနေသော ရန်ကုန် - မော်လမြိုင်အမြန်လမ်းမကြီးပေါ်မှ ဖြတ်သန်းသွားလာကြမည့် ယာဉ်များနှင့် ရန်ကုန်မြို့မှ ကျိုက်ထီးရိုးဘုရားသို့ သွားရောက်ကြမည့် ဘုရားဖူးဧည့်သည်များမှာ ခရီးတစ်ထောက်အနားယူနိုင်ခြင်းနှင့် ဒေသထွက်ကုန်များအား တစ်နေရာတည်းတွင် စုံလင်စွာ ဝယ်ယူနိုင်ခြင်း၊ ထိုင်းနိုင်ငံထွက်ကုန်ပစ္စည်းများကိုလည်း မြဝတီမြို့ထိ သွားရောက်ဝယ်ယူစရာ မလိုတော့ဘဲ ဝေါအဆင့်မြင့်ဈေးသစ်ကြီးအတွင်း၌ ဝယ်ယူနိုင်ကြမည်ဖြစ်ပြီး ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်မည်ဖြစ်ကြောင်းသိရသည်။

နိုင်ငံတကာအဆင့်မီ ဝေါအဆင့်မြင့်ဈေးသစ်ကြီး တည်ဆောက်ရေးအဖွဲ့ မှ စီမံကိန်းဒါရိုက်တာ ဦးသိန်းလင်းထက်က “ရန်ကုန်မြို့ကနေ ထိုင်း-မြန်မာ နယ်စပ်ထိသွားတဲ့ လမ်းမတစ်လျှောက်ဘေးကပ်လျက်မှာဒီလိုအဆင့်မြင့်ခေတ်မီဈေးကြီးမရှိသေးပါဘူး၊ ဒီအာရှလမ်းမကြီးဟာဆိုရင် တစ်ချိန်မှာနှစ်နိုင်ငံကုန်စည်စီးဆင်းမှု ကောင်းမွန်လာမယ့်လမ်းမကြီးဖြစ်လာမှာမို့ ဈေးသစ်ကြီးဆောက်လုပ်ဖို့ ရွေးချယ်ဖြစ်လာတာပါ၊ ဒီဈေးသစ်ကြီးဆောက်လုပ်လိုက်တာမို့ ဈေးဟောင်းက အချို့ ဆိုင်ခန်းသမားတွေလည်းလာရောက်ဝယ်ယူလျှောက်ထားနေကြပါတယ်၊ ပြီးတော့ ဝေါအဆင့်မြင့်ဈေးသစ်ကြီးရဲ့ ဈေးရုံတစ်ရုံနဲ့ တစ်ရုံကြားမှာ ပေ ၂၀ အကျယ်စီမံထားတာမို့ မီးသတ်ယာဉ်တစ်စီးကောင်းကောင်း ဝင်နိုင်အောင်နဲ့ ဈေးဝယ်သူတွေဈေးဝယ်ယူမှုအဆင်ပြေစေဖို့ ဈေးလျှောက်လမ်းများကိုကြွေပြားကပ်ပေးထားပြီးလျှောက်လမ်းအကျယ်ကို ခုနစ်ပေစီမံ ဆောင်ရွက်ထားပါတယ်၊ ဈေးဆိုင်ခန်းဝယ်ယူသူများအဆင်ပြေစေဖို့အတွက်လည်း ဆိုင်ခန်းပိုင်ဆိုင်မှု စာအုပ်ကို မြို့နယ်စည်ပင်က ထုတ်ပေးမှာပါ၊ ဈေးတစ်ခုဖြစ်လာပြီဆိုတော့ ဈေးဆိုင်ခန်းများအတွက်လည်း ဝန်ထမ်းများလိုအပ်လာတော့မှာမို့ ဒေသခံများအတွက်အများကြီးအကျိုးရှိစေမှာဖြစ်ပါတယ်”ဟု စီမံကိန်းလုပ်ငန်းခွင်အတွင်း ရှင်းပြသည်။



ယခုကဲ့သို့ ဈေးသစ်ကြီးဖွင့်လှစ်ပြီးစီးပါက ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံများဝင်ငွေတိုးပွားလာမည်ဖြစ်ကြောင်းနှင့် အခြေခံမြို့ပြ လူနေမှုစနစ်မြင့်တက်လာကာ နိုင်ငံခြားဝင်ငွေကောင်းမွန်ပြီး ဒေသတစ်ခု၏ ပြယုဂ်ဖြစ်လာမှာ အမှန်ပင်ဖြစ်ကြောင်း၊ ထို့အပြင် အဆိုပါ နိုင်ငံတကာအဆင့်မီ ဝေါအဆင့်မြင့်ဈေးသစ်ကြီး ဆောက်လုပ်မှုအတွက် ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်က ဖောင်ဒေးရှင်းလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ကာ ပွင့်လင်းရာသီဖြစ်သော ယခုနှစ် ဧပြီလ အပြီးသတ် ဆောက်လုပ်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတကာအဆင့်မီ ဝေါအဆင့်မြင့် ဈေးသစ်ကြီးအတွင်းရှိ ဈေးဆိုင်ခန်းများမှာ မေလတွင် စတင်ခင်းကျင်း ရောင်းချနိုင်ကြတော့မည်ဖြစ်ကြောင်းစီမံကိန်း လုပ်ငန်းခွင်မှစုံစမ်းသိရသည်။

**ပွင့်သစ္စာ**

# ကယားပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကွင်းဆင်းဆောင်ရွက်

**မယ်စဲ့ ဧပြီ ၂**
ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဖရေရယ်မြင့်သန်းထွန်း၊ ဘော်လခဲခရိုင်အုပ်ချုပ်ရေးမှူးဦးမိုးထက်၊ မယ်စဲ့မြို့နယ်အုပ်ချုပ်ရေးမှူးဦးမျိုးသန့်တို့နှင့်အတူ ဧပြီ ၂ ရက် နံနက် ၉ နာရီက မယ်စဲ့မြို့နယ်နှင့်ဘော်လခဲမြို့နယ်တို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မယ်စဲ့မြို့နယ် ကျောက်စုကျေးရွာဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ နွေရာသီရေပြတ်လပ်မှုမရှိစေရေး၊ အဝီစိတွင်းတူးဖော်နိုင်ရေးအခြေအနေနှင့်ကျေးရွာတွင်းဘောလုံးကွင်းဖော်ထုတ်ရေးအခြေအနေများကို ဆွေးနွေးခဲ့ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့ငွေကျပ် ၂၅ သိန်းဖြင့် ကျောက်စုကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းဝင်းအတွင်းရှိ ဂါလန် ၃၀၀၀ ဆံ့ အုတ်ရေကန်ဆောင်ရွက်မှုအခြေအနေ၊ နှစ်စဉ်နွေရာသီတွင် ရေရှားပါးသည့်ကျေးရွာများတွင် ပါဝင်သည့်ကျောက်စုကျေးရွာသို့ ပြည်နယ်အစိုးရအဖွဲ့၏ထောက်ပံ့မှုဖြင့် လျှုဒါန်းသောသောက်သုံးရေဖြန့်ဝေပေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘော်လခဲမြို့တွင်းလမ်းအဆင့်မြှင့်တင်ကောင်းမွန်စေရေးအတွက် ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်ပြည်နယ်ရန်ပုံငွေကျပ်၃၂၃သန်းဖြင့် လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့(၁၃)မှတာဝန်ယူဆောင်ရွက်သည့်မြို့တွင်းလမ်းအရှည် ၉ ဖာလုံ၊ အကျယ် ၁၈ ပေ၊ ဒု Leveling နှစ်လက်မ၊ Overlayနှစ်လက်မ နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို လမ်းညွှန်မှာကြားခဲ့ကြောင်းသိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**



ဒိုက်ဦးမြို့နယ် အားကစားနှင့်ကာယပညာကော်မတီက ကြီးမှူးကျင်းပသော လက်ဝှေ့(Boxing)ပြိုင်ပွဲကို မတ် ၂၈ ရက်က ကျင်းပခဲ့ပြီး ဆုရရှိသူများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်ညီ၊ မြို့နယ်အားကစားမှူး ဦးအောင်မျိုးနှင့် မြို့နယ် လက်ဝှေ့ဆပ်ကော်မတီများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော် (ဒိုက်ဦး)**

# မိတ္ထီလာတွင် ငါးနှစ်ကျော်ကာလအတွင်း မြန်မာ့ရိုးရာသင်္ကြန်ယိမ်းအကပြိုင်ပွဲ ပြန်လည်ကျင်းပမည်

**မိတ္ထီလာ ဧပြီ ၂**
မိတ္ထီလာမြို့တွင် ငါးနှစ်ကျော်ကာလအတွင်း မကျင်းပနိုင်ခဲ့သည့် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ကျင်းပမြဲဖြစ်သည့် မြန်မာ့ရိုးရာသင်္ကြန်ယိမ်းအကပြိုင်ပွဲကို ယခုနှစ်သင်္ကြန်ပွဲတော်ကာလတွင် ပြန်လည်ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

"၂၀၁၂ ခုနှစ်နောက်ပိုင်း မကျင်းပနိုင်ခဲ့တဲ့ သင်္ကြန်ယိမ်းအကပြိုင်ပွဲကို ဒီနှစ် မိတ္ထီလာမြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကာလမှာပြန်လည်ကျင်းပမှာဖြစ်လို့ သင်္ကြန်ယိမ်းအဖွဲ့မှာပါဝင်မယ့် သင်္ကြန်မယ်လေးတွေ အဖွဲ့အလိုက် အကလေ့ကျင့်နေပါပြီ၊ လောလောဆယ် ရပ်ကွက် ၁၄ ရပ်ကွက်ကနေ သင်္ကြန်ယိမ်းအကပြိုင်ပွဲဝင်မယ့် ပြိုင်ပွဲဝင်အသင်းတစ်သင်း ပါဝင်မှာဆိုတော့ သင်္ကြန်ယိမ်းအက အသင်း ၁၄ သင်း ပါဝင်ယှဉ်ပြိုင်မှာလို့ သိရပါတယ်"ဟု ကျီတော်ကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွေးက ပြောသည်။

ယခင်က သင်္ကြန်ယိမ်းအကပြိုင်ပွဲဝင်ခဲ့သည့် ရပ်ကွက်များမှ သင်္ကြန်ယိမ်းအကအဖွဲ့များရှိ အမျိုးသမီးငယ်အများစုမှာအသက်အရွယ်ကြီးလာခြင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် ယခုနှစ်သင်္ကြန်ယိမ်းအကပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ခြင်းမရှိတော့ဘဲ မျိုးဆက်သစ် သင်္ကြန်ယိမ်းအကမယ်လေးများကို လေ့ကျင့်ပျိုးထောင်၍ သင်္ကြန်ယိမ်းအကပြိုင်ပွဲဝင်စေခြင်း ပြုလုပ်နေရသည်ဟု ဈေးအရှေ့ပြင်ရပ်ကွက်အုပ်ချုပ်ရေးမှူးက ပြောသည်။

"အရင်တုန်းက သင်္ကြန်ယိမ်းအကပြိုင်ပွဲဝင်ခဲ့ကြတဲ့ အမျိုးသမီးငယ်တွေကအခုတော့ အသက်အရွယ်ကြီးလာတာကြောင့်ရော၊ တချို့က အိမ်ထောင်ကျသွားကြတာရောရှိတော့ သင်္ကြန်ယိမ်းကမယ့် မျိုးဆက်အမျိုးသမီးငယ်များကို လေ့ကျင့်ပျိုးထောင်ပေးပြီး သင်္ကြန်ယိမ်းအကပြိုင်ပွဲဝင်ခိုင်းရမှာ ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ယခုနှစ် မိတ္ထီလာသင်္ကြန်ပွဲတော်တွင် သင်္ကြန်ယိမ်းအကအဖွဲ့များ ပြိုင်ပွဲကျင်းပမည့် ဗဟိုဆုပေးမဏ္ဍပ်တည်ဆောက်ခြင်း၊ ဗဟိုမဏ္ဍပ်နှင့်အတူ ရေကစားမဏ္ဍပ်ငယ်များ ထည့်သွင်းတည်ဆောက်ခြင်း၊ သင်္ကြန်ပွဲတော်ကာလအတွင်း ဒေသခံများပျော်ရွှင်စိတ်ချမ်းမြေ့စွာ အတာရေသဘင်ပွဲဆင်နွှဲနိုင်ရေးအတွက် ကျန်းမာရေး၊ လုံခြုံရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး စသည့်လုပ်ငန်းများကို မိတ္ထီလာမဟာသင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ထွန်း၏ ဦးဆောင်လမ်းညွှန်မှုဖြင့် လုပ်ငန်းဆပ်ကော်မတီများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ယုဇနဥယျာဉ်မြို့တော်တွင် စတုတ္ထအကြိမ်မြောက် နွေရာသီယဉ်ကျေးလိမ္မာသင်တန်းစတင်ဖွင့်လှစ်ပို့ချ

**ဒဂုံမြို့သစ်(ဆိပ်ကမ်း) ဧပြီ ၂**
ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ယုဇနဥယျာဉ်မြို့တော် (၉၄)ရပ်ကွက် အထက(၂)ကျောင်း ယုဇနခန်းမဆောင်၌ ဧပြီ ၁ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်သာသနာ့နုဂ္ဂဟအသင်းမှ ကြီးမှူးကျင်းပသည့် စတုတ္ထအကြိမ်မြောက် နွေရာသီယဉ်ကျေးလိမ္မာသင်တန်းကို စတင်ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း သိရသည်။

အခမ်းအနားစတင်ဖွင့်လှစ်ရာတွင် နမောတဿ သုံးကြိမ်ပြိုင်တူရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး မြို့နယ်သံဃာ့နာယကဥက္ကဋ္ဌ ဆရာတော်က ဩဝါဒမြွက်ကြားပြီး အထက(၂)ကျောင်းအုပ်ဆရာကြီးက အမှာစကားပြောကြားသည်။ အနာဂတ်အတွက် သားကောင်းသမီးကောင်း ရင်သွေးငယ်ကလေးများကိုဗုဒ္ဓ၏အဆုံးအမနှင့်အညီ ကိုယ်စိတ်နှလုံးသုံးပါး ယဉ်ကျေးသိမ်မွေ့လာစေရန် ရည်ရွယ်၍ နှစ်စဉ်သင်တန်းဖွင့်လှစ် ပို့ချပေးလျက်ရှိကြောင်း (၉၄)ရပ်ကွက် သာသနာ့နုဂ္ဂဟ အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်က ပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းနည်းပြ ဆရာ ဆရာမများက သင်တန်းသား သင်တန်းသူ ၂၀၂ ဦးကို နေ့စဉ် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ဧပြီ ၁ ရက်မှ ၇ ရက် တစ်ပတ်ကြာသင်တန်းဖွင့်လှစ် ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **၅၁၂**

# တောင်ဥက္ကလာပတွင် ပိတ်ဆို့အမှိုက်များရှင်း

**တောင်ဥက္ကလာပ ဧပြီ ၂**
တောင်ဥက္ကလာပမြို့နယ်အတွင်း လာမည့် မိုးကာလတွင် ရေဝပ်ရေလျှံမှုများ လျော့နည်းစေရေးအတွက် မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးဦးမြင့်ဆွေဦးနှင့် မြို့နယ်လမ်းတံတားတာဝန်ခံအင်ဂျင်နီယာ ဦးကျော်သူရလွင်တို့ကြီးကြပ်လျက် မတ် ၃၁ ရက်က အမှတ် (၃) ရပ်ကွက်ဝေဇယန္တာလမ်း BoxCulvert အတွင်းပေ ၁၀၀ ခန့်နှင့် ယင်းနှင့်ဆက်စပ်မြောင်းပေ ၁၄၀၀ ခန့်တို့အား ရေစီးဆင်းမှုကောင်းမွန်စေရေးလူအင်အားဖြင့် ရှင်းလင်းဆယ်ယူပေးခဲ့ကြသည်။

တောင်ဥက္ကလာပမြို့နယ်သည် မိုးရွာသည့်အခါ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်စေသဖြင့် မိဘပြည်သူများကလည်းရေလမ်းကြောင်းပိတ်ဆို့စေသည့် အပြုအမူများကိုရှောင်ကျဉ်ကြင်ရန်လိုအပ်ပါကြောင်းတာဝန်ရှိသူမှ အကြံပြုပြောကြားသည်။ **၁၉၇**

# မျိုးဆက်သစ်လူငယ်များ စက်ဘီးပြိုင်ပွဲ သံဖြူဇရပ်တွင်ကျင်းပ



**သံဖြူဇရပ် ဧပြီ ၂**
သံဖြူဇရပ်မြို့နယ် အားကစားကော်မတီနှင့် မြို့နယ်စက်ဘီးဆပ်ကော်မတီတို့ စီစဉ်ကျင်းပသည့် အသက် ၁၈ နှစ်အောက် မျိုးဆက်သစ်လူငယ်များ စက်ဘီးပြိုင်ပွဲကို ဧပြီ ၁ ရက် နံနက်တွင် သံဖြူဇရပ်မြို့၌ ကျင်းပသည်။

ပြိုင်ပွဲကို နံနက် ၇နာရီတွင် လမ်းဦးစီးဌာနရုံးအရှေ့မှ စတင်တာထွက်ပြီး ကရင်သောင်ကျေးရွာသို့ ဝင်ရောက်ကာ ထိုမှတောလမ်းခရီးကြမ်းအပါအဝင် အသွားအပြန် ၂၂ မိုင်စီးနင်းယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင်လူငယ် ၂၅ ဦးဝင်ရောက်ယှဉ်ပြိုင်ပြီး သန့်ဇင်ထက်(ကြာကန်ရပ်ကွက်)က ပထမ၊ သန့်ဇင်ဦး(ပငကျေးရွာ)ကဒုတိယနှင့် ကောင်းစိုက်(ပငကျေးရွာ)တို့က တတိယရရှိပြီး ပြိုင်ပွဲဝင်လူငယ်များကို မြို့နယ်စက်ဘီးဆပ်ကော်မတီနာယက ဦးထွန်းခင်၊ ကော်မတီဥက္ကဋ္ဌဦးကံထွန်းနှင့် ကော်မတီဝင်များက ဆုများချီးမြှင့်ကြောင်းသိရသည်။

**ကျော်ဝင်း(သံဖြူဇရပ်)**

# ပဲခူးတိုင်းဒေသကြီးအတွင်း မိုးကြိုးကာလ အန္တရာယ်ကျရောက်နိုင်သော လူနေအိမ်များအား ပြုပြင် ဆောင်ရွက်ပေး

**ပဲခူး ဧပြီ ၂**
ပဲခူးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ပဲခူးမြို့နယ် ဝမ်းဘဲအင်းကျေးရွာအတွင်းရှိ ဆင်းရဲနွမ်းပါးပြီး သဘာဝဘေးကျရောက်လျှင်ကြံ့ခိုင်မှုမရှိသောနေအိမ် ၁၅၀ ကျော် ကို မိုးကြိုးကာလ လေဘေးကြိုတင်ကာကွယ်ရေးအတွက် ပြန်လည်တည်ဆောက်ပေးမှုများကို မတ် ၃၀ ရက် နံနက် ၉ နာရီက ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါဝမ်းဘဲအင်းကျေးရွာတွင် အိမ်ထောင်စု ၁၄၇၆ စု၊ လူဦးရေ ၆၄၀၀ ကျော်နေထိုင်ကာ ဆင်းရဲနွမ်းပါးပြီးကြံ့ခိုင်မှုမရှိသောနေအိမ် ၁၅၀ ကျော်အား တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးသိန်းဌေးအောင် ဦးဆောင်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်လုပ်အားပေး၊ ရပ်မိ၊ ရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ နေအိမ်များကြံ့ခိုင်စေရန် ပြန်လည်ပြုပြင်ခြင်းများပြုလုပ်ပေးခြင်းဖြစ်သည်။

ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုများ၊ အိုမင်းမစွမ်း အိမ်ထောင်စုများ၏ နေအိမ်၊ တဲများ လေပြင်းဒဏ်ကြောင့် ထိခိုက်ဆုံးရှုံးမှု နည်းနိုင်သမျှနည်းပါးစေရန် ပဲခူးတိုင်းဒေသကြီးဘေးအန္တရာယ် ဆိုင်ရာစီမံ ခန့်ခွဲမှုဦးစီးဌာနမှ ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအတွင်းရှိ ပဲခူး၊ ကျောက်တံခါး၊ အုတ်တွင်း၊ ရွှေတောင်၊ သာယာဝတီစသည့်မြို့နယ် ငါးမြို့နယ်အတွင်းရှိ ကျေးရွာများမှ သတ်မှတ်ချက်နှင့်ကိုက်ညီသော နေအိမ် ၈၀၀ ခန့်အား ပြန်လည်ပြုပြင်ဆောင်ရွက်ပေးခဲ့သည်။

ရွှေတောင်မြို့နယ်အတွင်းရှိ ပဒေသာကျေးရွာ၊ ဧရာဦးကျေးရွာ၊ အောင်မင်္ဂလာကျေးရွာ၊ ရွှေဂူကျေးရွာတို့ရှိ နေအိမ်များကို မတ် ၂၄ ရက်ကလည်းကောင်း၊ ကျောက်တံခါးမြို့နယ်အတွင်းရှိ ကျောက်ခဲအင်းရွာ၊ တူမောင်ရွာနှင့် အောင်သာယာရွာတို့ကို မတ် ၂၆ ရက် ကလည်းကောင်း၊ သာယာဝတီမြို့နယ်အတွင်းရှိ ကျွန်းကုန်းကျေးရွာ၊ သစ်ရာကုန်းကျေးရွာ၊ ကွင်းကြီးကျေးရွာ၊ အုန်းတောကျေးရွာတို့မှနေအိမ်များကို မတ် ၂၇ ရက်ကလည်းကောင်း၊ အုတ်တွင်းမြို့နယ်အတွင်းရှိ ကြက်တက်ညောင်ပင်ကျေးရွာ၊ သာယာကုန်းချင်းရွာ (အရှေ့ရွာ)၊ သာယာကုန်းချင်းရွာ (အနောက်ရွာ)၊ သပြေကုန်းရွာ၊ ပိတောက်ခင်ကျေးရွာများကို မတ် ၂၈ ရက်ကလည်းကောင်း၊ ပဲခူးမြို့ နယ်အတွင်းရှိ ဝမ်းဘဲအင်းကျေးရွာမှ နေအိမ်များကို မတ် ၃၀ ရက်က လည်းကောင်း ကွင်းဆင်းလုပ်ဆောင်ပေးခဲ့ကြသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဧပြီ ၁ ရက်မှမတ် ၃၀ ရက်အထိ ဘေးဖြစ်ပွားမှု ၃၁၄ ကြိမ်ဖြစ်ပွားခဲ့ကြောင်းသိရသည်။

**ကိုလွင်(ဆွာ)**

# ဟားခါးမြို့၌ လူငယ်နှင့်ယာဉ်အန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေး

**ဟားခါး ဧပြီ ၂**
ချင်းပြည်နယ် ဟားခါးမြို့၌ "လူငယ်နှင့်ယာဉ်အန္တရာယ်"ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မတ် ၃၁ ရက် နံနက် ၉ နာရီက ဟားခါးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ကျင်းပသည်။

အဆိုပါ "လူငယ်နှင့် ယာဉ်အန္တရာယ်"ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးခမ်းလျန်ဆုမ်းက ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇန်ထောင်းနှင့် ဒေါက်တာမှုထန်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ ခရိုင်ရဲတပ်ဖွဲ့ ရဲမှူး အုန်းခင်၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး၊ ရဲမှူး ဘင်နီဖိုင်းနှင့် ပြည်နယ်ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးလှထွန်းတို့က လူငယ်နှင့်ယာဉ်အန္တရာယ်ခေါင်းစဉ်အပေါ် ပါဝင်ဆွေးနွေးကြသည်။

အဆိုပါ "လူငယ်နှင့်ယာဉ်အန္တရာယ်" စကားဝိုင်းသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံလူငယ်များ တက်ရောက်ကြပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့က အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**



# အားလပ်ရက်ဘုရင်မ မိုင်လီဆိုင်းရပ်စ်

အမေရိကန်ပေါ့ပ်ကြယ်ပွင့် မိုင်လီဆိုင်းရပ်စ်ကို ဟောလိဝုဒ်မီဒီယာတစ်ခုဖြစ်တဲ့ အီးအွန်လိုင်းဒေ့ါကွန်းက အားလပ်ရက်ရဲ့ ဘုရင်မတစ်ဦးအဖြစ် တင်စားဖော်ပြခဲ့ပါတယ်။ အကြောင်းကတော့ မိုင်လီဆိုင်းရပ်စ်ဟာ အားလပ်ရက်တွေအတွက် ရည်ရွယ်ရိုက်ကူးတဲ့ ဓာတ်ပုံတွေကို သူ့ရဲ့ လူမှုကွန်ရက်မှာ ဖော်ပြလေ့ရှိတာကြောင့် ဖြစ်ပါတယ်။

ပြီးခဲ့တဲ့သီတင်းပတ်အဆုံးပိတ်ရက်မှာတော့ “Malibu”တေးသီချင်းရဲ့ တေးသံရှင် မိုင်လီဆိုင်းရပ်စ်ဟာ လာမယ့် အီစတာနေ့အတွက် ရည်ရွယ်ပြီး မျက်နှာဖုံးဓာတ်ပုံ ရိုက်ကူးခဲ့ပါတယ်။ မိုင်လီဆိုင်းရပ်စ်ရဲ့ အီစတာနေ့ဓာတ်ပုံကိုတော့ နာမည်ကျော်မဂ္ဂဇင်းတစ်ခုဖြစ်တဲ့ “Vogue”ရဲ့ မျက်နှာဖုံးမှာ သုံးစွဲသွားမှာဖြစ်ပါတယ်။ ယင်းမျက်နှာဖုံးဓာတ်ပုံတစ်ပုံကိုတော့ မိုင်လီဆိုင်းရပ်စ်က သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ပြီး ပျော်ရွှင်စရာ အီစတာနေ့ဖြစ်စေကြောင်း ဆုတောင်းစကားကိုလည်း ဓာတ်ပုံရဲ့ အောက်ခြေမှာ တစ်ပါတည်း ရေးသားဖော်ပြခဲ့တာကို တွေ့ရပါတယ်။

ဒါဟာ မိုင်လီဆိုင်းရပ်စ်အနေနဲ့ အားလပ်ရက်တွေအတွက် ရည်ရွယ်ရိုက်ကူးခဲ့တဲ့ ဓာတ်ပုံတွေအနက် နောက်ဆုံးထုတ်ဖော်ပြသခဲ့တဲ့ ပုံဖြစ်ပါတယ်။ မကြာသေးမီကလည်း သူဟာ စိန့်ပက်ထရစ်နေ့ပိတ်ရက်မှာ ချစ်သူဖြစ်တဲ့ မင်းသား လီယမ်ဟမ်းဝ့ါသ်နဲ့အတူ ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေကို သူ့ရဲ့အင်စတာဂရမ်ပေါ်မှာ ထုတ်ဖော်ပြသခဲ့တာကိုလည်း တွေ့ရပါတယ်။



# ကတ်တီပါရီရဲ့ ဆံပင်ပုံစံကို လှောင်ပြောင်ခဲ့

ရုပ်သံအစီအစဉ်တင်ဆက်သူတစ်ဦးဖြစ်တဲ့ ဝင်ဒီဝီလီယံစ်က လတ်တလောပြုလုပ်ခဲ့တဲ့ အစီအစဉ်မှာ ပေါ့ပ်ကြယ်ပွင့် ကတ်တီပါရီရဲ့ လက်ရှိဆံပင်ပုံစံနဲ့ပတ်သက်ပြီး လှောင်ပြောင်ခဲ့တာဖြစ်ပါတယ်။ ဝင်ဒီက ကတ်တီပါရီဟာ သူ့ရဲ့ဆံပင်ပုံစံကို ပြောင်းလဲသင့်ကြောင်းလည်း တစ်ပါတည်း အကြံပေးပြောကြားခဲ့တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဝင်ဒီက ကတ်တီပါရီရဲ့ ဆံပင်ပုံစံကို လှောင်ပြောင်ခဲ့ရုံသာမက “American Idol” အစီအစဉ်မှာ အကဲဖြတ်ဒိုင်တစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်နေတဲ့ ကတ်တီပါရီရဲ့ အကဲဖြတ်စွမ်းရည်နဲ့ပတ်သက်ပြီးလည်း ဝေဖန်ခဲ့ပါတယ်။ အဆိုပါအစီအစဉ်မှာ ပါဝင်ခဲ့တဲ့အတွက် ကတ်တီပါရီဟာ အနုပညာကြေး အမေရိကန်ဒေါ်လာ ၂၅ သန်း ရရှိခဲ့ပေမယ့် အစီအစဉ်အတွက် ကြီးကြီးမားမား လုပ်ဆောင်မှုတော့ မရှိခဲ့ဘူးလို့လည်း သူက ဆိုပါတယ်။

# ဂျက်စတင်သရိုဇ် ချစ်သူသစ်ရနေပြီလား



မင်းသမီး ဂျနီဖာအန်နစ်စတန်နဲ့ တရားဝင်ကွာရှင်းခဲ့ပြီး လက်ရှိမှာ တစ်ကိုယ်တည်းသမားဘဝရောက်ရှိနေပြီဖြစ်တဲ့ သရုပ်ဆောင်မင်းသား ဂျက်စတင်သရိုဇ်ဟာ လတ်တလောမှာ “Parks and Recreation”ရဲ့ ရုပ်ရှင်မှာ အတူတွဲဖက်သရုပ်ဆောင်ခဲ့တဲ့ မင်းသမီး အူဘရေးပလာဇာနဲ့ အတူတွဲကာ တွေ့ခဲ့ရပါတယ်။ ဒါကြောင့် ဂျက်စတင်သရိုဇ်အနေနဲ့ ချစ်သူရနေပြီဖြစ်ကြောင်း ကောလာဟလတွေ စတင်ပေါ်ထွက်လာခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မတ် ၂၅ ရက်မှာတော့ ဂျက်စတင်သရိုဇ်နဲ့ အူဘရေးပလာဇာတို့ကို နယူးယောက်မှာရှိတဲ့ မင်းသားရဲ့ တိုက်ခန်းကို အတူဝင်ရောက်သွားတာကို မီဒီယာတွေက တွေ့မြင်ခဲ့တာဖြစ်ပါတယ်။ ဒီလိုတွေ့ဆုံခဲ့စဉ်မှာတော့ သူတို့နှစ်ဦးဟာ သာမန်ဝတ်ဆင်မှုမျိုးသာဝတ်ဆင်ခဲ့ကြပြီး နှစ်ဦးသား ဆက်ဆံရေးဟာလည်း ပေါ့ပေါ့ပါးပါး ရှိတာတွေ့ရပါတယ်။ သူတို့နှစ်ဦးဟာ အရင်ကလည်း အချိန်အတော်ကြာ သိကျွမ်းခဲ့သူတွေဖြစ်ပြီး လက်ရှိမှာ တစ်ကိုယ်တည်းသမားတွေဖြစ်တာကြောင့် ချစ်သူတွေအဖြစ် လက်တွဲနိုင်တဲ့အခြေအနေမှာ ရှိပါတယ်။ ဒီလိုတွေ့မြင်ခဲ့ရတာဟာ ပထမဆုံးဖြစ်ပြီး နောင်မှာလည်း သူတို့နှစ်ဦး တရားဝင်လက်တွဲလာဦးမလားဆိုတာကတော့ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

အေးပြည့် - စုစည်းသည်

# ပင့်ကူလူသားရုပ်ကို ဝင်တိုက်မိတဲ့ ပင့်ကူလူသားစုံတွဲ



ဟောလိဝုဒ်ရဲ့ အောင်မြင်တဲ့ ဇာတ်လမ်းတွဲရုပ်ရှင်တစ်ကားဖြစ်တဲ့ “Spider-Man (ပင့်ကူလူသား)” ရုပ်ရှင်တွေရဲ့ နောက်ဆုံးထုတ်လွှင့်ခဲ့တဲ့ ရုပ်ရှင်မှာ အဓိကဇာတ်ဆောင်တွေအဖြစ် ပါဝင်ခဲ့ကြတဲ့ မင်းသား တွမ်ဟော်လန်းနဲ့ မင်းသမီး ဇန်ဒါယာတို့ဟာ သူတို့ရဲ့ ဇာတ်ကောင်စရိုက်ကို လက်တွေ့ဘဝထဲအထိပါ အရောက်သယ်လာခဲ့သူတွေဖြစ်ကြပါတယ်။ သူတို့နှစ်ဦးဟာ ရုပ်ရှင်ထဲမှာသာမက အပြင်မှာလည်း ချစ်သူတွေအဖြစ် လက်တွဲနေကြပြီး လတ်တလောမှာတော့ နှစ်ဦးသားအတူ အလည်အပတ်ထွက်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ကြာသပတေးနေ့က လော့စ်အန်ဂျလိစ်မှာ အလည်အပတ်ထွက်ခဲ့ရင်းက စာအုပ်ဆိုင်တစ်ဆိုင်ရဲ့အရှေ့မှာ ထောင်ထားတဲ့ ပင့်ကူလူသားရုပ်တုကို ဇန်ဒါယာက ဝင်တိုက်ခဲ့မိပါတယ်။ တွမ်ဟော်လန်းကတော့ ဇန်ဒါယာကို တွဲထားတာကိုလည်း တွေ့ရပါတယ်။

လတ်တလောမှာ အသက် ၂၁ နှစ်ရှိပြီဖြစ်တဲ့ မင်းသားနဲ့ သက်တူရွယ်တူပင်ဖြစ်တဲ့ မော်ဒယ်မှသည် သရုပ်ဆောင်တစ်ဦးဖြစ်လာခဲ့တဲ့ ဇန်ဒါယာတို့ဟာ အဆိုပါအလည်အပတ်ခရီးမှာ ဖိနပ်ဆင်တူ စီးထားတာကို တွေ့ရပါတယ်။ ယခင်ကလည်း သူတို့နှစ်ဦးဟာ မကြာခဏ အတူတွေ့ဆုံခဲ့ကြတာ တွေ့ရပါတယ်။ ဒီလို ရင်းနှီးလွန်းတဲ့ ဆက်ဆံရေးမျိုးရှိခဲ့ပေမယ့် မင်းသမီး ဇန်ဒါယာက မီဒီယာတွေနဲ့ တွေ့ဆုံချိန်တိုင်းမှာ သူတို့နှစ်ဦးအကြားက ဆက်ဆံရေးနဲ့ပတ်သက်ပြီး သူငယ်ချင်းတွေသာဖြစ်ကြောင်း ဖြေကြားလေ့ရှိတယ်လို့လည်း သိရပါတယ်။

သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်အတွင်း ချစ်သူတွေဖြစ်နေကြောင်း ကောလာဟလတွေ စတင်ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ “Spider-Man: Homecoming” ရုပ်ရှင်မှာ စတင်တွေ့ဆုံခဲ့ကြတဲ့ သူတို့နှစ်ဦးဟာ ရုပ်ရှင်ရိုက်ကူးနေစဉ်ကာလတွေအတွင်း အတူတွဲသွားတာကို တွေ့ခဲ့ရတာကြောင့် ချစ်သူတွေဖြစ်နေကြောင်း အသံတွေထွက်လာခဲ့ပါတယ်။ ဒါပေမယ့် ကာယကံရှင်တွေက ငြင်းဆိုခဲ့ပါတယ်။ အဲဒီနောက် ရုပ်ရှင်ကို ရုံတင်ခဲ့ပြီး ရိုက်ကူးရေးလုပ်ငန်းအားလုံးပြီးသွားချိန်မှာလည်း နှစ်ဦးသားအတူတွဲကာ တွေ့နေရဆဲဖြစ်ပါတယ်။ ဒါကြောင့် ကောလာဟလတွေ ထပ်မံပေါ်ထွက်လာခဲ့ပေမယ့် ဇန်ဒါယာက ချစ်သူတွေမဟုတ်ကြောင်း ငြင်းဆိုခဲ့တာ ဖြစ်ပါတယ်။

# သုံးပွင့်ဆိုင်ဇာတ်လမ်းနဲ့ ဆယ်လီနာဂိုမက်ဇ်

အမေရိကန်ပေါ့ပ်ကြယ်ပွင့် ဆယ်လီနာဂိုမက်ဇ်ရဲ့ အချစ်ဇာတ်လမ်းကတော့ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းမှစကာ လတ်တလောအချိန်အထိ မတည်မငြိမ်ဖြစ်နေတာတွေ့ရပါတယ်။ အများကို အံ့အားသင့်သွားစေတဲ့ အာရန်ဘီတေးသံရှင် သယ်ဝိခ်ကန်းနဲ့ ရုတ်တရက်လက်တွဲခဲ့ပြီး တစ်နှစ်တောင်မပြည့်သေးတဲ့ ကာလအတွင်းမှာပင် ချစ်သူဟောင်း ဂျက်စတင်ဘီဘာနဲ့ ပြန်လည်လက်တွဲခဲ့ပြန်ပါတယ်။ လက်ရှိမှာတော့ ဂျက်စတင်ဘီဘာနဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေပေါ်ထွက်နေပြီး နှစ်ဦးသားကိုလည်း အတူမတွေ့ရတော့ပါဘူး။ လတ်တလောမှာတော့ ဆယ်လီနာဂိုမက်ဇ်ရဲ့ ချစ်သူဟောင်း



သယ်ဝိခ်ကန်းဒ်ဟာ ပရိသတ်တွေကို ကြိုတင်အသိပေးခဲ့ခြင်းမရှိဘဲ တေးအယ်လ်ဘမ်သစ်ကို ထုတ်လွှင့်ခဲ့ပါတယ်။ ယင်းတေးအယ်လ်ဘမ်သစ်မှာပါဝင်တဲ့ တေးသီချင်းတွေဟာ ဆယ်လီနာဂိုမက်ဇ်ကို ရည်ရွယ်ထားတာဖြစ်ကြောင်း တေးအယ်လ်ဘမ်ထုတ်လွှင့်မှုနဲ့အတူ ကောလာဟလတွေပါ တစ်ပြိုင်တည်းပေါ်ထွက်လာခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပရိသတ်တွေက ပြီးခဲ့တဲ့ မတ် ၂၉ ရက်မှာ စတင်ထုတ်လွှင့်ခဲ့တဲ့ သယ်ဝိခ်ကန်းဒ်ရဲ့ တေးအယ်လ်ဘမ်သစ် “My Dear Melancholy” ဟာ ချစ်သူဟောင်း ဆယ်လီနာဂိုမက်ဇ်ကို ရည်ရွယ်ရေးသားထားတဲ့ တေးသီချင်းတွေပါဝင်ကြောင်း ပရိသတ်တွေက ဝေဖန်ခဲ့ပါတယ်။ အဆိုပါတေးအယ်လ်ဘမ်သစ်ဟာ တေးသီချင်းစုစုပေါင်း ခြောက်ပုဒ်သာပါဝင်တဲ့ မီနီတေးအယ်လ်ဘမ်တစ်ခု ဖြစ်ပါတယ်။ ယင်းမှာ ပါဝင်တဲ့ တေးသီချင်းတွေအနက် “Try Me”၊ “Wasted Times”နဲ့ “Call Out My Name”တို့ဟာ ဆယ်လီနာကို ရည်ရွယ်ကြောင်း လူပြောများပါတယ်။ “Call Out My Name”တေးသီချင်းကတော့ ကျောက်ကပ်ခွဲစိတ်ကုသမှုခံယူခဲ့ရတဲ့ ဆယ်လီနာအကြောင်းကို ပုံဖော်ထားတာဖြစ်ကြောင်း အများက ဆိုကြပါတယ်။

ဒီတေးအယ်လ်ဘမ်သစ်ထွက်ရှိခဲ့ပြီးနောက်မှာ ဆယ်လီနာဂိုမက်ဇ်က သူ့ရဲ့ အင်စတာဂရမ်ပေါ်မှာ ရယ်မောနေတဲ့ သူ့ရဲ့ပုံရိပ်တွေကို ဖော်ပြခဲ့ပါတယ်။ ဒီလို ဖော်ပြခဲ့ရာမှာလည်း ပရိသတ်တွေက ဆယ်လီနာအနေနဲ့ ဟားတိုက်ရယ်မောနေခြင်းဟာ သယ်ဝိခ်ကန်းဒ်ရဲ့ တေးအယ်လ်ဘမ်သစ်နဲ့ပတ်သက်ပြီး တုံ့ပြန်လိုက်တာဖြစ်တယ်လို့ ဆိုကြပြန်ပါတယ်။

လက်ရှိမှာတော့ ဆယ်လီနာဂိုမက်ဇ်ရဲ့ အချစ်ရေးဟာ သို့လောသို့လောအခြေအနေမှာသာ ရှိနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ချစ်သူများနေ့နောက်ပိုင်း သူ့ကို ဂျက်စတင်ဘီဘာနဲ့ အတူတွဲကာ တွေ့ခဲ့ရပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာတော့ ဆယ်လီနာအနေနဲ့ ဩစတြေးလျကို သူငယ်ချင်းတွေနဲ့ အလည်အပတ်ထွက်နေစဉ် ဂျက်စတင်ဘီဘာကတော့ မော်ဒယ်တစ်ဦးနဲ့ တေးဂီတဖျော်ဖြေပွဲ အတူကြည့်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာလည်း ယင်းမော်ဒယ်လ်မလေးနဲ့ အတူတွေ့ခဲ့ရပါသေးတယ်။ ဒါကြောင့် ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း ပြန်လည်လက်တွဲခဲ့ကြတဲ့ ဂျက်စတင်ဘီဘာနဲ့ ဆယ်လီနာဂိုမက်ဇ်တို့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေထွက်ခဲ့ပြီး ကာယကံရှင်တွေကတော့ အတည်ပြုပြောကြားခဲ့ခြင်း မရှိပါဘူး။ ဒါပေမယ့် ဆယ်လီနာနဲ့ ဂျက်စတင်ဘီဘာတို့ရဲ့ တစ်ကျော့ပြန်အချစ်ခရီးဟာ အေးစက်သွားခဲ့ပြီလို့တော့ ဆိုရမှာဖြစ်ပါတယ်။

# မြို့လယ်သင်္ကြန်

ဆုငှက်

၂၆ဘီလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်း (၈၄လမ်း) ဆုံသည့်နေရာသည် ယခင်က မန္တလေး၏ အထင်ကရနေရာကြီးဖြစ်ခဲ့ပါ၏။ ထိုနေရာ၏ အနောက် တောင်ထောင့်တွင် နာမည်ကျော်ဈေးချိုကြီးရှိသည်။ နာရီစင်ကြီးရှိသည်။ အခုတော့ နှစ်တစ်ရာကျော်ပြီးပေါ့။ ကြံဖန်ကျေးဇူးတင်ရရင်ဖြင့် နာရီစင်ကို ယခုထိ မပျက်မယွင်းမြင်နေရခြင်း ဖြစ်ပါသည်။ မန္တလေး၏ အဖိုးတန်အမွေအနှစ်ဖြစ်သော ဈေးချိုတော်ရုံကြီး ၁၂ ရုံကဖြင့် အနိစ္စသဘောဖြင့် ကိစ္စချောလေပြီ။ ဒီနေရာတွင် ခပ်လွယ်လွယ်အနိစ္စသဘောဟု ပြောရသော်လည်း တကယ်တော့ သည့်ထက်မက နှစ်ထောင်ချီ သက်တမ်းရှည်သင့်ပါလျက် ကာလဒေသပယောဂဖြင့် ချုပ်ငြိမ်းရလေသောကြောင့် ဝမ်းနည်းရပါသည်ဟု ပြောရုံပဲ တတ်နိုင်ပါသည်။

**မန္တလေး၏ အသည်းနှလုံး**

ထိုလမ်းဆုံတွင် တစ်ချိန်က ခတ်ရထားတွေ မောင်းနှင်ဖြတ်သန်းခဲ့ဖူးသည်။ အရှေ့ရုံးကြီးမှ ဂေါဝိန်၊ ဘုရားကြီးစသည့်လမ်းကြောင်းများအတွက် ထိုလမ်းဆုံကို ဖြတ်သန်းကြသည်။ ဈေးချိုတော်သည် မန္တလေး၏ အသည်းနှလုံးဖြစ်ခဲ့သည်မို့ မည်သည့်အကြောင်းအရာဖြစ်စေ ဈေးချိုတော်ကို ဦးတိုက်ရမြဲဖြစ်ပါ၏။ ထိုလမ်းဆုံတွင် ၁၃၀၀ ပြည့် အရေးတော်ပုံကာလကလည်း ရဟန်းရှင်လူ ကျောင်းသားပြည်သူတွေ ဖြတ်သန်းခဲ့ဖူးသည်။ ထို့အတူ စီမံကိန်းစီးပွားရေးခေတ်ကလည်း နေ့ကြီး ရက်ကြီး အထိမ်းအမှတ်ပွဲများအတွက် လူထုစစ်ကြောင်းတွေ ဖြတ်သန်းခဲ့ဖူးသည်။

ထို့အတူ. . .။

သင်္ကြန်ကာလ၌ ၂၆ဘီလမ်းသည် အထင်ကရ နေရာတွင် ပါဝင်ခဲ့သည်မှာလည်း အမှတ်တရဖြစ်သည်။ ၁၉၇၀ ပြည့်ဝန်းကျင်က ဗဟိုဆုပေးမဏ္ဍပ်ဆိုတာ မန္တလေးဈေးချိုတော်ကို အခြေခံပြီး မန္တလေး၏ အထင်ကရလမ်းမကြီးဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ် ကျောက်သွေးတန်းအရပ်တွင် အစဉ်အဆက် တည်ရှိခဲ့သည်။ ၈၄လမ်း၊ ၂၉လမ်းနှင့် လမ်း ၃၀ကြား (ထိုစဉ်က) ဟံသာဝတီသတင်းစာတိုက် အဆောက်အအုံရှေ့မှာ ဖြစ်သည်။ ထိုနေရာကား သတင်းစာတိုက်မဖြစ်ခင်က ပြန်ကြားရေးစာဖတ်ခန်း ဖြစ်ခဲ့သည်။ ထို့ကြောင့် ပြန်ကြားရေး စာဖတ်ခန်းကို အခြေပြုပြီး မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ကို တည်ဆောက်ခြင်းဖြစ်သည်။ ဗဟိုမဏ္ဍပ်၏ တောင်ဘက်သုံးပြုအတွင်းမှာ နာမည်ကျော်နဂါးမယ်ရေသဘင် မဏ္ဍပ်ရှိသည်။ နဂါးမယ်သည် နဂါးဆေးလိပ် ကုမ္ပဏီမှ ပိုင်ရှင်ဖြစ်သူ နဂါးဒေါ်ဦးက ဦးစီးပြီး ဆေးလိပ်သမလေးတွေ အများဆုံးပါဝင်ဖွဲ့စည်းထားသည့် အသင်းတစ်သင်းဖြစ်သည်။

**မူလနာမည်မှာ ရေနန်းသူဇာ**

နဂါးဆေးလိပ်သည် မြန်မာတစ်ပြည်လုံး ဖြန့်ကြက်ကာ နေရာရနေသော်လည်း ပိုင်ရှင်နဂါးဒေါ်ဦးက သင်္ကြန်ကို သူ၏ဆေးလိပ်ကြော်ငြာအတွက် လုံးဝအသုံးချခဲ့ခြင်းမရှိခဲ့။ နဂါးမယ်ဟု နာမည်တပ်ခေါ်ဝေါ်ခဲ့ကြသော်လည်း သူ၏အသင်း မူလနာမည်မှာ ရေနန်းသူဇာဖြစ်သည်။ ပေ ၁၀၀ ကျော်ဝန်းကျင်ရှိ ကြီးမားခံ့ညားသော ရေသဘင်မဏ္ဍပ်ကြီးတွင် ဆေးလိပ်နှင့်ပတ်သက်သည့် ကြော်ငြာစာသား မဆိုထားဘိ။ ဆေးလိပ်နှင့်ပတ်သက်သည့် ဒီဇိုင်း၊ အရောင်၊ ရုပ်ပုံပင် တစ်စွန်းတစ်စမျှမပါရှိခဲ့သည်မှာ အမှတ်တရဖြစ်ခဲ့သည်။ နဂါးခေါင်းဆောင်းထားသည့် နန်းဝတ်နန်းစားနှင့် နဂါးမယ်လေးတွေ ရေကြည်ကြည် ချောင်းစပ်မှာ ပျော်ရွှင်စွာ ရေပက်ကစား မြူးထူးနေကြသည့် ပန်းချီကိုပဲ သရုပ်ဖော်ထားသည်။ စကားစပ်၍ နဂါးဒေါ်ဦးနှင့် ပတ်သက်ပြီး ထပ်မံသတိရဖွယ်မြင်ကွင်းကိုလည်း ပြောပါရစေဦး။

နဂါးမယ်ရေသဘင် မဏ္ဍပ်တွင် ဒေါ်ဦးက ကျိုကျိုတက်ချမ်းသာသော သူဌေးမကြီးဖြစ်သည်။ အတူဆင်နွှဲကပြသူတွေက သူ၏ဆေးလိပ်သမလေးတွေ အများစုဖြစ်သည်။ ဒါပေမယ့် ဒေါ်ဦးက လူထောင်သောင်းရှေ့မှာ ဆိုဖာ ဆက်တီကြီးနှင့် အခြွေအရံအသင်းအပင်းနှင့် အပူ၊ အအေးဘူး၊ အစားအသောက်အစုံဖြင့် ဇိမ်ခံပြီး အဖျော်ဖြေခံအသားယူသူ မဟုတ်။ ဆေးလိပ်သမလေးတွေနှင့် ကြမ်းပြင်ပေါ် လက်ပွန်းတတီးထိုင်ပြီး အတူပါဝင်ဆင်နွှဲသူ ဖြစ်သည်။ နောက်ပိုင်းအသက်ကြီး၍ အထိုင်အထ ခက်ပါမှ သာမန်ဆက်တီထိုင်ခုံနှင့် ရောနှောထိုင်ခြင်းပဲ ရှိပါသည်။ နဂါးမယ်သည် မန္တလေးသင်္ကြန်နှင့်ပတ်သက်၍ ရင်အခုန်အခံစားဆုံးဟု ပြောရလျှင် လွန်မည်ဟု မထင်ပါ။ အဘယ်ကြောင့်ဆိုသော် သင်္ကြန်မတိုင်မီ တစ်လကျော်မှစပြီး ဒေါ်ဦး၏ နေအိမ်တိုက်ကြီးပေါ် ဆိုင်းဝိုင်းကြီးတင်ပြီး ဆေးလိပ်သမလေးတွေနှင့် သင်္ကြန်တီးလုံးတွေတိုက်ကြ၊ သင်္ကြန်အကတွေတိုက်ကြတာ နှစ်စဉ်ဖြစ်သည်။

**နာမည်ကျော် ရွှေမန်းမေ**

ကြုံတုန်းဆိုတုန်း ပြောရလျှင်တော့





နဂါးမယ်နှင့်တက္ကသိုလ်မောင် (၂)။

> ❝ ထိုစဉ်က နာမည်ကျော်ရုပ်ရှင် မင်းသားဝင်းဦးသည် တစ်ပြားတစ်ချပ်မှ ကိုယ်ကျိုး စီးပွားမပါရှိဘဲ မန္တလေးသင်္ကြန်ကို အနုပညာဖြင့် အားဖြည့်ခဲ့ . . . ယနေ့ မန္တလေးသင်္ကြန်များ၌ သူ့ရေကစားမဏ္ဍပ် ကိုယ့်ရေကစားမဏ္ဍပ် အပြိုင်အဆိုင် မင်းသား၊ မင်းသမီးတွေ အဆိုတော်တွေ၊ မော်ဒယ်တွေ၊ ငွေကျပ်သိန်းဆယ်ချီ၊ ရာချီ ပေးကာ ငှားရမ်းကြ... ❞

နဂါးမယ်လိုပဲ သင်္ကြန်ကို ဝီရိယလွန်ကဲတဲ့ အသင်းတစ်သင်းရှိသေးသည်။ ဒီအသင်းကလည်း ၂၆ ဘီလမ်းနှင့် မနီးမဝေး ၈၆ လမ်းနှင့် ၈၇လမ်းကြား၊ ၂၇လမ်း (ပန်းဆိုးတန်းလမ်း)ပေါ်ရှိ နာမည်ကျော် ရွှေမန်းမေ အမျိုးသမီးရေသဘင်အဖွဲ့ ဖြစ်သည်။ အပျိုကြီးဒေါ်ထားရီ ဦးစီးသော ရွှေမန်းမေသည် ဈေးချိုသူလေးတွေ အများဆုံးပါဝင်တာမို့ မန္တလေးသားများ၏ မျက်ရှုသဖွယ်ဖြစ်သည်။ သူတို့လေးတွေကလည်း သင်္ကြန်မတိုင်ခင်ကတည်းက ဘာအဝတ်အစားဝတ်မှာလဲဆိုတာကို ကဲလွန်း သဲလွန်းစွာ ဝီရိယပိုတတ်သည်။ သီချင်းနဲ့ ကကြိုးကကွက်တွေကတော့ သူတို့ကသိပ်တိုက်စရာမလို။ ရှိပြီးသား ကိုယ်ပိုင်သီချင်းတွေကို နှစ်စဉ်သီဆိုသည်။ အဝတ်အစားမှာတော့ သင်္ကြန်လေးရက်မှာ တစ်ရက်မှမထပ်စေရ။ အခြားသင်္ကြန်အဖွဲ့တွေလို တူညီဝတ်စုံတွေမဟုတ်။ ကိုယ့်စိတ်ကြိုက် ကိုယ့်ဝတ်စုံနှင့်ကိုယ် အလှပြိုင်ကြသည့်အဖွဲ့ ဖြစ်သည်။ ရွှေဆိုင်ငွေဆိုင်တန်းသူတွေမို့ အဝတ်အစားသာမက ရတနာပစ္စည်းတွေကလည်း ပွဲနေပွဲထိုင်အလား ဖျပ်ဖျပ်လက် နေသည်။

**မဟာမုနိဘုရားကြီးသို့ သင်္ကြန်အလှပြယာဉ်များ သွားရောက် ကန်တော့**

ထိုစဉ်ကာလ မန္တလေးသင်္ကြန်ဆိုတာ မြို့ထဲရှိ ရပ်ကွက်အသီးသီးတွင် မဏ္ဍပ်ချင်းဆက်စည်ကားသည့် သင်္ကြန်ဖြစ်သည်။ အဓိက လမ်းမကြီးများဖြစ်သော ၈၄လမ်း၊ လမ်း၈၀၊ ကမ်းနားလမ်း၊ လမ်း ၃၀အရှေ့ခြမ်း၊ ၂၆ ဘီလမ်းအနောက်ခြမ်း၊ အနောက်ကျုံးလမ်း၊ ဒီဘိုးလမ်း၊ ဈေးချိုအနီးတစ်ဝိုက်၊ တာရဲတန်းစသည်တို့တွင် စည်ကားသည်။ ဈေးချိုသည် မန္တလေး သင်္ကြန်အဖွဲ့များ ဆုံမှတ်ဖြစ်ပေသည်။ အကြိုနေ့ ရောက်ရင်ဖြင့် မန္တလေးသင်္ကြန်ထုံးစံအတိုင်း မဟာမုနိဘုရားကြီးသို့ သင်္ကြန်အလှပြယာဉ်များ သွားရောက်ကန်တော့ကြလျှင် ဈေးချိုရှေ့မှ စည်ကားဖြတ်သန်းကြသည်ချည်းဖြစ်သည်။ ဒီနှစ်သင်္ကြန်အတွက် မည်သည့် အလှပြယာဉ်များ မည်သို့မည်ပုံဆင်ယင်၍ မည်သို့မည်ပုံ တီးမှုတ်ဖျော်ဖြေကြမည်ကို အကြိုနေ့ ညနေမှာပင် ဈေးချိုရှေ့မှထိုင်ပြီး ကြည့်ရှုမြည်းစမ်းနိုင်သည်။ ၂၆ ဘီလမ်း နာရီစင်အနောက်ဘက်မှာ ၁၉၈၀ ပြည့် ဝန်းကျင်ကာလများ၌ ဈေးချိုသူဟူ၍ အမျိုးသမီးရေသဘင်အဖွဲ့ တည်ရှိခဲ့ဖူးသည်။ ကျယ်ဝန်းသောမဏ္ဍပ်ကြီးဖြင့် စည်ကားသိုက်မြိုက်စွာ နာမည်ကျော်သည့် အသင်းကြီးလည်း ဖြစ်သည်။

**အကမှာ နှစ်စဉ် ပထမ**

ဈေးချိုသူ အနောက်ဘက် တစ်ပြကျော်အကွာမှာလည်း သီရိရွှေစင်အမည်ရှိ အမျိုးသမီးသင်္ကြန်မဏ္ဍပ်တစ်ခု ရှိခဲ့ဖူးသည်။ ယခု ဦးဇော်မြင့်တို့ ရီမြင့်ရုပ်ရှင်ဖြန့်ချိရေးဝင်းပေါက်မှာ ဖြစ်သည်။ သီရိရွှေစင်ကလည်း ဈေးချိုသူတွေမို့ အချောအလှပြောစရာမရှိ အများအာရုံစိုက်ခံရသည့် အသင်းတစ်သင်းဖြစ်ခဲ့သည်။ ထိုအသင်းနှင့်ကျောကပ် ၂၇ လမ်းပေါ်မှာက စောစောကပြောခဲ့သည့် ရွှေမန်းမေရှိသည်။ ရွှေမန်းမေရဲ့ တောင်ဘက် တစ်ပြအကွာ ၈၇လမ်းနှင့် ၂၈ လမ်းထပ်မှာက လှသူဇာ အဖွဲ့ရှိသည်။ လှသူဇာကလည်း ကိုင်းတန်းဈေးပွဲစား၊ ပွဲကတော်များ၏ သမီးများမို့ အညွန့်အဖူးများ ဖြစ်သည်။ လှသူဇာနာမည်ကြီးတာက အကမှာ နှစ်စဉ်ပထမရသည်။ သီချင်းတွေလည်း ကောင်းသည်။

၂၆ ဘီလမ်းအတိုင်း အနောက်ဘက်ဆင်းတော့ ပွဲကုန်းလမ်းတန်းမှာ ပွဲညွန့်သူဇာ အမည်ရှိ အမျိုးသမီးရေသဘင်အဖွဲ့ တစ်ဖွဲ့ ရှိပြန်သေးသည်။ ပွဲညွန့်သူဇာကလည်း ထိတ်ထိတ်ကြဲတွေချည်း။ မဏ္ဍပ်ကြီးကလည်း သစ်စက်ပိုင်ရှင်များရှိသည့်အရပ်မို့ ခံ့ခံ့ညားညား ကြီးမားကျယ်ပြန့်သည်။ မန္တလေးမြို့သို့ နာမည်ကျော် ရုပ်ရှင်မင်းသား ဝင်းဦး မြို့မအလှပြယာဉ်နှင့် လိုက်ပါဖျော်ဖြေစဉ် နှစ်ဦးကာလတစ်ခု၌ ဝင်းဦးနှင့် အစွဲအလမ်းကြီးသော မန္တလေးသင်္ကြန်ပရိသတ်တို့ စိတ်အခန့်မသင့်ဖွယ် ပြဿနာတစ်ရပ်ဖြစ်ခဲ့ဖူးသည်။ ဒါပေမယ့် နောက်နှစ်တွေမှာတော့ မင်းသားနှင့် ပရိသတ် ချစ်ခင်ရင်းနှီးသွားတော့ ထိုအဖြစ်အပျက်သည်ကပင် ရယ်သွမ်းသွေးစရာ ဖြစ်ရပြန်သတဲ့။

**မန္တလေး သင်္ကြန်ကို အနုပညာဖြင့်အားဖြည့်ခဲ့သည်မှာ**

ဒီလိုနဲ့ ထိုစဉ်က နာမည်ကျော်ရုပ်ရှင် မင်းသားဝင်းဦးသည် တစ်ပြားတစ်ချပ်မှ ကိုယ်ကျိုးစီးပွားမပါရှိဘဲ မန္တလေးသင်္ကြန်ကို အနုပညာဖြင့်အားဖြည့်ခဲ့သည်မှာ ဆယ်စုနှစ်တစ်နှစ်စွန်းတိုင် ကြာမြင့်ခဲ့ပါ၏။ ယနေ့ မန္တလေးသင်္ကြန်များ၌ သူ့ရေကစားမဏ္ဍပ် ကိုယ့်ရေကစားမဏ္ဍပ် အပြိုင်အဆိုင် မင်းသား၊ မင်းသမီးတွေ၊ အဆိုတော်တွေ၊ မော်ဒယ်တွေ ငွေကျပ်သိန်းဆယ်ချီ၊ ရာချီ ပေးကာ ငှားရမ်းကြသည့်အဖြစ်ကို မြင်ရတော့၊ သြော်---အနုပညာချစ်ကြသတဲ့လား။ ပရိသတ်ကို ချစ်ကြသတဲ့လား ဟုသာ ဩချဖွယ်ဖြစ်ရ၏။

ရုပ်ရှင်မင်းသား၊ အဆိုတော်၊ စာရေးဆရာ၊ ဒါရိုက်တာ၊ အကယ်ဒမီများရှင် မင်းသားကြီးဝင်းဦးသည် တမလွန်ဘဝမှနေ၍ခေါင်းတယမ်းယမ်းဖြစ်နေမှာလေလား စဉ်းစားမိပါ၏။

# မြန်မာနှစ်သစ်ကူးအထူး အစီအစဉ်
# THE BEST DEAL AWAITS YOU.

BMW
Sheer Driving Pleasure




| ကားမော်ဒယ် | (၂)နှစ် လစဉ်ပေးသွင်းငွေ | (၃)နှစ် လစဉ်ပေးသွင်းငွေ | အထူးသက်သာသော အခွင့်အရေး |
|---|---|---|---|
| BMW X1 | 4,320,000 ကျပ် | 3,060,000 ကျပ် | 12,800,000 ကျပ် |
| BMW 3 Series | 4,470,000 ကျပ် | 3,170,000 ကျပ် | 15,800,000 ကျပ် |
| BMW 2 Series | 3,800,000 ကျပ် | 2,700,000 ကျပ် | 19,800,000 ကျပ် |

*** အရေအတွက် ကန့်သတ်ထားပါသဖြင့် ဧပြီလအတွင်း Prestige Automobiles သို့ အမြန်လှမ်းခဲ့ဖို့ ဖိတ်ခေါ်အပ်ပါသည်။

BMW ကားများအား စမ်းသပ်မောင်းနှင်(test drive)ရင်း BMW Lifestyle အမှတ်တရလက်ဆောင်ပစ္စည်းများ ရယူလိုက်ပါ။ Call for test drive 01 230 6133.

**Terms and conditions apply.**

***** 30% Downpayment**

**BMW Yangon Showroom:** အမှတ် (၄၈၅)၊ ပြည်လမ်းနှင့် နာနတ်တောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
**BMW Pavilion Mandalay Showroom:** ရွှေမန်းတောင်ဂေါက်ကွင်း (မန္တလေးတောင်ခြေ) ဥပုသ်တော်ရပ်ကွက်၊ မန္တလေး - မတ္တရာလမ်း၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေး။
Email: info@pac-bmw.com Website: www.bmwmyanmar.com www.facebook.com/BMWPAC

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တက်ရောက်နေသူများအတွက် IT Engineer တစ်ယောက်အဖြစ် ရပ်တည်နိုင်ရန် ပြုစုပျိုးထောင်ပေးနေသည့် *Only One School in Myanmar*



METRO
IT & Japanese Language Centre

**Japan Style Education**

**2018 July တန်းခွဲသစ်အတွက် ကျောင်းအပ်လက်ခံနေပါပြီ။**

**IT & ဂျပန်ဘာသာ**

# System Creator Course ( 2 years )

- ဂျပန်နိုင်ငံ Nagasaki မြို့ရှိ Metro IT Business College မှ တိုက်ရိုက်ချမှတ်ပေးသည့် IT ဘာသာရပ် သင်ရိုးညွှန်းတမ်းများအတိုင်း Japan Style Education ကို မြန်မာနိုင်ငံတွင် ပညာသင်စရိတ် ချိုသာစွာ (တစ်နှစ်လျှင် 22 သိန်းကျပ်) ဖြင့် သင်ကြားပေးနေသော သင်တန်းကျောင်း
- ဂျပန်နိုင်ငံ၏ IT ကုမ္ပဏီများတွင် IT Engineer များအဖြစ် အလုပ်အကိုင် ဝင်ရောက်နိုင်ရန် ဂျပန် ဘာသာရပ်ကို ကျွမ်းကျင်စွာ တက်မြောက်သည် အထိ 2 နှစ်တာ အခမဲ့ တွဲဖက်သင်ကြား ပေးနေသော သင်တန်းကျောင်း
- ဂျပန်နိုင်ငံမှ IT ပညာရှင် ဆရာများက ဦးစီး၍ အတွေ့အကြုံရှိ IT ပညာရှင် မြန်မာလူမျိုး ဆရာ၊ ဆရာမများက IT ဘာသာရပ်များကို သင်ကြား ပေးပြီး ဂျပန်ဘာသာရပ်တွင်လည်း သင်ကြားရေး အသိအမှတ် ပြုလက်မှတ်ရ ဂျပန်လူမျိုး Native ဆရာများနှင့် အတွေ့အကြုံရှိ မြန်မာလူမျိုး ဆရာ၊ ဆရာမများက သင်ကြားပေးနေသော သင်တန်းကျောင်း
- သင်တန်းကာလမှာ2နှစ်ဖြစ်ပြီး ကျောင်းသင်ခန်းစာများအပြင် Extra Curricular Activity လှုပ်ရှားမှုများ၊ လုပ်ငန်းခွင်တွင် အထောက်အကူ ဖြစ်စေမည့် Presentation Skill အတွက် လေ့ကျင့်ပေးမှုများ၊ ပျော်ရွှင်ဖွယ်ရာ School Event များပါဝင်ပြီး အဓိပ္ပါယ်ပြည့်ဝသော ကျောင်းသားဘဝကို ခံစားရရှိမည့် သင်တန်းကျောင်း
- ကျောင်းသားတစ်ဦးချင်းစီအား Continuous Assessment System ဖြင့် သင်ကြားအကဲဖြတ်ပေးပြီး သင်တန်းကာလ ပြီးမြောက်ချိန်တွင်လည်း ကျောင်းသား တစ်ဦးချင်းစီအား အလုပ်အကိုင်လမ်းညွှန်မှု (Job Guidance)နှင့် လုပ်ငန်းခွင်များသို့ အလုပ်အကိုင် ဝင်ရောက်နိုင်စေရန် အလုပ်မိတ်ဆက်ပေးခြင်း(Job Introduction)များကို ဆောင်ရွက်ပေးနေသော သင်တန်းကျောင်း
- သင်တန်းကာလ 2 နှစ်တာ ပြီးမြောက်ချိန်တွင် အသိအမှတ်ပြု Diploma အောင်လက်မှတ် ရရှိမည်ဖြစ်ပြီး စနစ်ကျနသည့် သင်ကြားရေး နည်းဗျူဟာများကြောင့် Japan နိုင်ငံနှင့် အခြားသော နိုင်ငံတကာ အသိအမှတ်ပြု IT အရည်အချင်းစစ် အင်ဂျင်နီယာ အောင်လက်မှတ်များ(ITPEC Exam ၏ IP,FE အောင်လက်မှတ်များ)ကို ရရှိနိုင်အောင် သင်ကြားပေးနေသော သင်တန်းကျောင်း
- တွဲဖက်သင်ကြားပေးသည့် ဂျပန်ဘာသာရပ်တွင်လည်း ဂျပန်နိုင်ငံ အသိအမှတ်ပြု ဂျပန်ဘာသာ အရည်အချင်း (N5,N4,N3,N2) level အသီးသီး အောင်လက်မှတ်များ ရရှိပိုင်ဆိုင်နိုင်အောင် လေ့ကျင့်သင်ကြားပေးနေသော သင်တန်းကျောင်း
- သန့်ရှင်းသပ်ရပ်သော စာသင်ခန်းများအတွင်း ပြီးပြည့်စုံသော သင်ထောက်ကူပစ္စည်းများဖြင့် စိတ်အေးချမ်းမြေ့စွာ ပညာသင်ယူနိုင်သော သင်တန်းကျောင်း

## IT Course Seminar ( Yangon )

**Date : 8 April 2018 ( Sunday )**
**Time : 1:00 pm ~ 3:00 pm**

စိတ်ပါဝင်စားသူများ ဖုန်းဖြင့် ကြိုတင်စာရင်းပေးပြီး အခမဲ့ တက်ရောက်ဆွေးနွေးနိုင်ပါသည်။

**01-372691, 09-262007900, 09-976334160**

Room No(A,B,C,D), 3rd Floor, Kyaw Business Tower Condo,Pansodan Street (Middle Block), Kyauktada Township, Yangon.
mminfo@metro-myanmar.com www.metro-myanmar.com/mic metrogroupmyanmar

## IT Course Seminar ( Mandalay Branch )

**Date : 7 April 2018 ( Saturday )**
**Time : 1:00 pm ~ 3:00 pm**

စိတ်ပါဝင်စားသူများ ဖုန်းဖြင့် ကြိုတင်စာရင်းပေးပြီး အခမဲ့ တက်ရောက်ဆွေးနွေးနိုင်ပါသည်။

**09-401000510, 09-401000520**

Room No(7), Mandalay ICT Park, 3rd Floor, Yadanarbon Super Center, Corner of 34 x 78 Street, Mandalay.
mminfo@metro-myanmar.com www.metro-myanmar.com/mic metrogroupmandalay

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဗိုလ်မှူးချုပ်မျိုးအောင်(ငြိမ်း)

**သံအမတ်ကြီး (ငြိမ်း)**

**အသက် (၉၂)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဆယ်သိန်းရပ်ကွက်၊ တော်စတာ ဉယျာဉ်အိမ်ရာ၊ အမှတ်(၃၃)၊ သစ္စာလမ်းနေ ဒေါ်ခင်မြထူး၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးချုပ်မျိုးအောင်(ငြိမ်း)သည် ၁-၄-၂၀၁၈ ရက် (တနင်္ဂနွေနေ့) ည ၇း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဗိုလ်မှူးချုပ်မျိုးအောင်(ငြိမ်း)

**သံအမတ်ကြီး (ငြိမ်း)**

**အသက် (၉၂)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဆယ်သိန်းရပ်ကွက်၊ တော်စတာ ဉယျာဉ်အိမ်ရာ၊ အမှတ်(၃၃)၊ သစ္စာလမ်းနေ ဒေါ်ခင်မြထူး၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးချုပ်မျိုးအောင်(ငြိမ်း)သည် ၁-၄-၂၀၁၈ ရက် (တနင်္ဂနွေနေ့) ည ၇း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်မှူးချုပ်မျိုးအောင်(ငြိမ်း)

**အငြိမ်းစားသံအမတ်ကြီး**

**အသက် (၉၂) နှစ်**

ရန်ကုန်မြို့နေ (ဗိုလ်မှူးစိုးလင်းကျော်)-ဒေါ်ခင်မျိုးသန့်တို့၏ ချစ်လှစွာသောဖခင် အငြိမ်းစား သံအမတ်ကြီး ဗိုလ်မှူးချုပ်မျိုးအောင် အသက် (၉၂)နှစ်သည် ၁-၄-၂၀၁၈ရက် ည ၇း၄၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်တကွ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သံအမတ်ကြီး ဦးမျိုးအေး-ဒေါ်နီလာကို**
**ဆာဗီးယားနိုင်ငံဆိုင်ရာ မြန်မာသံရုံး**
**ဘဲလ်ဂရိတ်မြို့**

## ဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်မှူးချုပ်မျိုးအောင်(ငြိမ်း) (ဖြူးမြို့)

**အငြိမ်းစားသံအမတ်ကြီး**

**အသက်(၉၂)နှစ်**

ချစ်ခင်လေးစားရပါသော သံအမတ်ကြီး ဗိုလ်မှူးချုပ်မျိုးအောင် (ငြိမ်း)သည် ၁-၄-၂၀၁၈ရက် ည ၇း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝဏ္ဏကျော်ထင်ဦးလှမြင့်ဦး နှင့် ဇနီး ဒေါ်အေးအေးမြင့် မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ရဟန်းဒါယိကာမကြီး**

### ဒေါ်ညိုညို (ရေကျော်ရွာ၊ ဂွမြို့၊ ရခိုင်ပြည်နယ်)

**အသက်(၈၅)နှစ်**

ဦးအောင်စိုးသူ (MD-Alpha Security Solution & Services Co., Ltd.)-ဒေါ်နန်းညွန့်ကျင်တို့၏မိခင် ဒေါ်ညိုညို အသက်(၈၅)နှစ်သည် ၃၀-၃-၂၀၁၈ (သောကြာနေ့) ညနေ ၄း၂၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Dr Andrew နှင့် ဇနီး Rosa မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ရဟန်းဒါယိကာမကြီး**

### ဒေါ်ညိုညို (ရေကျော်ရွာ၊ ဂွမြို့၊ ရခိုင်ပြည်နယ်)

**အသက်(၈၅)နှစ်**

ဦးအောင်စိုးသူ (MD-Alpha Security Solution & Services Co., Ltd.)-ဒေါ်နန်းညွန့်ကျင်တို့၏မိခင် ဒေါ်ညိုညို အသက်(၈၅)နှစ်သည် ၃၀-၃-၂၀၁၈ (သောကြာနေ့) ညနေ ၄း၂၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Advanced Diagnostic Products Trading Co.,Ltd.**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးမျိုးအောင် (၄၈)နှစ်

**A.G.T.I (MP 96 Chauk GTI)**

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ခန္ဓာဗေဒဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာနှင်းရည်စိုး၏အစ်ကိုဖြစ်သူ ဦးမျိုးအောင်သည် ၃၀-၃-၂၀၁၈ ရက် နံနက် ၅း၁၃ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဒေါက်တာမာမာဝင်း**
**မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်**
**ရေဆင်း၊ နေပြည်တော်**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဗိုလ်မှူးချုပ်မျိုးအောင်(ငြိမ်း)

**အငြိမ်းစားသံအမတ်ကြီး**

**အသက် (၉၂) နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဆယ်သိန်းရပ်ကွက်၊ တော်စတာ ဉယျာဉ်အိမ်ရာ၊ အမှတ်(၃၃)၊ သစ္စာလမ်းနေ (ဦးတင်မောင်-ဒေါ်သန်းခင်)တို့၏သား၊ (ဦးစဝ်မြသိး-ဒေါ်အေးရင်-ဒေါ်နန်းရင်)တို့၏ သားသမက်၊ ဒေါ်ခင်မြထူး၏ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်မြင့်ထွန်း(C/O .M.O.W)-ဒေါ်ခင်မျိုးမြင့်၊ (ဗိုလ်မှူးစိုးလင်းကျော်)-ဒေါ်ခင်မျိုးသန့်၊ ဦးအောင်ဇော်သင်းတို့၏ ချစ်လှစွာသောဖခင်၊ မြေးရှစ်ယောက်၊ မြစ်ငါးယောက်တို့၏အဘေး အငြိမ်းစား သံအမတ်ကြီး ဗိုလ်မှူးချုပ်မျိုးအောင်(ငြိမ်း)သည် ၁-၄-၂၀၁၈ ရက် ည ၇း၄၅ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၁၈ရက် နံနက် ၁၁နာရီတွင် ရေဝေး သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဗိုလ်မှူးချုပ်မျိုးအောင်(ငြိမ်း)

**အငြိမ်းစား သံအမတ်ကြီး**

**အသက် (၉၂) နှစ်**

ရန်ကုန်မြို့နေ ဦးသက်လင်းမောင်-ဒေါ်မွန်ဇာမျိုးအောင်၊ ဒေါ်သင်ဇာမျိုးအောင်၊ ဗိုလ်ကြီးဇော်မျိုးကိုကို(ရေ)-ဒေါ်သက်ပိုင်စိုး၊ ဦးအိဒ္ဓိမြလှ-ဒေါ်ဖူးပွင့်စိုး၊ ဦးပြည့်ဟိန်းစိုး-ဒေါ်မြတ်ဝင်းလှိုင်၊ မောင်ယူရီအောင်မြသီး(U.S.A)၊ မသင်းသီရိသူ၊ မောင်မိုးဟိန်းခန့်တို့၏အဘိုး အငြိမ်းစားသံအမတ်ကြီး ဗိုလ်မှူးချုပ်မျိုးအောင်(ငြိမ်း)သည် ၁-၄-၂၀၁၈ ရက် ည ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၁၈ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမြေးများ

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

### ဦးကျော်သန်း (ဆင်မြီးဆွဲမြို့)

**အသက် (၉၁) နှစ်**

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ ဆင်မြီးဆွဲမြို့၊ ကြို့ကုန်းအုပ်စု အလယ်ရွာနေ ဒေါ်သိန်းချစ်၏ခင်ပွန်း၊ ဒေါ်သန်းကျင်၏အစ်ကို၊ မြို့သစ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသြဘာသမဟာထေရ်၏ခမည်းတော်၊ ဦးညွန့်ဟန်-ဒေါ်ခင်မာကြည်၊ ဒုရဲမှူးကြီးကံသိန်း၊ ဒေါ်ခင်ဖြူ(အမှတ်-၃၊ ယာဉ်ထိန်းတပ်ဖွဲ့ ခွဲမှူး၊ မန္တလေး)၊ ဦးညွန့်ဝေ-ဒေါ်သန်းအေး၊ ဦးသိန်းနိုင်-ဒေါ်နုရီတို့၏ဖခင်၊ မြေး ၁၁ ယောက်၊ မြစ်ကိုးယောက်တို့၏အဘိုးသည် ၁-၄-၂၀၁၈ ရက် ည ၇း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၁၈ ရက် မွန်းလွဲ ၁ နာရီတွင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်နီ(ဉက္ကံ)

**(ကေကေခိုင် ခေါက်ထီးဆိုင် ယုဇနပလာဇာနှင့် အဆင့်မြင့် မင်္ဂလာဈေး)**

**အသက် (၆၈)နှစ်**

ရန်ကုန်မြို့၊ အမှတ် (၁၃)၊ ဦးစံညွန့်လမ်း၊ စမ်း/မြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ (ဦးထွန်း-ဒေါ်ကျင်မြင့်)တို့၏ချစ်လှစွာသော တစ်ဦးတည်းသောသမီး၊ (ဦးစံ-ဒေါ်ကြည်)တို့၏ သမီးချွေးမ၊ ဦးခင်စိုး(ခ)ဦးခင်ဦး၏ ချစ်လှစွာသောဇနီး၊ မခင်ရတနာလှိုင်၊ ကိုဇေမင်းစိုး-မဘောဘီပြည့်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်မွေးသမိခင် ဒေါ်နီသည် ၂-၄-၂၀၁၈ (တနင်္လာနေ့) နံနက် ၇း၅၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ရဲမှူးမြင့်ဝေ (ရဲ-၂၃၄၉) (၅၅)နှစ်

**ဒုခရိုင် ရဲတပ်ဖွဲ့မှူး၊ မိုးညှင်း**

**တပ်တွင်း ဒုရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၂/၈၈)**

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နေ ဦးအောင်သိန်း-ဒေါ်ခင်သိန်းတို့၏ သား၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အောက်မင်္ဂလာဒုံ(၃) လမ်း၊ အမှတ်(၁၂၃/၅)နေ (ဦးသိန်းလွင်)-ဒေါ်မြအေးတို့၏သားသမက်၊ မဆုနှင်းဝေ(B.E.EC)၊ မောင်ညီမင်းဝေ (3rd year Dental)တို့၏ မွေးသဖခင်၊ ဒေါ်ဝင်းဝင်းခိုင်၏ခင်ပွန်း ရဲမှူးမြင့်ဝေသည် ၂-၄-၂၀၁၈ (တနင်္လာနေ့) နံနက် ၃း၃၅ နာရီတွင် Sakura ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူ အားရည်စူး၍ ၈-၄-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ကိုဝေယံမင်းမောင်

**(MT.Bravely Sincerity, AZIMUTH Myanmar Co., Ltd.)**

**အသက် (၃၃)နှစ်**

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ပုသိမ်မြေ (၁၃)လမ်းနေ (ဦးတင်မောင်ချို)-ဒေါ်မြင့်မြင့်သန်းတို့၏သား၊ ရန်ကုန်မြို့၊ အမှတ်(၁၅၇/က)၊ ရတနာသိဒ္ဓိလမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ်နေ ဦးအေးစိုး-ဒေါ်မြင့်မြင့်ခိုင်တို့၏သားသမက်၊ ကိုဘိုဘိုမောင်၊ ကိုတေဇာမင်းမောင်-မချိုနွယ်စန်းတို့၏ညီ/မောင်၊ မဇွန်သီချို၊ ကိုဘုန်းသိခ်-မချစ်ဆက်ဝေတို့၏အစ်ကို၊ မောင်မင်းဆက်ကောင်း၏ကျေးဇူးရှင်မွေးသဖခင်၊ မအိမ့်မို့မို့ခိုင်၏ချစ်လှစွာသောခင်ပွန်းသည် ၂၆-၃-၂၀၁၈ (တနင်္လာနေ့) နံနက် ၉း၃၀နာရီတွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၈ (သောကြာနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

### ဦးမျိုးအောင် (၄၈)နှစ်

**A.G.T.I (MP 96 Chauk GTI)**

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ခန္ဓာဗေဒဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာနှင်းရည်စိုး၏အစ်ကိုဖြစ်သူ ဦးမျိုးအောင်သည် ၃၀-၃-၂၀၁၈ရက် နံနက် ၅း၁၃ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆရာ/ဆရာမများနှင့် ဝန်ထမ်းများ**
**ခန္ဓာဗေဒဌာန၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်**
**ရေဆင်း၊ နေပြည်တော်**

## အနိစ္စ

**ဘုရား၊ ရဟန်းဒါယိကာမကြီး**

### ဒေါ်အေးမြင့် (ဓနုဖြူမြို့)

**အသက် (၉၂) နှစ်**

**ဓနုဖြူမြို့နယ်အသင်းကန်တော့ခံ**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟုန်းလမ်း၊ ဘူတာရပ်ကွက်၊ ပန်းလှိုင် (၂)လမ်း၊ အမှတ်(၅၈)နေ (ဦးဆယ်-ဒေါ်မိန်းကလေး)တို့၏သမီး၊ [ဦးသန်းမောင် (တာယာရောင်းဝယ်ရေး)]၏ ချစ်လှစွာသောဇနီး၊ ဦးတင်လှ-(ဒေါ်ခင်သန်း)၊ ဦးစိန်ထွန်း(အုပ်ချုပ်ရေးမှူး၊ တော်ဝင်မိသားစု Co., Ltd.)-ဒေါ်ခင်သောင်း(အလပြ-ငြိမ်း)၊ ဦးသောင်းထွန်း-ဒေါ်ဝင်းဝင်းအေး၊ ဦးစိုးလှိုင်-ဒေါ်မြသွယ်၊ ဦးအောင်နိုင်-ဒေါ်ကိုင်းကြည်၊ ဦးကျော်ဟိန်း၊ ဦးကျော်သူ-ဒေါ်မိုးမိုးလွင်၊ (ဦးကျော်ကျော်ထွေး)၊ မနီလာတို့၏ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၅ ယောက်၊ မြစ်ကိုးယောက်တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၁-၄-၂၀၁၈ (တနင်္ဂနွေနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၁၈ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၄-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အမှတ်(၁၅)၊ ရွှေလဝင်းလမ်း၊ ပထမထပ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးထိုင်ကြည်(ဒေးဒရဲ)

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၆)ရပ်ကွက်၊ ဝေဇယန္တာအနောက်(၁၀)လမ်း၊ အမှတ်(၅၃၈)နေ (ဦးမောင်ခင်-ဒေါ်ငွေစိန်)တို့၏သား၊ (ဒေါ်စန်းတင်)၏ခင်ပွန်း၊ ဦးမြင့်ထူးမောင်(ဧရာဝတီတိုင်း သ/မ စုချုပ်)-ဒေါ်ခင်မာချို (အလယ်တန်းပြ-ငြိမ်း)၊ ဦးမြင့်စိုး (Stainless Steel Decoration)-ဒေါ်ခင်စန်းကြည်၊ ဦးတင်အောင်(လားရှိုး ခေါက်ဆွဲ)-ဒေါ်ခင်မာညို၊ ဦးဝင်းဟန်-ဒေါ်ခင်မာပို၊ ဦးခင်မောင်ကြီး (Labour Asia Services Co.,Ltd.)-ဒေါ်ခင်မာတင်၊ ဦးကျော်ကျော်-ဒေါ်ခင်မာဇင်၊ ဦးရဲနိုင်ဦး-ဒေါ်တင်ဇာငြိမ်း၊ ဦးပြည်စိုး-ဒေါ်သူဇာခိုင်(Australia)၊ ဦးလင်းအင်ဟုတ်-ဒေါ်ယမင်း၊ ဦးမာအုံး-ဒေါ်သီရိဖြိုးတို့၏ဖခင်၊ မြေး ၂၇ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘိုး ဦးထိုင်ကြည်သည် ၂-၄-၂၀၁၈(တနင်္လာနေ့) မွန်းလွဲ ၁း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၁၈(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၄-၂၀၁၈ (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဦးကံငွေး(မာန်အောင်)

**အသက် (၅၁) နှစ်**

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့၊ ဇီဝကလမ်းနေ (ဦးထွန်းမြဦး)-ဒေါ်မကံပုတို့၏သား၊ (ဦးမြငွေး)၏ညီ၊ ဦးအောင်ငွေး - ဒေါ်စောစောအေး၊ ဒေါ်စန်းစန်းငွေး၊ ကိုမောင်မောင်စန်းတို့၏ အစ်ကို၊ ဒေါ်အေးအေးညွန့်၏ခင်ပွန်း၊ မောင်ဇွန်ဇင်မင်းထက်၊ မောင်ပိုင်ဇင်မင်းထက်တို့၏ဖခင် ဦးကံငွေးသည် ၃၁-၃-၂၀၁၈ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (ဆိုင်အမှတ်-မ/၄၄၊ ကျောက်တော်ကြီးဘုရား၊ မြောက်ဘက်မုဒ်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ် နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဒေါ်သိန်းညွန့်(ကုက္ကိုင်း)

**အသက်(၉၂)နှစ်**

**လှယဉ်ကျေး အထည်ဆိုင်၊ သိမ်ကြီးဈေး(ဘီ)ရုံ**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်(27-B)နေ (ဦးရင်ကြည်-ဒေါ်မြရင်)တို့၏ သမီး၊ ဦးဝင်းထိန်(မြန်မာ့ကုန်တိုက်-ငြိမ်း)-ဒေါ်တင်သန်း(နယ်စပ်ကုန်သွယ်ရေး-ငြိမ်း)၊ [ဦးသန်းဆွေ(ခ)ဦးပေါစံ]တို့၏ အစ်မ၊ ဦးဝင်းမော်-ဒေါ်ကျော်မိမိသွယ်၊ မကေခိုင်၊ မောင်ကျော်လင်း-မခင်ခင်လေးတို့၏ကြီးမေ၊ မောင်လင်းထွဋ်အောင်၏ဘွားဘွားကြီးသည် ၁-၄-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၁၈ (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးထွန်းရှိန်(ခ)ဘိုးတော်(ထက်အောင်သာဆားစက်)

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ဆန်း ABC၊ မင်္ဂလာဩဘာလမ်း၊ အမှတ် (၆၈၀/စီ)နေ ဦးနေလင်း-ဒေါ်ယဉ်ထွေး၊ ဦးကြည်ဝင်း-ဒေါ်ဝင်းညွန့်၊ ဦးအောင်လွင်-ဒေါ်စန်းနွဲ့၊ ဦးသန်းလွင်-(ဒေါ်သီတာလင်း)၊ (ဦးဝင်းညွန့်)-ဒေါ်ခင်ဝင်းကြည်၊ ဒေါ်ကြူကြူလှိုင်၊ ဦးအောင်မျိုးနိုင်-ဒေါ်ဇင်မာဝင်းတို့၏ ဖခင်၊ မြေးဆယ်ငါးယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၂-၄-၂၀၁၈ ရက် နံနက် ၃း၂၀နာရီတွင် S.S.C ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**လူမှုထူးချွန် (တတိယဆင့်)**

### ဦးသန်းကြွယ်

**(ကျွန်းစုမြို့နယ်)**

**အသက် (၈၂)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့၊ (၁)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ (ဦးစစ်ပေါင်-ဒေါ်အေးမြရင်)တို့၏သား၊ (ဦးကျန်သာ-ဒေါ်အေးထိန်)တို့၏ သားသမက်၊ (ဒေါ်ငွေရှင်)၏ခင်ပွန်း၊ ဦးအောင်သန်းဦး-ဒေါ်အေးအေးဝင်း၊ ဦးအောင်ကျော်မိုး-ဒေါ်စီစီသန်း၊ ဦးကျော်မင်းထွန်း-ဒေါ်ခိုင်မာဝေတို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၁-၄-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၄း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၈(ကြာသပတေးနေ့)တွင် ကျွန်းစုမြို့သုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးတင်စော အသက်(၈၀)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၇၆၄/၇၆၅/၇၆၆)နေ (ဦးမှုံ-ဒေါ်သင်း)တို့၏ ချစ်လှစွာသောသား၊ (ဦးမောင်တင်-ဒေါ်သန်းရှင်)တို့၏ ချစ်လှစွာသောသားသမက်၊ ဒေါ်မြမြ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသန့်စင်-ဒေါ်ကြူကြူမြသောင်း၊ ဦးဉာဏ်စင်-ဒေါ်အေးစန္ဒာတင်၊ ဒေါ်စောစန္ဒာအောင် တို့၏ ချစ်လှစွာသောဖခင်၊ ဒေါက်တာမေသူခင်၊ မအေးသီသီတင်၊ မမြတ်သစ်သစ်မွန်(အထက-၁၊ ဒဂုံ)တို့၏ ချစ်လှစွာသောအဘိုးသည် ၂-၄-၂၀၁၈ရက် နံနက် ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ မိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဦးကျော်ဝင်းမော်

**ဒုတိယအထွေထွေမန်နေဂျာ၊ ကုန်သွယ်လယ်ယာ/စားထွေ**

**အသက် (၇၉)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊ ရန်နိုင်လမ်းသွယ်(၇)၊ တိုက်(၂၁၁)၊ အခန်း(၁၀)နေ (ဦးကျော်ဖြိုး-ဒေါ်မိမိ)တို့၏ သား၊ (ဦးသာထွန်း-ဒေါ်ခင်သိန်း)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်ဦး၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးကျော်ကျော်ဦး)၊ ဦးဝင်းမြင့်မိုး-ဒေါ်ခင်သူဇာမော်တို့၏ဖခင်၊ မောင်အောင်မော်ဦး၏အဘိုး ဦးကျော်ဝင်းမော်သည် ၂-၄-၂၀၁၈(တနင်္လာနေ့) နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဒေါ်မေရီအောင်

**အသက် (၆၉)နှစ်**

No.795, Cranbury Cross road, North Brunswick, NJ, USA နေ (ဦးတင်အောင်)-ဒေါ်မြင့်မြင့်တို့၏ သမီးကြီး၊ ဦးခင်မောင်သန်း၏ဇနီး၊ ဦးကျော်ကျော်ချိုလတ်-ဒေါ်နွယ်နွယ်ဦး၊ ဒေါ်ထိုက်ထိုက်ချို လတ်၊ ဦးလှနိုင်စိုး-ဒေါ်မြတ်မွန်ချိုလတ်တို့၏ချစ်လှစွာသောမွေးသမိခင်၊ မောင်ဟိန်းထက်စိုး၊ မကြည်စင်သန့်၊ မကြယ်စင်သန့်၊ မမဒီလင်းစိုး၊ မောင်စကိုင်လာစိုးတို့၏ ချစ်လှစွာသောအဘွား ဒေါ်မေရီအောင်သည် ၁-၄-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

### ဦးသိန်းငွေး(ခ)ဦးအန်းကူ (၆၁)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ ယင်းမာလမ်း၊ အမှတ်(၁၉၂/၂)နေ (ဦးတင်ရွှေ)-ဒေါ်တင်ရွှေတို့၏ တစ်ဦးတည်းသောသား၊ ဒေါ်ဆွေဇင်ဦး၏ခင်ပွန်း၊ ဦးလှဘုန်းဆွေ-ဒေါ်ဇာလီစိုးတို့၏ညီ/မောင်၊ မောင်ရဲတေဇ-မနိုင်သဥ္ဇာဝေချို၊ မောင်မင်းခန့်ကိုကိုတို့၏ဖခင်သည် ၁-၄-၂၀၁၈(တနင်္ဂနွေနေ့) ညနေ ၆း၀၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၄-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် (၁၆)ကြိမ်မြောက် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြား



ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် (၁၆) ကြိမ်မြောက် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

**ရန်ကုန် ဧပြီ ၂**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ၏ (၁၆)ကြိမ်မြောက် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ☆

# အမေရိကန်နိုင်ငံ၌ ကျင်းပသည့် လူငယ်အမျိုးသမီး ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာအမျိုးသမီး သင်းဝေခိုင် ချန်ပီယံဆုရရှိ

**ရန်ကုန် ဧပြီ ၂**

အမေရိကန်နိုင်ငံ ဖလော်ရီဒါရှိ PGA National Resort & Spa-Fazio Course Palm Beach Gardens ဂေါက်ကွင်း၌ မတ် ၂၉ ရက်မှ ဧပြီ ၁ ရက်အထိ ကျင်းပသော TeensGiv.org Girls Junior Championship ပြိုင်ပွဲသို့ မြန်မာလူငယ်အမျိုးသမီး ဂေါက်သီးအားကစားသမား သင်းဝေခိုင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ပြိုင်ပွဲတွင် သင်းဝေခိုင်သည် သုံးရက်ပေါင်းရိုက်ချက် ၆၈+၆၉+၇၀=၂၀၇ ချက်(သတ်မှတ်ရိုက်ချက်ထက် ကိုးချက် လျော့ရိုက်ပြီး)မြန်မာလူငယ်များအတွက် ၂၀၁၈ ခုနှစ် မြန်မာနှစ်သစ်ကူးအကြို ချန်ပီယံဆုဖလားတစ်ခုကို ဆွတ်ခူးနိုင်ခဲ့သည်။

ယင်းပြိုင်ပွဲသည် American Junior Golf Association (AJGA) က ဦးစီးကျင်းပသည့် ပွဲစဉ်တစ်ခုဖြစ်ကြောင်းနှင့် ၎င်းသည် အမေရိကန်နိုင်ငံရှိ Gray Gilchrist Golf Academy (GGGA) တွင် Golf Academy တက်ရောက်ပြီး ပြိုင်ပွဲမျိုးစုံ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသော မြန်မာလူငယ်အမျိုးသမီး အားကစားသမားတစ်ဦးဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**



# ပုံစံသစ်ဖြင့် ကျင်းပမည့် ဆူဇူကီးဖလားပြိုင်ပွဲတွင် မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်



မြန်မာ့လက်ရွေးစင်အသင်း အာရှဖလားခြေစစ်ပွဲ ယှဉ်ပြိုင်နေစဉ်။

**ရန်ကုန် ဧပြီ ၂**

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၈ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ပုံစံသစ်ဖြင့် ပြောင်းလဲကျင်းပမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

နောက်ဆုံးအဆင့်ပြိုင်ပွဲကို အသင်း ၁၀ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲများကို အိမ်ကွင်း၊ အဝေးကွင်းကစားရမည်ဖြစ်သောကြောင့် ပြိုင်ပွဲဝင်အသင်းများအနေဖြင့် အောင်မြင်မှုရရန် ရုန်းကန်ရဖွယ်ရှိနေသည်။

အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ၁၉၉၆ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး မြန်မာအသင်းအနေဖြင့် ၂၀၀၄ ပြိုင်ပွဲနှင့် ၂၀၁၆ ပြိုင်ပွဲတွင်သာ ဆီမီးဖိုင်နယ်သို့ တက်ရောက်ဖူးပြီး ကျန်အကြိမ်များတွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ ယခုနှစ် ဆူဇူကီးဖလားပြိုင်ပွဲကို ပြိုင်ပွဲပုံစံပြောင်းလဲကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲများအတွက် အိမ်ရှင်နိုင်ငံ မရွေးချယ်တော့ဘဲ အုပ်စုလေးပွဲအား အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်းနှစ်ပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပြိုင်ပွဲကို ငါးသင်းနှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး လက်ရှိချန်ပီယံ ထိုင်းအသင်းအပါအဝင် မြန်မာ၊ ဗီယက်နမ်၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ လာအို၊ အင်ဒိုနီးရှားအသင်းတို့မှာ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရထားပြီး **စာမျက်နှာ ၉ ကော်လံ ၁ သို့** ○



ကြေးမုံ
အထူးကဏ္ဍ
မေ ၃၊ ၂၀၁၈ (အင်္ဂါနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

# ဝန်ထမ်းများအား ထိရောက်စွာ ရွေးချယ်လေ့ကျင့်ပျိုးထောင်ပေးနေသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များ

■ မွေးကြူဟန်၊ ဓာတ်ပုံ-ထိန်နန်နော်

**ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ "ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်" ဟူသော အဖွဲ့ရဲ့ ဆောင်ပုဒ်နှင့်အညီ ဝန်ထမ်းများအား ထိရောက်စွာ ရွေးချယ်လေ့ကျင့် ပျိုးထောင်ပေးမှုအပါအဝင် လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှုများ၊ ထိုသို့ဆောင်ရွက်ခဲ့မှုများအပေါ် ကဏ္ဍစုံမှ အမြင်သဘောထားများကို တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းထားပါသည် -**



ဒေါက်တာဝင်းသိမ်း (ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)

**ဒေါက်တာဝင်းသိမ်း**
**(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာမှာ နိုင်ငံ့ဝန်ထမ်းများရဲ့ အခန်းကဏ္ဍဟာ အဓိကအခန်းကဏ္ဍအဖြစ် ပါဝင်ပါတယ်။ ဒါကြောင့် နိုင်ငံ့ဝန်ထမ်းများ အနေနဲ့ နိုင်ငံတော်ရဲ့ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းတွေမှာ စွမ်းစွမ်းတမံ ပါဝင်ကူညီဆောင်ရွက်ပေးနိုင်ဖို့ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေတွေပါ ပြဋ္ဌာန်းချက်တွေနဲ့အညီ အရည်အချင်းပြည့်ဝပြီး စွမ်းဆောင်ရည်ပြည့်ဝတဲ့ နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်ရေး၊ လေ့ကျင့်ရေး၊ နိုင်ငံ့ဝန်ထမ်း စည်းမျဉ်း၊ စည်းကမ်း သတ်မှတ်ရေး စတာတွေကို ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေနဲ့ တာဝန်ယူ ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့ကြောင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ အဓိကရည်မှန်းထားရှိချက်ကတော့ "ပြည်သူလူထုပါဝင်ဆောင်ရွက်မှုကို အားပေးမြှင့်တင်ခြင်းနဲ့ ပြည်သူလူထုရဲ့ ယုံကြည်မှုကို ပိုမိုအားကောင်းစေမယ့် ကျင့်ဝတ်သိက္ခာနဲ့ညီသော၊ အရည်အချင်းအလိုက် ချီးမြှင့်မြှောက်စားမှုကို အခြေခံသော၊ အားလုံးပါဝင်ကာ မဆိုင်းမတွ တုံ့ပြန်ဖြည့်ဆည်းပေးသော နိုင်ငံ့ဝန်ထမ်းကဏ္ဍ ပေါ်ထွန်းလာစေဖို့" ဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ ပြန်တမ်းဝင်အရာရှိအဆင့် ဝင်ပေါက်ရာထူးတွေအတွက် ဝင်ခွင့်ရေးဖြေစာမေးပွဲတွင် နိုင်ငံ့တာဝန်ကို ထမ်းဆောင်လိုသော လှုံ့ဆော်စိတ် (Civil Service Motivation) ကို အခြေခံဖော်ထုတ်ပေးတဲ့ မေးခွန်းပုံစံတွေ ပြောင်းလဲစစ်ဆေးခဲ့ပါတယ်။ ဒါ့အပြင် Multiple Choice Question (MCQ) Type နဲ့ ပဏာမစစ်ဆေးခြင်း Screening Test ကို ထည့်သွင်းစစ်ဆေးတဲ့စနစ်ကို စတင်ကျင့်သုံးလျက်ရှိပါတယ်။

လေ့ကျင့်ရေးဆိုင်ရာဆောင်ရွက်မှုများ အနေနဲ့ အရင် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အမည်ကို ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ဟု ပြောင်းလဲပြင်ဆင်ခဲ့ပါတယ်။ သင်တန်းသား၊ သင်တန်းသူတွေ မိမိတို့ရဲ့သက်ဆိုင်ရာ ရုံး၊ ဌာန အလိုက် သတ်မှတ် ယူနီဖောင်းတွေ ပြောင်းလဲဝတ်ဆင်စေခဲ့ပါတယ်။

ဗဟိုဝန်ထမ်း တက္ကသိုလ်တွေရဲ့ ဆောင်ပုဒ်ကို "နိုင်ငံတော်တည်ထောင်မှု ပြည်သူနဲ့ ဝန်ထမ်းလက်တွဲပြု(Cooperation of the Civil Service and Public Creates a Nation)" လို့ ပြင်ဆင်သတ်မှတ်ခဲ့ပါတယ်။

ဗဟိုဝန်ထမ်းတက္ကသိုလ်တွေရဲ့ အောက်မှာ Education and Competency Training Approach ကိုအခြေခံတဲ့ ပြည်သူ့ဝန်ထမ်း အကယ်ဒမီ(Civil Services Academy-CSA) တစ်ခုစီကို တည်ထောင်ပြီး ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန် ဒီပလိုမာသင်တန်းနဲ့ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့် ဒီပလိုမာသင်တန်းတွေ ဖွင့်လှစ်လျက်ရှိပါတယ်။ သင်တန်းအလိုက် အရည်အချင်းအကဲဖြတ်စနစ်တွေနဲ့ သင်တန်းကာလတွေ ပြင်ဆင်ပြောင်းလဲသတ်မှတ်ခဲ့ပါတယ်။

ဗဟိုဝန်ထမ်းတက္ကသိုလ်တွေမှာ ဖွင့်လှစ်လျက်ရှိတဲ့ သင်တန်းတွေရဲ့ သင်ရိုးညွှန်းတမ်း၊ သင်ရိုးဇယားများ (Curriculum Syllabus)တွေ ပြင်ဆင်ပြီး နိုင်ငံတကာအဖွဲ့အစည်း၊ တက္ကသိုလ်တွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့အတွက် နားလည်မှုစာချွန်လွှာ(MoU)တွေ လက်မှတ်ရေးထိုးခဲ့ပါတယ်။

ဗဟိုဝန်ထမ်းတက္ကသိုလ်တွေမှာ ဖွင့်လှစ်တဲ့ "Senior Level Officials Management Course နဲ့ Management Course for Executive Level Officials" သင်တန်းတွေမှာ နိုင်ငံတကာအဖွဲ့အစည်း၊ တက္ကသိုလ်တွေမှ သင်ခန်းစာတွေပို့ချနိုင်ဖို့ ဆောင်ရွက်စီမံပေးပါတယ်။ နယူးဇီလန်နိုင်ငံ Victoria

အထူးကဏ္ဍ [ ခ ] သို့ »»



ဇန်နဝါရီ ၂၀ ရက်က နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိအဆင့် ဝင်ပေါက်ရာထူးများအတွက် ဒုတိယအဆင့် ရေးဖြေ စာမေးပွဲဖြေဆိုမှုကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း လှည့်လည်ကြည့်ရှုစဉ်။

" အရည်အချင်းပြည့်ဝပြီး စွမ်းဆောင်ရည်ပြည့်ဝတဲ့ နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်ရေး၊ လေ့ကျင့်ရေး၊ နိုင်ငံ့ဝန်ထမ်း စည်းမျဉ်း၊ စည်းကမ်း သတ်မှတ်ရေး စတာတွေကို ပြည်ထောင်စု ရာထူးဝန်အဖွဲ့အနေနဲ့ တာဝန်ယူ ဆောင်ရွက်လျက်ရှိ "



ဖေဖော်ဝါရီ ၆ ရက်က တက္ကသိုလ်အကြံပေးအဖွဲ့များ၊ တက္ကသိုလ်ပညာရပ်အဖွဲ့များ ပညာရပ်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း အမှာစကားပြောကြားစဉ်။

အထူးကဏ္ဍ [ က ] မှ »»

University က မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းတွေအတွက် English Language Training (ELT) သင်တန်းတွေကို ဝန်ကြီးဌာန၊ အဖွဲ့အစည်းတွေက အရာထမ်းတွေအတွက် ဖွင့်လှစ်ခဲ့ပါတယ်။

UNDP နဲ့ ပူးပေါင်းပြီး မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်(၂၀၁၇-၂၀၂၀) ထုတ်ပြန်ကြေညာနိုင်ခဲ့ပါတယ်။ ရာထူးဝန်အဖွဲ့က ဝန်ထမ်းတွေရဲ့ အင်္ဂလိပ်စာအရည်အသွေး တိုးတက်မြင့်မားစေဖို့အတွက် US Department of State မှ English Language Follower ဖြင့် Advanced နဲ့ Intermediate သင်တန်း ဖွင့်လှစ်ပေးခဲ့ပါတယ်။ Master in Public Administration-MPA သင်တန်းကို မလေးရှားနိုင်ငံ EDS Business School နဲ့ အမေရိကန်နိုင်ငံ ဟာဝိုင်ရီရှိ Akamai University က ဆရာ ဆရာမတွေနဲ့ ပြည်တွင်းမှာပင် ပို့ချပေးလျက်ရှိပါတယ်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့နဲ့ UNDP တို့ ပူးပေါင်းပါဝင်မှုနဲ့ နေပြည်တော် Park Royal ဟိုတယ်မှာ အစိုးရယန္တရားနဲ့ မူဝါဒချမှတ်တဲ့လုပ်ငန်းစဉ်တွေ ပိုမိုတိုးတက်ကောင်းမွန်လာစေဖို့ အဆင့်မြင့်အရာရှိကြီးတွေရဲ့ လုပ်ငန်းခွင်ကျွမ်းကျင်မှုမြှင့်တင်ရေး သင်တန်းတွေ ဖွင့်လှစ်ခဲ့ပါတယ်။ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်းတွေနဲ့ အခြားသင်တန်းတွေမှာ Blended e-Learning Lecture ပို့ချနိုင်ဖို့ ဆောင်ရွက်ပါတယ်။

နိုင်ငံ့ဝန်ထမ်းလေ့ကျင့်ရေးမူဝါဒ (Civil Service Training Policy) နဲ့ နိုင်ငံ့ဝန်ထမ်းလေ့ကျင့်ရေးအစီအစဉ် (Civil Service Training Scheme)တို့ကို ထုတ်ပြန်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ခဲ့ပါတယ်။ ဂျပန်နိုင်ငံ JICA အထောက်အပံ့နဲ့ ပြည်သူ့ဝန်ထမ်းအကယ်ဒမီလေ့ကျင့်ရေးဗဟိုဌာန (နေပြည်တော်) Civil Services Academy Training Centre (Nay Pyi Taw) တည်ဆောက်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ခဲ့ပါတယ်။

နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေတွေနဲ့ ပတ်သက်ပြီး ဆောင်ရွက်ချက်တွေအနေနဲ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့နဲ့ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းတွေ၊ အမိန့်ညွှန်ကြားချက်တွေ ပြင်ဆင်ထုတ်ပြန်ခဲ့ပါတယ်။ ဝန်ထမ်းကျင့်ဝတ်စာစောင်(၂၀၁၇)ကို ထုတ်ဝေကာ နိုင်ငံ့ဝန်ထမ်းတွေကို အခမဲ့ဖြန့်ဝေခဲ့ပါတယ်။

**“ဝန်ထမ်းတွေအတွက် အကဲဖြတ်အမှတ်ပေးရာမှာ တစ်ပြေးညီ လိုက်နာကျင့်သုံးနိုင်ရေးအတွက် အရည်အချင်းသတ်မှတ်ချက် တစ်ခုစီအလိုက် အသေးစိတ်အချက်အလက်တွေ ထုတ်ပြန်ခဲ့ပါတယ်။ ဒုတိယညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးအဆင့်တွေ တစ်ဆင့်မြင့်ရာထူးနေရာအသီးသီးမှာ ရာထူးတိုးမြှင့်ပေးနိုင်ဖို့ အကဲဖြတ်မှတ်တမ်းတွေ၊ ဒီမှတ်တမ်းအပေါ်မူတည်ပြီး ရေးဆွဲထားတဲ့ တန်းစီဇယားတွေ လက်ခံထားရှိ”**

ဝန်ထမ်းတွေအတွက် အကဲဖြတ်အမှတ်ပေးရာမှာ တစ်ပြေးညီလိုက်နာကျင့်သုံးနိုင်ရေးအတွက် အရည်အချင်းသတ်မှတ်ချက် တစ်ခုစီအလိုက် အသေးစိတ်အချက်အလက်တွေ ထုတ်ပြန်ခဲ့ပါတယ်။ ဒုတိယညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးအဆင့်တွေ တစ်ဆင့်မြင့်ရာထူးနေရာ အသီးသီးမှာ ရာထူးတိုးမြှင့်ပေးနိုင်ဖို့ အကဲဖြတ်မှတ်တမ်းတွေ၊ ဒီမှတ်တမ်းအပေါ် မူတည်ပြီး ရေးဆွဲထားတဲ့ တန်းစီဇယားတွေ လက်ခံထားရှိခဲ့ပါတယ်။

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးတွေအနေနဲ့ သက်ပြည့်အငြိမ်းစားယူမယ့် အချိန်ကာလမှာ နိုင်ငံတော်နဲ့ အများပြည်သူအကျိုးငှာ ဆက်လက်တာဝန်ပေးအပ်ဖို့ လိုအပ်ပါက အသက်(၆၀)နှစ်ပြည့်ပြီး တစ်ဆက်တည်း တစ်နှစ်ထက်မပိုသော ကာလအတွက် ညွှန်ကြားချက် ထုတ်ပြန်နိုင်ဖို့ နိုင်ငံတော်သမ္မတရုံးကို အထောက်အကူပြုပေးခဲ့ပါတယ်။

နိုင်ငံ့ဝန်ထမ်းအငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် ခံစားကာလအတွင်း အခြားဝန်ထမ်းတစ်ဦးအား ဖြည့်စွက်ခန့်ထားနိုင်ရေး အဖွဲ့ရဲ့ အမိန့်ကြော်ငြာစာ အမှတ် ၅၈/၂၀၁၇ နဲ့ ထုတ်ပြန်ခဲ့ပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေ ရာထူးတိုးမြှင့်ခန့်ထားရာမှာ အနည်းဆုံးလိုအပ်တဲ့ ပညာအရည်အချင်း၊ ကျွမ်းကျင်မှုအရည်အချင်း -Q-Sheet သတ်မှတ်ရေးအတွက် ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာနမှ ညွှန်ကြားချက်ထုတ်ပြန်နိုင်ဖို့ အထောက်အကူပြုခဲ့ပါတယ်။

ဗဟိုဝန်ထမ်းတက္ကသိုလ်တွေရဲ့ ပြည်သူ့ဝန်ထမ်းအကယ်ဒမီတွေမှာ အရာထမ်းလောင်းအခြေခံ၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း (Post Graduate Diploma in Civil Service Management (PGDCSM)) ဖွင့်လှစ်ပြီး ဘွဲ့လွန်ဒီပလိုမာပေးအပ်ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူ့ဝန်ထမ်းအကယ်ဒမီတွေမှာ စီမံခန့်ခွဲမှုဘာသာ၊ စီးပွားရေးဘာသာ၊ နိုင်ငံရေးသိပ္ပံဘာသာ၊ လူမှုရေးသိပ္ပံဘာသာ၊ ဥပဒေဘာသာ၊ အင်္ဂလိပ်စာနဲ့ ICT စတဲ့ ဘာသာရပ်ခုနစ်ခုကို Education and Competency Approach နည်းနဲ့ သင်ကြားလျက်ရှိပါတယ်။ နိုင်ငံတကာအဆင့်မီတဲ့ Curriculum နဲ့ Syllabus တွေဖြစ်ဖို့ ပညာရေးနဲ့ လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်တွေ အကြံပြုဖို့ တက္ကသိုလ်အကြံပေးအဖွဲ့ (Advisory Group)နဲ့ တက္ကသိုလ်ပညာရပ်အဖွဲ့(Board of Studies) တို့ကို ဖွဲ့စည်းထားရှိပါတယ်။ အဖွဲ့အစည်းတွေနဲ့ နှစ်လလျှင် တစ်ကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်ပြီး ဆွေးနွေးဆောင်ရွက်လျက်ရှိပါတယ်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဖို့အတွက် အဓိကဆောင်ရွက်ရေးအဖွဲ့(Core Group)၊ CSA ပညာဌာန ခုနစ်ခုနဲ့ Technical Working Group (TWG) တို့ကို ဖွဲ့စည်းထားရှိပြီး Curriculum နဲ့ Syllabus တွေအပေါ် ပြင်ဆင်ဖြည့်စွက်တာကို ဆွေးနွေးဆောင်ရွက်လျက်ရှိပါတယ်။

ပညာဌာန ခုနစ်ခုအတွက် Human Resource(HR) လိုအပ်ချက်အရ ပညာရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီး ဆရာ၊ ဆရာမတွေ ဖြည့်တင်းခန့်ထားပြီးတော့ ပြင်ပက ပညာရှင်တွေ ဖိတ်ခေါ်ပြီး ဘာသာရပ်သင်ခန်းစာတွေကို သင်ကြားစေခြင်းအားဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒ့ါအပြင် Curriculum နဲ့ Syllabus တွေ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ဖို့ ၂၀၁၇-၂၀၁၈ လေ့ကျင့်ရေးနှစ်မှစပြီးတော့ နိုင်ငံတကာအဖွဲ့အစည်းဖြစ်တဲ့ EU (GOPA)နဲ့ ပူးပေါင်းပြီး Training Needs Analysis (TNA) Task Force ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

အခုဆို ဗဟိုဝန်ထမ်းတက္ကသိုလ်တွေမှာ အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှု၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့်ဒီပလိုမာသင်တန်း (Advanced Diploma Course) တွေကို ၂၀၁၈ ခုနှစ် မတ်လ ၁၂ ရက်နေ့မှာ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါတယ်။

နိုင်ငံ့ဝန်ထမ်းဆိုင်ရာ လေ့ကျင့်ရေးနဲ့ သုတေသနလုပ်ငန်း၊ ပြည်သူ့ရေးရာ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနဲ့ ပြည်သူ့ရေးရာမူဝါဒများ စတဲ့ နယ်ပယ်တွေ အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ဖို့ အမေရိကန်နိုင်ငံ Akamai University၊

အထူးကဏ္ဍ [ ဂ ] သို့ »»




ဖေဖော်ဝါရီ ၂၃ ရက်က ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းလောင်း အခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ်(၃) တတိယအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပစဉ်။

အထူးကဏ္ဍ [ ခ ] မှ »»

မလေးရှားနိုင်ငံ EDS Business School၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Chinese Academy of Governance (CAG)တို့နဲ့ ပြီးတော့ ဂျပန်နိုင်ငံ JICA အဖွဲ့အစည်းနဲ့ နေပြည်တော်မှာ Training Centre တည်ဆောက်ဖို့ MoU၊ MoA၊ Minutes of Discussion၊Technical Note တို့ လက်မှတ်ရေးထိုးခြင်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ သမိုင်းမှတ်တိုင်တစ်ခုအနေနဲ့ "မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်(၂၀၁၇-၂၀၂၀)" Civil Service Reform Strategic Action Plan for Myanmar (2017-2020) ကို နေပြည်တော် MICC -2 မှာ ထုတ်ပြန်ကြေညာခဲ့ပါတယ်။

CSR Strategic Action Plan ကို အကောင်အထည်ဖော်ရာမှာ Focus Areas လေးခုနဲ့ မျှော်မှန်းရလဒ်ကိုးခု ချိန်ထိုးပြီး နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်လိုတဲ့ ဖက်ဒရယ်ဒီမိုကရက်တစ်အစိုးရ ဖြစ်ပေါ်စေရေးအတွက် တစ်ဖက်တစ်လမ်းကနေ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

CSR Action Plan ထုတ်ပြန်ကြေညာပြီးနောက် ဥပဒေ၊ နည်းဥပဒေ ပြင်ဆင်ခြင်းနဲ့ စပ်လျဉ်းပြီးတော့ "ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ လုပ်ငန်းတာဝန်နဲ့ လုပ်ပိုင်ခွင့်တို့ကို ခိုင်မာစေခြင်း၊ ရှင်းလင်းစေခြင်း"၊ "ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေကိုထုတ်ပြန်ပြဋ္ဌာန်းနိုင်ရေး" နဲ့ "ဝေးလံခေါင်သီ ဒေသတွေမှာ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ နိုင်ငံ့ဝန်ထမ်းတွေ ပြောင်းရွှေ့ခြင်းနဲ့ စပ်လျဉ်းပြီးတော့ အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရေး" တို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

ဥပဒေ၊ နည်းဥပဒေပြင်ဆင်ခြင်းလုပ်ငန်းတွေအပြင် "နိုင်ငံ့ဝန်ထမ်း မျိုးဆက်သစ်တွေကို စနစ်တကျ မွေးထုတ်ပေးနိုင်ရေး" အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေနဲ့ နိုင်ငံ့ဝန်ထမ်းတွေရွေးချယ်ခြင်း၊ လေ့ကျင့်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း လုပ်ငန်းရပ်တွေကို ဦးစားပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ရွေးချယ်ရေးလုပ်ငန်းစဉ်တွေဖြစ်တဲ့ Screening Test အနေဖြင့် စာမေးပွဲတွေ ကျင်းပခြင်း၊ ရေးဖြေ၊ စိတ်အခြေအနေနဲ့ လူတွေ့စစ်ဆေးခြင်းတို့ကို စနစ်တကျ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လေ့ကျင့်ရေးလုပ်ငန်းရပ်တွေအနေနဲ့ ပြည်သူ့ဝန်ထမ်းအကယ်ဒမီတွေမှာ ဘွဲ့လွန်ဒီပလိုမာနဲ့ အဆင့်မြင့်ဒီပလိုမာသင်တန်းတွေ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်တဲ့အတွက် ညွှန်ကြားရေးမှူးအဆင့် အရာထမ်းတွေအတွက် မဟာဘွဲ့ (Master Degree) သင်တန်းဖွင့်လှစ်နိုင်ရေး လျာထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပြီးတော့ JICA ရဲ့ အထောက်အပံ့နဲ့ ပြည်သူ့ဝန်ထမ်းအကယ်ဒမီဗဟိုသင်တန်းဌာနကို ၂၀၁၉ ခုနှစ်အတွင်း တည်ဆောက်သွားမှာဖြစ်ပြီး ရာထူးအဆင့်အလိုက် Generalized Training Programme နဲ့ Specialized Training Programme တွေ ဖွင့်လှစ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံ့ဝန်ထမ်းလေ့ကျင့်ရေးမူဝါဒ(Civil Service Training Policy) နဲ့ နိုင်ငံ့ဝန်ထမ်း လေ့ကျင့်ရေးအစီအစဉ်(Civil Service Training Scheme) ကိုလည်း ထုတ်ပြန်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေ ရာထူးတိုးမြှင့်ခြင်းနဲ့ စပ်လျဉ်းပြီးတော့ အရည်အချင်းနဲ့ စွမ်းဆောင်ရည်ကို အခြေခံပြီး ရာထူးတိုးမြှင့်ပေးခြင်းကို အဓိကထား ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပြည်) နဲ့ (အောက်မြန်မာပြည်) အောက်မှာ ပြည်သူ့ဝန်ထမ်းအကယ်ဒမီဆိုပြီး ထပ်ပြီး ဖွဲ့စည်းပုံတိုးချဲ့ပြီး သင်တန်းတွေ ထပ်ပြီးပေးနေပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေ စိတ်ဓာတ်တက်တက်ကြွကြွရှိအောင် အပြောင်းအလဲအများကြီး လုပ်ထားတယ်။

အဲဒီမှာ ကျွန်တော်တို့ ဘာတွေပေးသလဲဆိုရင် ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ (Post Graduate Diploma for Civil Service Management Course) တွေ ပေးပါတယ်။ Advanced Diploma Course တွေ ပေးတယ်။ အဲဒါက ပြည်တွင်းပညာရှင်တွေကော၊ ပြည်ပပညာရှင်တွေကော ပေးတဲ့အတွက်ကြောင့် ပညာရပ်အနေနဲ့ လေ့လာတဲ့အခါ ဝန်ထမ်းတွေ အများကြီး အရည်အသွေးတိုးတက်မှာက အမှန်ပဲ ဖြစ်ပါတယ်။ တိုးတက်လာတာတွေ တွေ့ပါတယ်။

ကျွန်တော်က ပညာရှင်တစ်ဦးအနေနဲ့ ပါဝင်တာပါ။ ကျွန်တော်တစ်ယောက်တည်း မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ အကြံပေးအဖွဲ့မှာ ဆရာမကြီးတွေ၊ ဆရာကြီးတွေ၊ အတတ်ပညာရှင်တွေ၊ ပါမောက္ခ အငြိမ်းစားတွေ၊ လက်ရှိ ပါမောက္ခတာဝန် ထမ်းဆောင်နေသူတွေ ဌာနပေါင်းစုံက ပါဝင်ပြီးတော့ အကြံဉာဏ်ပေးကြပါတယ်။ အားလုံးက စေတနာထား တာဝန်ထမ်းဆောင်ကြတာပါ။ အဲဒီတော့ ဝိုင်းပြီးကြိုးစား လုပ်တဲ့အခါမှာ တွေ့မြင်ရတာက အခု နှစ်နှစ်သက်တမ်းအတွင်းမှာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ ကြိုးစားအားထုတ်မှုကို တွေ့ရပါတယ်။ မှန်တဲ့အတိုင်း ပြောတာဖြစ်ပါတယ်။ ဒီအတိုင်းဆက်ပြီး ကြိုးစားသွားမယ်ဆိုရင် ပြည်သူ့ဝန်ထမ်းတွေဟာ အများကြီး တိုးတက်လာမှာဖြစ်ပါတယ်။

ဘာသာရပ်ကိုတော့ စိတ်ဝင်စားပါတယ်။

ကျွန်တော်က လမ်းထိန်းသိမ်းရေးဌာနခွဲမှာ တာဝန်ထမ်းဆောင်နေပါတယ်။ သင်တန်းဆင်းတော့ လမ်းတွေကို ပြုပြင်မယ်ဆိုရင် အရင်ခေတ်က ကျွန်တော်တို့ မျက်စိအမြင်နဲ့ ကောင်းတယ်၊ သင့်တယ်၊ ညံ့တယ် ခွဲခြားတယ်။ အခုတော့ ROMDAS Software နဲ့ နည်းပညာသုံးပြီး ဆောင်ရွက်တဲ့အတွက် အရင်နဲ့မတူတော့ဘဲ ကွဲပြားခြားနားမှုတွေရှိပါတယ်။ ကျွန်တော် တတ်ထားတဲ့ ပညာနဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တစ်ဖက်တစ်လမ်းကနေ ပါဝင်ကူညီချင်ပါတယ်။ အဲဒီအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှာ ဝင်ခွင့်စာမေးပွဲကို ဝင်ရောက်ဖြေဆိုခဲ့ရတယ်။ သင်တန်းနဲ့ ပတ်သက်ပြီး စာကျက်ရတာတွေများတဲ့အတွက် ကျက်စာတွေကို လျှော့စေချင်တယ်။ သင်တန်းမှာက တချို့



၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်က ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း အမှာစကား ပြောကြားစဉ်။

နိုင်ငံတော်အစိုးရရဲ့ e-Government စနစ် အကောင်အထည်ဖော်ရာမှာ အထောက်အပံ့ဖြစ်စေဖို့ ဂျပန်နိုင်ငံ JICA ရဲ့ ကူညီထောက်ပံ့မှုနဲ့ နိုင်ငံ့ဝန်ထမ်းတွေရဲ့ အချက်အလက်တွေကို နိုင်ငံတကာအဆင့်မီ လုံခြုံမှုအဆင့်အတန်းမြင့်မားစွာ သိမ်းဆည်းထားနိုင်တဲ့ Civil Service Core Database System ကို တည်ထောင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဦးမြသိန်း**
**[နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ အဖွဲ့ဝင် (ငြိမ်း)]**

ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil Services Academy-CSA) ဆိုပြီး ဒီအစိုးရလက်ထက်မှာ ဖွဲ့စည်းလာတာ တွေ့ရတယ်။ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာ

သင်တန်းတွေ ဖွင့်လိုက်တာ အကြိမ်ကြိမ်ပေါ့။ သင်တန်းတွေကနေ နိုင်ငံ့ဝန်ထမ်းတွေ များစွာ လေ့ကျင့်ပျိုးထောင်ပေးခဲ့ပါတယ်။

ကျွန်တော်ကိုယ်တိုင်လည်း သွားပြီး ဥပဒေဘာသာရပ်တစ်ခုဖြစ်တဲ့ အထွေထွေစကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေကို သွားပြီးပို့ချပါတယ်။ ဥပဒေတွေနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကိုလည်း တစ်နေ့လုံး ပို့ချပါတယ်။ အဲဒီမှာ Feedback က ကောင်းပါတယ်။ အားလုံးစိတ်ဝင်စားကြပါတယ်။ ဝန်ထမ်းတွေ သင်တန်းတွေ တက်တယ်။ ဌာနကို ပြန်ရောက်ရင် အသုံးချနိုင်ဖို့ အရေးကြီးတယ်။ ဘွဲ့ရဓာတ်ပုံရိုက်ပြီး ချိတ်ထားတာနဲ့ ပြီးသွားတာနဲ့ မပြီးရအောင် ဒီဘွဲ့ပေါ်မှာ မူတည်ပြီး ဘာတွေ လုပ်နိုင်သလဲ၊ အဲဒါတွေ အရေးကြီးတယ်။

**ဦးအောင်ပြည့်စိုးမြိုင်**
**(ဦးစီးအရာရှိ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန)**

ဗဟိုဝန်ထမ်းတက္ကသိုလ် အောက်မြန်မာပြည် ပြည်သူ့ဝန်ထမ်းတက္ကသိုလ်မှာ စီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ် (၃) မှာ တက်ရောက်ခဲ့ပါတယ်။ သင်တန်းမှာ ဘာသာရပ် ခုနစ်ခု သင်ယူရပါတယ်။ ဘာသာရပ် ခုနစ်ခုက Political Science, Social Science, ICT, Management, English, Law, Economic တို့ဖြစ်ပါတယ်။ သင်တန်းအစမှာ ကျွန်တော်က အင်ဂျင်နီယာဆိုတော့ ပထမဆုံးသင်တဲ့ Management နဲ့ Economic ဘာသာရပ်တွေမှာ ခက်ခဲပါတယ်။ နောက်ပိုင်း တဖြည်းဖြည်းနဲ့ ကြိုးစားလေ့လာရင်း အသားကျသွားပါတယ်။ ဥပဒေ

တွေဆို နယ်ဝေးက လာတက်တဲ့သူတွေရှိတဲ့အတွက် ကျန်းမာရေးကိုတော့ ပိုပြီးဖြည့်ဆည်းပေးစေချင်ပါတယ်။ ဆေးခန်းကို ဆေး လုံလုံလောက်လောက်နဲ့ ၂၄ နာရီ ကာကွယ်စောင့်ရှောက်ပေးတာမျိုးလေး ဖြစ်စေချင်ပါတယ်။ ကျန်တာတွေက အဆင်ပြေပါတယ်။ ဆရာ ဆရာမတွေကလည်း အလွန်သဘောကောင်းပါတယ်။

**ဒေါ်ဇင်သူသူထွန်း**
**(ဦးစီးအရာရှိ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန)**

ဗဟိုဝန်ထမ်းတက္ကသိုလ် အောက်မြန်မာပြည် ပြည်သူ့ဝန်ထမ်းအကယ်ဒမီ အပတ်စဉ် (၂) တက်ခဲ့ပါတယ်။ ကျွန်မက အပြင်ကနေ ဝင်ရောက်ဖြေဆိုပြီး ပြန်တမ်းဝင်ရာထူးကို

အထူးကဏ္ဍ [ ဃ ] သို့ »»



ဦးမြသိန်း
[နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ အဖွဲ့ဝင်(ငြိမ်း)]



ဦးအောင်ပြည့်စိုးမြိုင်
(ဦးစီးအရာရှိ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန)



ဒေါ်ဇင်သူသူထွန်း
(ဦးစီးအရာရှိ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန)



ဦးကျော်သက်ထွန်း
(ဦးစီးအရာရှိ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန)



နန်းဇင်ငြိမ်းမွန်
(ဌာနစုမှူး-၂၊ တတိယအတွင်းဝန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန)



မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်အား ထုန်ပြန်ကြေညာသည့်အခမ်းအနားတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

အထူးကဏ္ဍ [ ၈ ] မှ »»

ရရှိခဲ့တာဖြစ်တဲ့အတွက် အစိုးရဌာနဆိုတာကိုယ်နဲ့လည်း အသားကျမှုမရှိပါဘူး။ ပြည်ထောင်စုရာထူးဝင်အဖွဲ့က ရွေးချယ်ခံရပြီး သင်တန်းတက်ရပါတယ်။ သင်တန်းမှာ ဌာနပေါင်းစုံကသူတွေ တစ်ဆောင်တည်းမှာ နည်းနည်းစီထားတဲ့အတွက် အပေါင်းအသင်းတွေ အများကြီးရပါတယ်။ ဌာနဆိုင်ရာတွေ အချင်းချင်းလည်း ဆက်သွယ်မှုရသွားသလိုမျိုး တစ်ခုခုလိုအပ်တာရှိရင် ဘယ်ဌာနမှာ ကိုယ့်အသိမိတ်ဆွေတွေရှိတယ်ဆိုတာမျိုး အပေါင်းအသင်း တိုးလာစေပါတယ်။ စာသင်တဲ့အခါမှာ ရုံးလုပ်ငန်း ကျွမ်းကျင်အောင် ရုံးလုပ်ငန်းတွေ သင်ရပါတယ်။ နောက် ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်အောင်၊ လူတွေနဲ့ဆက်ဆံတက်အောင် Social Science တွေသင်ပေးပါတယ်။ Political Science လည်း သင်ပေးပါတယ်။ နိုင်ငံ့ဝန်ထမ်းဖြစ်လာရင် နိုင်ငံရေးနဲ့ ပတ်သက်ပြီး သိသင့်ပါတယ်။ IT နဲ့ English ဘာသာတွေကိုလည်း သင်ပေးပါတယ်။

ကျွန်မတို့လို အပြင်က ဖြေဆိုအောင်မြင်တဲ့သူတွေက ရုံးလုပ်ငန်းနဲ့ စိမ်းပါတယ်။ ဒါကြောင့် ရုံးလုပ်ငန်းကိုပိုပြီး အားစိုက်သင်မယ်ဆိုရင် ပိုပြီးအဆင်ပြေမယ်လို့ ထင်ပါတယ်။ ရုံးလုပ်ငန်းအတွက်ကို အချိန်နည်းနည်းပိုပေးသင့်တယ်လို့ ထင်ပါတယ်။ ကျောင်းပြီးခါစတွေပါတဲ့အတွက် ရုံးလုပ်ငန်းက အစိမ်းသက်သက်ဖြစ်နေပါတယ်။ အစိုးရရုံးလုပ်ငန်းဖြစ်တဲ့အတွက်ကြောင့် ပိုပြီးတော့ အလေးအနက်ထားရမယ့် ကိစ္စလေးတွေရှိပါတယ်။ အဲဒါကို ပိုပြီး သင်ပေးမယ်ဆိုရင် ရုံးလုပ်ငန်းဆိုင်ရာနဲ့ကြုံတဲ့အခါ ပိုပြီးတော့ အဆင်ပြေသွားမယ်လို့ ထင်ပါတယ်။

**ဦးကျော်သက်ထွန်း**
**(ဦးစီးအရာရှိ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန)**

ဗဟိုဝန်ထမ်းတက္ကသိုလ် အောက်မြန်မာပြည်မှာ ပြည်သူ့ဝန်ထမ်းအကယ်ဒမီ အပတ်စဉ်(၂) တက်ခဲ့ရပါတယ်။ သင်တန်းက အတွေ့အကြုံ အများကြီးရပါတယ်။ ဒီသင်တန်းတက်ရတာကို ကြိုက်ပါတယ်။ ကျွန်တော်က တက္ကသိုလ်မှာ Engineering ဘာသာရပ်ကို သင်ကြားခဲ့ပါတယ်။

ပြည်ထောင်စု ရာထူးဝန်အဖွဲ့က ရွေးချယ်ခံရပြီး နိုင်ငံ့ဝန်ထမ်းတစ်ယောက်အဖြစ်နဲ့ တာဝန်ထမ်းဆောင်မယ်ဆိုတဲ့အချိန်မှာ နိုင်ငံ့ဝန်ထမ်းတစ်ယောက်မှာ ရှိသင့်တဲ့ အခြေခံဗဟုသုတဖြစ်တဲ့ နိုင်ငံရေးသိပ္ပံတွေ၊ လူမှုရေးသိပ္ပံတွေ၊ နိုင်ငံ့ဝန်ထမ်းတစ်ယောက်သိရမယ့် ခံယူချက်တွေ၊ သဘောထားတွေ၊ ဥပဒေတွေ၊ ဦးစီးအရာရှိ Level တန်းဝင်တွေဖြစ်တဲ့အတွက်ကြောင့် management အပိုင်းတွေ၊ သိထားရမယ့် အကြောင်းအရာတွေပါ သင်ကြားရတဲ့အတွက်ကြောင့် ဒီသင်တန်းတက်ရတာ ကြိုက်ပါတယ်။ ဒီသင်တန်းတက်ပြီးမှ အလုပ်ဝင်ရတာ ပိုကြိုက်ပါတယ်။ သင်တန်းတက်နေစဉ် ကာလမှာလည်း အဆင်ပြေပါတယ်။ အဆောင်မှူးကစ စာသင်နေတဲ့သူလိုမျိုး မဟုတ်ဘဲ မိသားစုတစ်ခုလို ဂရုစိုက်ပေးပါတယ်။

ဗဟိုဝန်ထမ်းတက္ကသိုလ်ကနေ ကျောင်းကနေ သင်ယူခဲ့တဲ့ အဓိကအကြောင်းအရာကတော့ ကျွန်တော်တို့က နိုင်ငံ့ဝန်ထမ်းဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူကိုပဲ ရှေးရှုပြီးတော့ အကျိုးပြုရပါမယ်။ အဲဒီအချက်ကိုတော့ အဓိကသင်ယူခဲ့ရပါတယ်။ ပြည်သူ့ဝန်ထမ်းအဖြစ် ခံယူချက်ထားတတ်ဖို့တော့ အဓိကသင်ယူခဲ့ရပါတယ်။

ဒါကြောင့် ဝန်ထမ်းတစ်ယောက်အနေနဲ့ ဝင်ရောက်မယ်ဆိုရင် ဒီလိုသင်တန်းတွေက လိုအပ်တယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့ အရင်သင်ခဲ့ရတာ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်ဆိုတော့ ဒီလိုဝန်ထမ်းတစ်ယောက်မှာ လိုအပ်တဲ့ ခံယူချက်တွေ၊ အခြေခံဗဟုသုတတွေက မသင်ခဲ့ရပါဘူး။ ဒါကြောင့် ဒီလို အခြေခံဗဟုသုတတွေ၊ ခံယူချက်တွေ၊ လိုက်နာကျင့်သုံးရမယ့် ကျင့်ဝတ်တို့၊ ဝတ္တရားတွေကို သိဖို့အတွက်ကတော့ ဒီသင်တန်းတွေ မဖြစ်မနေ တက်ရောက်ဖို့ လိုအပ်တယ်လို့ ထင်ပါတယ်။

သင်တန်းမှာ ပိုပြီးကိုက်ညီစေဖို့ အကြံပြုချင်တာလည်းရှိပါတယ်။ ICT အပိုင်းမှာဆို Program အကြောင်းတွေကို သင်ပါတယ်။ ပိုပြီးတော့ ဖြစ်စေချင်တာက ပြန်လည်အသုံးချရမယ့် အပိုင်းတွေကို သင်ပေးစေချင်ပါတယ်။ ဥပဒေမှာဆိုလည်း နိုင်ငံ့ဝန်ထမ်းနဲ့ဆိုင်တဲ့ ဥပဒေကိုပဲ သင်ပေးသင့်တယ်လို့ ထင်ပါတယ်။ နောက်ပိုင်းမှာ ကျွန်တော်တို့အတွက် စာတွေက များတော့ တချို့ဟာတွေကျ မမှတ်မိသလောက်ဖြစ်ပါတယ်။ ပိုပြီးတော့ အရေးကြီးတဲ့ ဟာတွေကိုပဲ အလေးထားပြီးသင်ယူရင် ပိုပြီးတော့ ကောင်းမယ်လို့ထင်ပါတယ်။

**နန်းဇင်ငြိမ်းမွန်**
**(ဌာနစုမှူး-၂၊ တတိယအတွင်းဝန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန)**

ဗဟိုဝန်ထမ်းတက္ကသိုလ် အောက်မြန်မာပြည်မှာ အရာထမ်းလောင်းအခြေခံပညာသင်တန်း ပြည်သူ့ဝန်ထမ်း အခြေခံစီမံခန့်ခွဲမှုဘွဲ့လွန်သင်တန်းအမှတ်စဉ်(၂)မှာ တက်ရောက်ခဲ့တာဖြစ်ပါတယ်။ လေးလတာ သင်တန်းတက်ရောက်ခဲ့ပါတယ်။ ဒီသင်တန်းမှာ အဓိကဘာသာရပ်ကြီး ခုနစ်ခုကို သင်ကြားခဲ့ရပါတယ်။ ပြည်သူ့ဝန်ကို ထမ်းတဲ့ အရာထမ်းလောင်းတွေ အရာရှိတွေအတွက် အဓိကလိုအပ်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ အင်္ဂလိပ်စာ IT လိုမျိုး တတ်ကျွမ်းရမယ့် ဘာသာရပ်တွေကို ထည့်သွင်းသင်ကြားပေးခဲ့တာဖြစ်ပါတယ်။

ဒီသင်တန်းမှာ စာပေဘာသာရပ်တင်မကဘဲ အရာထမ်းလောင်းတွေ၊ အရာရှိဖြစ်မယ့်သူတွေအတွက် ထားရှိရမယ့် စိတ်ဓာတ်၊ ဖြည့်ကျင့်ရမယ့် အရည်အချင်း၊ စွမ်းဆောင်ရည်အတွက် အသင်းအဖွဲ့နဲ့ ဆောင်ရွက်တတ်တဲ့ အလေ့အကျင့်တွေ၊ အများနဲ့ ပူးပေါင်းဆောင်ရွက်တဲ့အခါမှာ ဘယ်လိုညှိနှိုင်းဆောင်ရွက်ရမလဲ၊ အချင်းချင်း အကဲဖြတ်အမှတ်ပေးတဲ့စနစ်တွေနဲ့ သင်တန်းပေါ်မှာ စနစ်ပြောင်းလဲသွားတဲ့အတွက်ကြောင့် သင်တန်းတက်ရောက်ခဲ့တဲ့ သင်တန်းသားတိုင်းကတော့ စာပေဘာသာရပ် တစ်ခုတည်းမဟုတ်ဘဲနဲ့ တခြားကျွမ်းကျင်ရမယ့် အပိုင်းတွေကိုပါ ဖြည့်ကျင့်နိုင်မယ့်အတွက်ကြောင့် အများကြီးသက်ရောက်မှုရှိတာကို တွေ့ရှိခဲ့ရပါတယ်။ ဒီသင်တန်းကာလပြီးဆုံးပြီး မိမိဌာနမှာ တာဝန်ထမ်းဆောင်တဲ့အခါမှာလည်း ကိုယ့်ရဲ့ သင်တန်းသားအချင်းချင်း၊ ဝန်ကြီးဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်တဲ့အခါမှာ ပိုပြီးတော့ အဆင်ပြေချောမွေ့လာတာဖြစ်ပါတယ်။

သင်တန်းမှာ အဓိက စာပေဘာသာရပ်အနေနဲ့ ခုနစ်ခုမှာ အင်္ဂလိပ်စာနဲ့ IT လိုမျိုး သီးသန့်ကျွမ်းကျင်ရမယ့်ဘာသာရပ်ကို ခွဲထုတ်လိုက်ရင် ပြည်သူ့ဝန်ထမ်းတိုင်း သိရမယ့်ဘာသာရပ် ငါးခု၊ ယခုလက်ရှိပြောင်းလဲလာတဲ့စနစ်အရရော ဝန်ထမ်းတွေအနေနဲ့ ဥပဒေတွေလည်း ကျွမ်းကျင်ရပါမယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတွေကိုလည်း ကိုယ့်ရဲ့ ဝန်ကြီးဌာနတွေ လုပ်ငန်းနဲ့ ဆက်စပ်မှုမရှိတဲ့အတွက် ထားခဲ့လို့မရပါဘူး။ အရာထမ်းလောင်းတွေအနေနဲ့ တာဝန်ထမ်းဆောင်တဲ့အခါမှာ မျက်မှောက်ရေးရာ၊ ကမ္ဘာ့ရေးရာ၊ မြန်မာ့ရေးရာတွေ အဆက်မပြတ်ရှုမြင်တတ်ဖို့ ဘာသာရပ်အနေနဲ့ ထည့်သွင်းသင်ကြားပေးပါတယ်။

လူမှုရေးသိပ္ပံမျိုး Social Science ဘာသာရပ်အနေနဲ့ သင်ကြားပေးခြင်းအားဖြင့် လုပ်ငန်းခွင်ကိုရောက်ပြီး တွေ့ကြုံရမယ့် အတွေ့အကြုံတွေနဲ့ နှိုင်းယှဉ်၊ ပေါင်းစပ်ပြီး သင်ကြားပေးတဲ့အတွက် လုပ်ငန်းခွင်မှာ အများကြီး အကျိုးရှိတာကို တွေ့ရပါတယ်။ ဒါ့အပြင် စီမံခန့်ခွဲမှုဘာသာရပ်မှာ ရုံးလုပ်ငန်းဘာသာရပ်တို့၊ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်း ဘာသာရပ်တို့ ထည့်သွင်းသင်ကြားပေးတဲ့အတွက် ကိုယ့်ဝန်ကြီးဌာနကို ရောက်တဲ့အခါမှာ ဘယ်ဦးစီးဌာနကို တာဝန်ထမ်းဆောင်ရမယ်ဆိုတာ၊ သဘောသဘာဝအရ တာဝန်ထမ်းဆောင်ရတဲ့အပိုင်း မတူကြတာရှိပါတယ်။ သင်တန်းကနေ ဘာသာရပ်ပေါင်းစုံကို ဖြည့်ဆည်း သင်ကြားပေးလိုက်တဲ့အတွက်ကြောင့် ကိုယ့်ဌာနရောက်တဲ့အခါမှာ ဘာသာရပ်တွေကို ကိုယ့်အတွက် လက်တွေ့ အကျိုးရှိရှိ အသုံးချနိုင်တာကို တွေ့ရပါတယ်။

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ရဲ့ ပြောင်းလဲမှုတစ်ရပ်အဖြစ် စာမေးပွဲတွေဝင်ဖြေတဲ့အခါမှာ ပထမဆုံး သတိထားမိတာရှိပါတယ်။ အရင်လို ကျက်မှတ်ပြီး ဖြေဆိုတဲ့စနစ်မဟုတ်ဘဲနဲ့ အရာထမ်းအရာရှိအနေနဲ့ တာဝန်ထမ်းဆောင်မယ့်သူ တစ်ယောက်အနေနဲ့ အတွေးအမြင်တွေ ဘယ်လိုထားတယ်၊ မြန်မာ့ရေးရာ၊ ကမ္ဘာ့ရေးရာအပေါ်မှာ ဘယ်လိုရှုမြင်တယ်၊ ဘယ်လိုသုံးသပ်တယ်ဆိုတဲ့ အတွေးအမြင်တွေကို ဆန်းစစ်တဲ့ မေးခွန်းလိုမျိုး ဖြေရတဲ့အတွက်ကြောင့် ကျက်မှတ်ပြီး ဖြေဆိုတဲ့သူမဟုတ်ဘဲ ယှဉ်ပြိုင်ချင်စိတ်အပြည့်နဲ့ မိမိကိုယ်တိုင် ဖြည့်ကျင့်ပြီးဖြေရတဲ့ မေးခွန်းပုံစံမျိုး ရှိတဲ့အတွက် ယှဉ်ပြိုင်မှုက ပိုပြီးအားကောင်းလာတာတွေ့ရပါတယ်။

ဒါ့အပြင် မိမိကိုယ်တိုင် လေ့လာတဲ့စနစ်တွေ ဖြေဆိုတဲ့အပိုင်းမှာလည်း မိမိဘာသာရပ်ဆိုရင် ကျက်မှတ်ပြီး ဖြေဆိုတာထက် ကိုယ့်ရဲ့အတွေးအမြင်ကို ဖြေဆိုတာမျိုးက ဆန်းစစ်တဲ့ မေးခွန်းက ထိရောက်မှုရှိတာမျိုး တွေ့ရပါတယ်။ စာမေးပွဲပုံစံပြောင်းလဲသွားတဲ့စနစ်မှာ လက်ရှိဖြေဆိုတဲ့ ဖြေဆိုသူတိုင်းလည်း အားရတဲ့စနစ်ဖြစ်ပါတယ်။ ဖြေဆိုမှုစနစ်ကိုလည်း အားလုံးက တကယ်ကို အကျိုးရှိတယ်လို့ ထင်ပါတယ်။

> “မိမိကိုယ်တိုင် လေ့လာတဲ့စနစ်တွေ ဖြေဆိုတဲ့အပိုင်းမှာလည်း မိမိဘာသာရပ်ဆိုရင် ကျက်မှတ်ပြီး ဖြေဆိုတာထက် ကိုယ့်ရဲ့အတွေးအမြင်ကို ဖြေဆိုတာမျိုးက ဆန်းစစ်တဲ့ မေးခွန်းက ထိရောက်မှုရှိတာမျိုး တွေ့ရပါတယ်။ စာမေးပွဲပုံစံပြောင်းလဲသွားတဲ့စနစ်မှာ လက်ရှိဖြေဆိုတဲ့ ဖြေဆိုသူတိုင်းလည်း အားရတဲ့စနစ်ဖြစ်ပါတယ်။ ဖြေဆိုမှုစနစ်ကိုလည်း အားလုံးက တကယ်ကို အကျိုးရှိတယ်လို့ ထင်ပါတယ်”

# အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**
**အကြံပြုစာများကိုပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*(ယမန်နေ့ စာမျက်နှာ ၁၆ မှ အဆက်)*

**စည်းကြပ်မှုအကြောင်းကြားစာ**

၃၁။ ပုဒ်မ ၂၇၊ ပုဒ်မခွဲ(ခ) သို့မဟုတ် ပုဒ်မခွဲ(ဂ)တို့အရ စည်းကြပ်မှုကိုသော်လည်းကောင်း၊ ပုဒ်မ ၂၈ အရ စည်းကြပ်မှုအသစ် သို့မဟုတ် ပြင်ဆင်စည်းကြပ်မှုကို သော်လည်းကောင်း၊ ပုဒ်မ ၃၀ အရ စည်းကြပ်မှုကို သော်လည်းကောင်း ဆောင်ရွက်ရာတွင် ညွှန်ကြားရေးမှူးချုပ်အနေဖြင့် စည်းကြပ်ခံရသူထံ ပေးအပ်ရမည့် စည်းကြပ်မှု အကြောင်းကြားစာကို အောက်ပါအချက်များ ပါဝင်စေလျက် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် တာဝန်ခံဝန်ထမ်းမှ လက်မှတ်ရေးထိုးပေးပို့ရမည်-

(က) အခွန်ထမ်းအမည်၊
(ခ) အကယ်၍အခွန်ထမ်းအား ထုတ်ပေးထားပါက အခွန်ထမ်းမှတ်ပုံတင်အမှတ်၊
(ဂ) အကြောင်းကြားစာထုတ်ပေးသည့် ရက်စွဲ၊
(ဃ) အကြောင်းကြားစာနှင့် စပ်လျဉ်းသည့် ကိစ္စရပ်၊
(င) ပေးဆောင်ရမည့် အခွန်ပမာဏ၊
(စ) မည်သည့် နေ့ရက်နောက်ဆုံးထား၍ အခွန်ပေးဆောင်ရန် ဖော်ပြတောင်းခံချက် သို့မဟုတ် ကျသင့်သော အခွန်ကို ပေးဆောင်ပြီးကြောင်း ဖော်ပြချက်၊
(ဆ) အခွန်ပေးဆောင်ရမည့်နေရာ၊
(ဇ) စည်းကြပ်မှုကို မကျေနပ်ပါက ဆောင်ရွက်နိုင်မည့် အချိန်၊ နေရာနှင့် နည်းလမ်း။

**အခွန်ရှောင်ရှားမှုကိုဟန့်တားခြင်း (Anti-avoidance)**

၃၂။ ညွှန်ကြားရေးမှူးချုပ်သည် စည်းကြပ်မှုပြုရာတွင် အခွန်လျော့နည်းစေရန်ရည်ရွယ်ချက်ဖြင့် အတုပြုလုပ်ထားသော သို့မဟုတ် လုပ်ကြံဖန်တီးထားသော လုပ်ဆောင်ချက်တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော လုပ်ဆောင်ချက် အစဉ်အဆက်ကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ နေနိုင်သည် သို့မဟုတ် လွဲမှားစွာ သတ်မှတ်ဖော်ပြထားသော လုပ်ဆောင်ချက်တစ်ခု သို့မဟုတ် တစ်ခု ထက်ပိုသော လုပ်ဆောင်ချက်အစဉ်အဆက်ကို ယင်း၏ ပကတိစီးပွားရေးအခြေအနေမှန်(economic substance) အပေါ်မူတည်၍ စည်းကြပ်မှုပြုနိုင်သည်။

**အခန်း (၅)**
**စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ခြင်းနှင့် အယူခံခြင်း**

**အခွန်ဆိုင်ရာ ဆုံးဖြတ်ချက်များ**

၃၃။ ဤအခန်းရှိ ဆောင်ရွက်ခြင်းများမှအပ မည်သည့် အခွန်ဆိုင်ရာ ဆုံးဖြတ်ချက်ကိုမျှ အခွန်အယူခံခုံအဖွဲ့တွင်ဖြစ်စေ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင်ဖြစ်စေ အငြင်းပွားခြင်းမပြုရ။ ထို့ပြင် အခြားအကြောင်းအရာတစ်ရပ်ရပ်ကိုအခြေခံ၍ အခြားသော တရားစီရင်မှုဆိုင်ရာ မည်သည့်ဆောင်ရွက်ချက်ကိုမျှ မပြုရ။

**စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ခြင်း**

၃၄။ (က) အခွန်ထမ်းသည် ဦးစီးဌာန၏ စည်းကြပ်မှု သို့မဟုတ် အခြားဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက ပြန်လည်သုံးသပ်ပေးရန် ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားနိုင်သည်။
(ခ) အခွန်ထမ်းသည် ဆုံးဖြတ်ချက်နှင့် စပ်လျဉ်းသည့် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အသေးစိတ်အချက်အလက်များ ဖော်ပြလျက် စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးနိုင်ရန် ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားရမည်။
(ဂ) ညွှန်ကြားရေးမှူးချုပ်အနေဖြင့် အခွန်ထမ်း၏ လျှောက်ထားချက်ကို စဉ်းစားသုံးသပ်ရမည်ဖြစ်ပြီး ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်နှင့် ယင်းဆုံးဖြတ်ချက်အတွက် အကြောင်းပြချက်ကို အခွန်ထမ်းအား စာဖြင့် အသိပေးရမည်။

**စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ခြင်းအပေါ် အယူခံခြင်း**

၃၅။ (က) အခွန်ထမ်းသည် ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ဂ) အရ စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ခြင်းကို ကျေနပ်မှုမရှိပါက အခွန်အယူခံခုံအဖွဲ့သို့ အယူခံဝင်နိုင်သည်။
(ခ) ညွှန်ကြားရေးမှူးချုပ်ထံသို့ စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးရန် ဦးစွာ လျှောက်ထားခြင်းမပြုဘဲ အခွန်အယူခံခုံအဖွဲ့သို့ အယူခံဝင်ခြင်းမပြုနိုင်။ ထို့အပြင် အောက်ပါအခြေအနေ တစ်ရပ်ရပ်နှင့် ကိုက်ညီမှုသာလျှင် အခွန်အယူခံခုံအဖွဲ့သို့ အယူခံဝင်နိုင်သည်-
(၁) ညွှန်ကြားရေးမှူးချုပ်ထံမှ ဆုံးဖြတ်ချက်တစ်စုံတစ်ရာရရှိခြင်း၊
(၂) စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ခြင်းကို လျှောက်ထားခဲ့သည်မှာ ရက်ပေါင်း ၉၀ ကျော်လွန်ပြီးဖြစ်ခြင်း၊
(ဂ) အယူခံမှုတွင် အယူခံတရားလိုနှင့် အယူခံတရားပြိုင်အား ကြားနာရမည်။
(ဃ) အခွန်အယူခံခုံအဖွဲ့သည် အယူခံလျှောက်ထားသူအနေဖြင့် ပိုမိုစည်းကြပ်ခြင်းခံရသည်ဟု ကျေနပ်လက်ခံပါက စည်းကြပ်ထားသည့် ပမာဏမှ ပိုမိုစည်းကြပ်ထားသည့် ပမာဏကို လျှော့ချခြင်းပြုနိုင်ပြီး အယူခံလျှောက်ထားသူသည် လျှော့နည်းစည်းကြပ်ခံရသည်ဟု ကျေနပ်လက်ခံပါက စည်းကြပ်ထားသည့် ပမာဏအပေါ် လျှော့နည်းစည်းကြပ်ထားသည့် ပမာဏကို တိုးမြှင့်ခြင်းပြုနိုင်သည်။
(င) အခန်း (၈)တွင် မည်သို့ပင်ပါရှိစေကာမူ အခွန်အယူခံခုံအဖွဲ့သည် အယူခံလျှောက်ထားသူအပေါ် မိမိ၏ဆုံးဖြတ်ချက်အရ သတ်မှတ်သည့် အခွန်ပမာဏကို အရကောက်ခံနိုင်မည်မဟုတ်ဟု ယူဆပါလျှင် သင့်လျော်သည်ဟု ထင်မြင်သည့်အတိုင်း အယူခံလျှောက်ထားသူက ပေးရန်ရှိသည့် အခွန်ပမာဏအတွက် အာမခံပေးအပ်ရန် အယူခံလျှောက်ထားသူထံ တောင်းဆိုနိုင်သည်။
(စ) ဤပုဒ်မအရ အယူခံအကြောင်းကြားစာကို ပုဒ်မခွဲ(ခ)တွင် ဖော်ပြထားသည့်အခြေအနေကုန်ဆုံးပြီး နောက်ရက်ပေါင်း ၉၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ စာဖြင့်ရေးသားပေးပို့ရမည်။
(ဆ) ပုဒ်မခွဲ (စ)တွင် မည်သို့ပင်ဆိုစေကာမူ နိုင်ငံတော်အတွင်း ရှိမနေခြင်းကြောင့် သော်လည်းကောင်း၊ နာမကျန်းဖြစ်နေ၍ သော်လည်းကောင်း၊ အခြားအကြောင်းတစ်ခုခုကြောင့်သော်လည်းကောင်း အယူခံလျှောက်ထားသူအနေဖြင့် ပုဒ်မခွဲ (ခ)တွင် ဖော်ပြထားသည့် အခြေအနေကုန်ဆုံးပြီး နောက် ရက်ပေါင်း ၉၀ အတွင်း အယူခံအကြောင်းကြားစာပေးအပ်ခြင်းကို မဆောင်ရွက်နိုင်ဘဲရှိနေပြီး အယူခံဝင်သူဘက်မှ ခိုင်လုံသော အကြောင်းပြချက်ရှိသည့် နှောင့်နှေးမှုတစ်စုံတစ်ရာမရှိဟု အခွန်အယူခံခုံအဖွဲ့မှ ကျေနပ်လက်ခံပါက အယူခံလျှောက်ထားသူသည် အယူခံဝင်နိုင်သည်။

**သက်သေပြရန်တာဝန်**

၃၆။ ပုဒ်မ ၆၄၊ ပုဒ်မခွဲ (ဃ) ပါ ပြဋ္ဌာန်းချက်မှလွဲ၍ စည်းကြပ်မှုတစ်ခုသည် မှားယွင်းကြောင်း သက်သေပြရန်တာဝန်သည် စည်းကြပ်မှုကို ကန့်ကွက်သည့် အခွန်ထမ်းအပေါ်တွင် ကျရောက်သည်။

**အငြင်းပွားမှုမရှိသော အခွန်ပမာဏများအပေါ် ဆိုင်းငံ့မှုမရှိစေခြင်း**

၃၇။ အခွန်ထမ်းက စည်းကြပ်မှုအပေါ် စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ရန်လျှောက်ထားခြင်း သို့မဟုတ် အယူခံလျှောက်ထားခြင်းပြုသော်လည်း ညွှန်ကြားရေးမှူးချုပ်က ပုဒ်မ ၄၄ အရ အချိန်တိုးမြှင့်ပေးခြင်းမရှိလျှင် -
(က) အခွန်ထမ်းသည် အငြင်းပွားမှုမရှိသော အခွန်ပမာဏများကို ပေးသွင်းမြဲပေးသွင်းရမည်၊
(ခ) ညွှန်ကြားရေးမှူးချုပ်သည် အခွန်ထမ်းအား အငြင်းပွားမှုရှိသော အခွန်ပမာဏအတွက် အာမခံတင်သွင်းရန် တောင်းဆိုနိုင်သည်။

**အပြီးသတ်စည်းကြပ်မှုဟု မှတ်ယူခြင်း**

၃၈။ စည်းကြပ်မှုတစ်ခုသည် ပုဒ်မ ၂၈ အရ စည်းကြပ်မှုအသစ် သို့မဟုတ် ပြင်ဆင်စည်းကြပ်မှုကို ဆောင်ရွက်နိုင်သည့် ညွှန်ကြားရေးမှူးချုပ်၏ အခွင့်အာဏာနှင့် မဆန့်ကျင်စေဘဲ ပုဒ်မ ၃၄ တွင် ခွင့်ပြုထားသည့် ကာလ စည်းကမ်းသတ်အတွင်း ပြန်လည်သုံးသပ်မှုပြုလုပ်ရန် လျှောက်ထားခြင်း တစ်စုံတစ်ရာမရှိလျှင် အပြီးသတ်စည်းကြပ်မှုဖြစ်သည်ဟု မှတ်ယူရမည်။ သို့ရာတွင် အဆိုပါစည်းကြပ်မှုနှင့်စပ်လျဉ်း၍ အခွန်ထမ်းက ပုဒ်မ ၂၂ အရ ပြင်ဆင်ထားသော အခွန်ကြေညာလွှာကို အချိန်မီတင်သွင်းပါက ပြင်ဆင်ထားသော အခွန်ကြေညာလွှာပါ အခွန်ပမာဏသည် စည်းကြပ်ပြီး အခွန်ပမာဏထက် ပိုမိုမှသာလျှင် ပြင်ဆင်တင်သွင်းသည့် အခွန်ကြေညာလွှာသည် စည်းကြပ်ခြင်းအား ပြင်ဆင်စည်းကြပ်စေရန် အကျိုးသက်ရောက်မှုရှိစေရမည်။

**အခွန်အယူခံခုံအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် အယူခံမှု**

၃၉။ (က) အခွန်အယူခံခုံအဖွဲ့တွင် အဆုံးအဖြတ်ခံယူသည့် အယူခံတရားလိုနှင့် အယူခံတရားပြိုင် မည်သည့်ပုဂ္ဂိုလ်မဆို အခွန်အယူခံခုံအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် မကျေနပ်လျှင် ဆုံးဖြတ်ချက်ရရှိသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ အယူခံဝင်ရောက်နိုင်ပြီး ထိုသို့ အယူခံမတင်သွင်းမီ အခွန်အယူခံခုံအဖွဲ့တွင် အဆုံးအဖြတ်ခံယူစဉ်က ပါဝင်ခဲ့သော အခြားတရားပြိုင်ထံသို့ အယူခံလွှာမိတ္တူတစ်စောင် ပေးပို့အတည်ပြုရမည်။
(ခ) အခွန်အယူခံခုံအဖွဲ့သို့ ဦးစွာ အယူခံလျှောက်ထားခြင်းမပြုဘဲ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံဝင်ခြင်းမပြုနိုင်။ ထို့အပြင် အောက်ဖော်ပြပါအခြေအနေ တစ်ရပ်ရပ်နှင့် ကိုက်ညီမှုသာလျှင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ အယူခံလျှောက်ထားနိုင်သည်-
(၁) အခွန်အယူခံခုံအဖွဲ့မှ ဆုံးဖြတ်ချက်တစ်စုံတစ်ရာရရှိပြီးဖြစ်ခြင်း၊
(၂) အခွန်အယူခံခုံအဖွဲ့သို့ အယူခံဝင်ရန် လျှောက်ထားခဲ့သည်မှာ ရက်ပေါင်း ၉၀ ကျော် လွန်ခဲ့သော်လည်း အခွန်အယူခံခုံအဖွဲ့ထံမှ တုံ့ပြန်မှုတစ်စုံတစ်ရာကို လက်ခံရရှိမှုမရှိခြင်း။
(ဂ) အခွန်အယူခံခုံအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် ဥပဒေရေးရာ ပြဿနာပေါ်ပေါက်မှသာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံလျှောက်ထားနိုင်သည်။
(ဃ) အခွန်အယူခံခုံအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် အယူခံဝင်ခြင်းဖြစ်ပါက အခွန်အယူခံခုံအဖွဲ့သည် သက်သေအထောက်အထား၊ အကြောင်းအခြင်းအရာအပေါ် အခွန်အယူခံခုံအဖွဲ့၏ တွေ့ရှိချက်၊ ဥပဒေရေးရာ ပြဿနာပေါ်တွင် ယင်းအဖွဲ့၏ ကောက်ချက်တို့ အကျဉ်းချုပ်ပါဝင်သည့် ဆုံးဖြတ်ချက်ကို စာဖြင့် ရေးသားပေးပို့ရမည်။

**အခန်း (၆)**
**အခွန်ပေးဆောင်ရန်တာဝန်နှင့် အခွန်ပေးဆောင်ခြင်း**

**အခွန်ပေးဆောင်ရန်တာဝန်နှင့် ပေးဆောင်ရမည့်နောက်ဆုံးသတ်မှတ်ရက်**

၄၀။ (က) အခွန်ပေးဆောင်ရန်တာဝန်ရှိပါက ဤဥပဒေနှင့်သက်ဆိုင်သည့် အခွန်ဥပဒေ တစ်ရပ်ရပ်အရ သတ်မှတ်ထားသည့်အချိန်ကာလတွင် အခွန်ကို ပေးဆောင်ရမည်။
(ခ) ပုဒ်မခွဲ(က)နှင့် မဆန့်ကျင်စေဘဲ အခွန်ပမာဏကို-
(၁) စည်းကြပ်မှု အကြောင်းကြားစာတွင် ဖော်ပြထားသည့်အတိုင်း သို့မဟုတ်
(၂) ပုဒ်မ ၂၇၊ ပုဒ်မခွဲ(င)အရ သော်လည်းကောင်း၊ ပုဒ်မ ၂၉၊ ပုဒ်မခွဲ (ဂ)အရ သော်လည်းကောင်း စည်းကြပ်မှု အကြောင်းကြားစာတွင် သတ်မှတ်ဖော်ပြထားသည့် နေ့ရက်တွင် ပေးဆောင်ရမည်။ စည်းကြပ်မှု အကြောင်းကြားစာ၌ အခွန်ပေးဆောင်ရမည့်နေ့ရက်ကို ဖော်ပြထားခြင်းမရှိလျှင် ယင်းအကြောင်းကြားစာထုတ်ပေးသည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ပေးဆောင်ရမည်။
(ဂ) အခွန်ကို ညွှန်ကြားရေးမှူးချုပ်မှ သတ်မှတ်သည့် နေရာနှင့် နည်းလမ်းအတိုင်း ပေးဆောင်ရမည်။

**ကိုယ်စားပြုသူ၏ တာဝန်နှင့် ဝတ္တရားများ**

၄၁။ (က) ဤဥပဒေအရ ပုဂ္ဂိုလ်တစ်ဦး၏ **ကိုယ်စားပြုသူ** ဆိုသည်မှာ -
(၁) ဥပဒေအရ မစွမ်းဆောင်နိုင်သည့် တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက ဝင်ငွေကို ကိုယ်စား သို့မဟုတ် အဆိုပါပုဂ္ဂိုလ်၏ အကျိုးအတွက် လက်ခံရရှိသည့် သို့မဟုတ် လက်ခံပိုင်ခွင့်ရှိသည့် အုပ်ထိန်းသူ သို့မဟုတ် မန်နေဂျာ၊
(၂) ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီ၏ အဓိကတာဝန်ရှိသူ၊
(၃) အစုစပ်လုပ်ငန်းဖြစ်ပါက အစုဝင်ပုဂ္ဂိုလ်၊
(၄) ယုံမှတ်အပ်နှံမှုအဖွဲ့ဖြစ်ပါက ယင်းအဖွဲ့ကို စီမံအုပ်ချုပ်သူ၊
(၅) အစုစပ်လုပ်ငန်း သို့မဟုတ် ကုမ္ပဏီမှအပ အခြားပုဂ္ဂိုလ်စုဖြစ်ပါက ယင်းပုဂ္ဂိုလ်စု၏ကိုယ်စား ရငွေ ပေးငွေများကို စာရင်းပြုစုရန် တာဝန်ရှိသည့် ပုဂ္ဂိုလ်၊
(၆) ပြည်ထောင်စုအစိုးရ ဖြစ်ပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ကိုယ်စား ရငွေ ပေးငွေများကို စာရင်းပြုစုရန် တာဝန်ရှိသည့်ပုဂ္ဂိုလ်၊
(၇) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ဒေသန္တရဆိုင်ရာအာဏာပိုင်ဖြစ်ပါက ယင်း၏ကိုယ်စား ရငွေ ပေးငွေများကို စာရင်းပြုစုရန် တာဝန်ရှိသည့်ပုဂ္ဂိုလ်၊
(၈) နိုင်ငံခြားအစိုးရ သို့မဟုတ် နိုင်ငံခြားအစိုးရတစ်ရပ်၏ နိုင်ငံရေးဌာနခွဲဖြစ်ပါက ယင်း၏ကိုယ်စား နိုင်ငံတော်အတွင်း၌ ရငွေ ပေးငွေများကို စာရင်းပြုစုရန် တာဝန်ရှိသည့်ပုဂ္ဂိုလ်၊
(၉) နိုင်ငံသားဖြစ်စေ သို့မဟုတ် နိုင်ငံခြားသားဖြစ်စေ ပြည်ပနေသူ ဖြစ်ပါက နိုင်ငံတော်အတွင်းရှိ ယင်းပုဂ္ဂိုလ်ပိုင်ဆိုင်သော လုပ်ငန်းအဖွဲ့အစည်းတစ်ခု၏ မန်နေဂျာ သို့မဟုတ် ယင်းပုဂ္ဂိုလ်၏ လုပ်ငန်းကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်သူ။
(ခ) ပုဒ်မခွဲ (က) အရ တာဝန်ပေးအပ်ခြင်းခံရသော ကိုယ်စားပြုသူတစ်ဦးသည် တာဝန်များကို ထမ်းဆောင်နိုင်စွမ်းမရှိပါက ညွှန်ကြားရေးမှူးချုပ်က ဤဥပဒေ၏ ရည်ရွယ်ချက်များအလို့ငှာ အခြားပုဂ္ဂိုလ်တစ်ဦးဦးကို ကိုယ်စားပြုသူအဖြစ် သတ်မှတ်ကြောင်း အကြောင်းကြားစာဖြင့် ကြေညာပေးနိုင်သည်။
(ဂ) ပုဂ္ဂိုလ်တစ်ဦး၏ကိုယ်စားပြုသူတိုင်းသည် အခွန်ပေးဆောင်ခြင်းအပါအဝင် ယင်းပုဂ္ဂိုလ်အပေါ် ဤဥပဒေအရ သတ်မှတ်ထားသည့် တာဝန်များ သို့မဟုတ် ဝတ္တရားများကို ဆောင်ရွက်ရန် တာဝန်ရှိသည်။
(ဃ) ပုဒ်မခွဲ(စ)ပါ ပြဋ္ဌာန်းချက်နှင့် မဆန့်ကျင်စေဘဲ ပုဒ်မခွဲ(ဂ)အရ ပုဂ္ဂိုလ်တစ်ဦး၏ ကိုယ်စားပြုဆောင်ရွက်သူ ပေးဆောင်ရမည့်အခွန်ကို ယင်း၏ လက်ဝယ်တွင် သို့မဟုတ် ထိန်းချုပ်ခြင်းအောက်တွင် ရှိနေသော ယင်းပုဂ္ဂိုလ်ပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာမှန်သမျှ၏ တန်ဖိုးပမာဏ

**အချပ်ပို (စ) သို့ »**

» အချပ်ပို (င) မှ

အတိုင်းအတာအထိသာ ပေးဆောင်ရန် တာဝန်ရှိသည်။

(င) ပုဂ္ဂိုလ်တစ်ဦး၏ ကိုယ်စားပြုသူသည် ယင်းပုဂ္ဂိုလ်၏ကိုယ်စား ပေးဆောင်လိုက်သည့် အခွန်ငွေပမာဏကို ယင်းပုဂ္ဂိုလ်ထံမှ ပြန်လည်ရယူရန် သော်လည်းကောင်း၊ ယင်းကိုယ်စားပြုသူ၏ လက်ဝယ်တွင် သို့မဟုတ် ထိန်းချုပ်ခြင်းအောက်တွင်ရှိနေသော ယင်းပုဂ္ဂိုလ်ပိုင်ဆိုင်သည့် ငွေကြေးများအနက်မှ အခွန်ပေးဆောင်လိုက်သည့်ပမာဏကို ထိန်းသိမ်းထားခြင်းကို သော်လည်းကောင်း ဆောင်ရွက်ခွင့်ရှိသည်။

(စ) အခွန်ကို ပေးဆောင်းခြင်းမပြုရသေးမီကာလတွင် ကိုယ်စားပြုသူသည် အောက်ပါအတိုင်း ဆောင်ရွက်ခဲ့လျှင် ကိုယ်စားပြုသူ သို့မဟုတ် အခွန်ထမ်းက ပေးဆောင်ရမည့် ထိုငွေကြေးပမာဏနှင့်ညီမျှသည့် အခွန်ငွေကို ပေးဆောင်ရန် ကိုယ်တိုင်တာဝန်ရှိစေရမည်-

(၁) လက်ခံရရှိသည့် သို့မဟုတ် စုဆောင်းရရှိသည့် အခွန်ပေးဆောင်ရန် ငွေကြေးကို လွှဲပြောင်းခြင်း၊ ပေးချေခြင်း သို့မဟုတ် ကုန်ခန်းအောင် ဆောင်ရွက်ခြင်း ပြုလုပ်လျှင် သို့မဟုတ်

(၂) ယင်းကိုယ်စားပြုသူ၏လက်ဝယ်တွင် ရှိနေသည့် သို့မဟုတ် အခွန်ပေးဆောင်ရမည့်အချိန် ကျရောက်ပြီးမှ ကိုယ်စားပြုသူထံ ရောက်ရှိလာသည့် အခွန်ထမ်းပိုင်ဆိုင်သည့် ငွေကြေး သို့မဟုတ် ရန်ပုံငွေမှ အခွန်ကို တရားဝင်ပေးဆောင်နိုင်ခဲ့စေကာမူ ပေးဆောင်ခြင်းမရှိဘဲ ယင်းငွေကြေး သို့မဟုတ် ရန်ပုံငွေအား ကုန်ခန်းအောင် ဆောင်ရွက်ခြင်းပြုလုပ်လျှင်။

(ဆ) ဤပုဒ်မပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ ပုဂ္ဂိုလ်တစ်ဦးဦး၏ ကိုယ်စားပြုသူက ထမ်းဆောင်ရန် ပျက်ကွက်ခြင်းကြောင့် ယင်းပုဂ္ဂိုလ်ထမ်းဆောင်ရမည့် တာဝန်များမှ သက်သာခွင့်မရှိစေရ။

(ဇ) ပုဂ္ဂိုလ်တစ်ဦးဦးတွင် ကိုယ်စားပြုသူနှစ်ဦး သို့မဟုတ် ယင်းထက်ပိုမိုထားရှိပါက ဤပုဒ်မပါ တာဝန်နှင့် ဝတ္တရားများသည် ကိုယ်စားပြုသူများတွင် ပူးတွဲ၍သာမက ကိုယ်စီကိုယ်ငလည်း တာဝန်ရှိစေရမည်ဖြစ်ပြီး ယင်းတာဝန်များကို ကိုယ်စားပြုသူတစ်ဦးဦးအား ထမ်းဆောင်စေနိုင်သည်။

(ဈ) ဤဥပဒေပါ ရည်ရွယ်ချက်များအလို့ငှာ ညွှန်ကြားရေးမှူးချုပ်က အခြားနည်းအားဖြင့် ညွှန်ကြားခဲ့သည်မှလွဲ၍ အောက်ဖော်ပြပါ ဖျက်သိမ်းလိုက်သည့် အစုစပ်လုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းနှင့် အသစ်ဖွဲ့စည်းလိုက်သည့် အစုစပ်လုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းသည် တူညီ၍ တစ်ခုတည်းဖြစ်သည်ဟု မှတ်ယူရမည်-

(၁) အစုဝင် သို့မဟုတ် အဖွဲ့ဝင်အားလုံး မဟုတ်သော်လည်း တစ်ဦးတစ်ယောက် သို့မဟုတ် တစ်ဦးတစ်ယောက်ထက်ပို၍ အနားယူခြင်း သို့မဟုတ် နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ အစုဝင်အသစ် သို့မဟုတ် အဖွဲ့ဝင်အသစ် ဝင်ရောက်ခြင်းကြောင့်ဖြစ်စေ၊ အစုစပ်လုပ်ငန်းတစ်ခု သို့မဟုတ် အခြားတရားဝင်ဖွဲ့စည်းထားခြင်းမရှိသည့် အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းတစ်ခုအနေဖြင့် ဖျက်သိမ်းခြင်း သို့မဟုတ် ဆက်လက်ရပ်တည်မှု မရှိတော့ခြင်း၊

(၂) ဤဥပဒေပါ ပြဋ္ဌာန်းချက်များမှလွဲ၍ အစုစပ်လုပ်ငန်း၊ အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်း အသစ်တစ်ခုကို ကျန်ရှိသည့် အဖွဲ့ဝင်များဖြင့်ဖြစ်စေ၊ ကျန်ရှိသည့်အဖွဲ့ဝင်များနှင့် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသည့် အဖွဲ့ဝင်အသစ်များဖြင့်ဖြစ်စေ ဖွဲ့စည်းခြင်း၊

(၃) ဖျက်သိမ်းလိုက်သည့် အစုစပ်လုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းက ဆောင်ရွက်ခဲ့သည့် လုပ်ငန်းကို အသစ်ဖွဲ့စည်းလိုက်သည့် အစုစပ်လုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းက ဆက်လက်ဆောင်ရွက်လျက်ရှိခြင်း။

(ည) အခွန်ထမ်း သေဆုံးပြီးနောက်တွင်ဖြစ်စေ၊ အခွန်ထမ်း၏ ပိုင်ဆိုင်မှုကို ကြွေးမြီဖြင့် သိမ်းဆည်းခံရပြီးနောက်တွင် ဖြစ်စေ ယင်းပိုင်ဆိုင်မှုကို စီမံဆောင်ရွက်သူ သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူက ယင်းကိုယ်တိုင်သော်လည်းကောင်း၊ အခြားတစ်ဦးဖြင့်သော်လည်းကောင်း အခွန်စည်းကြပ်ထိုက်သည့် လုပ်ငန်းကို ဆက်လက်ဆောင်ရွက်လျှင် သို့မဟုတ် အခွန်စည်းကြပ်ထိုက်သည့် လုပ်ငန်းကိုရပ်စဲရေးအတွက် ဆောင်ရွက်လျှင် အခွန်ထမ်း၏ ပိုင်ဆိုင်မှုကို ကိုယ်စားပြုဆောင်ရွက်သည့် စီမံဆောင်ရွက်သူ သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူသည် ဤဥပဒေပါကိစ္စရပ်များအလို့ငှာ ယင်းအခွန်စည်းကြပ်ထိုက်သည့်လုပ်ငန်းအတွက် အခွန်ထမ်းအဖြစ် မှတ်ယူခြင်းရမည်။

(ဋ) အပေါင်ခံသူတစ်ဦးသည် ပေါင်နှံသူ အခွန်ထမ်းတစ်ဦးထံမှ အပေါင်ပစ္စည်းအဖြစ် သတ်မှတ်ထားသည့် မြေယာ သို့မဟုတ် အခြားပစ္စည်းကို လက်ဝယ်ပိုင်ဆိုင်ထားရှိပြီး အပေါင်ခံသူအနေဖြင့် ယင်းမြေယာ သို့မဟုတ် အခြားပစ္စည်းကို အသုံးပြု၍ အခွန်ကျသင့်သည့် လုပ်ငန်းဆောင်ရွက်မှုရှိပါက ယင်းမြေယာ သို့မဟုတ် ပစ္စည်းကို လက်ဝယ်ထားရှိသည့်ကာလအတွင်း အခွန်ကျသင့်သည့် လုပ်ငန်းဆောင်ရွက်မှုပြုလုပ်နေသော အခွန်ထမ်းအဖြစ် မှတ်ယူရမည်။

(ဌ) ဤဥပဒေပါ ကိစ္စရပ်များအလို့ငှာ ပုဂ္ဂိုလ်တစ်ဦးသည် တစ်ခုထက်ပိုသော ကိစ္စရပ်များအတွက် ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ဆောင်ရွက်ပါက ယင်းသို့ ယုံမှတ်အပ်နှံမှုတစ်ခုချင်းစီအတွက် သီးခြားပုဂ္ဂိုလ်အဖြစ် မှတ်ယူဆောင်ရွက်ရမည်။

**ကုမ္ပဏီဖျက်သိမ်းပြီးနောက်**
**အခွန်ပေးဆောင်ရမည့်တာဝန်**

၄၂။ (က) ဤပုဒ်မသည် ပင်ရင်းမှနုတ်ယူ၍ ပေးဆောင်ရမည့်အခွန်ဆိုင်ရာ တာဝန်များအပါအဝင် ပေးဆောင်ရမည့်အခွန်များကို ပေးဆောင်ခြင်းမရှိဘဲ ဖျက်သိမ်းသွားသည့် ကုမ္ပဏီများနှင့် သက်ဆိုင်သည်။

(ခ) ကုမ္ပဏီဖျက်သိမ်းချိန်တွင် အစုရှယ်ယာရှင်ဖြစ်နေသော ပုဂ္ဂိုလ်တစ်ဦးသည် ပေးဆောင်ရခြင်းမရှိသေးသည့် အခွန်ကို ဖျက်သိမ်းချိန်မတိုင်မီ တစ်နှစ်အတွင်း အစုရှယ်ယာရှင်အနေဖြင့် ကုမ္ပဏီမှခွဲဝေရရှိသည့် ငွေကြေး သို့မဟုတ် ပစ္စည်းပမာဏအထိ ပေးဆောင်ရန် ပူးတွဲ၍သာမက ကိုယ်စီကိုယ်ငလည်း တာဝန်ရှိစေရမည်။

(ဂ) ဤပုဒ်မတွင် ဖော်ပြထားသည့် ကုမ္ပဏီ၏ ပေးဆောင်ရမည့်အခွန်သည် ဖျက်သိမ်းချိန်တွင်ရှိသည့် အစုရှယ်ယာပိုင်ရှင်များနှင့် ကွဲပြားသည့် အစုရှယ်ယာပိုင်ရှင်များ၏ ပိုင်ဆိုင်မှုအောက်ရှိ အချိန်ကာလအတွင်း ပေးဆောင်ရမည့်အခွန်ဖြစ်ပါက ညွှန်ကြားရေးမှူးချုပ်အနေဖြင့် ကုမ္ပဏီက ပေးဆောင်ရမည့် အခွန်ကို အခွန်ပေးဆောင်ရမည့်အချိန်ကာလအတွင်း ကုမ္ပဏီ၏ အစုရှယ်ယာရှင်ဖြစ်ခဲ့သူထံမှ ကုမ္ပဏီကပေးဆောင်ရမည့် အခွန်ကို ကောက်ခံရမည်။

(ဃ) ဤပုဒ်မအရ ကုမ္ပဏီတစ်ခုအတွက် အခွန်ပေးဆောင်ရန် တာဝန်ရှိသည့် ပုဂ္ဂိုလ်တစ်ဦးသည် ကုမ္ပဏီအနေဖြင့် ရပိုင်ခွင့်ရှိသည့် အခွင့်အရေးများကို ဦးစီးဌာနထံမှ တောင်းခံနိုင်သည်။

(င) ဖျက်သိမ်းချိန်တွင် ကုမ္ပဏီအနေဖြင့် အခွန်ကင်းရှင်းကြောင်း လက်မှတ်ရရှိထားပါက ဤပုဒ်မအရ အခွန်ပေးဆောင်ရမည့် မည်သည့်ပုဂ္ဂိုလ်မဆို အခွန်ပေးဆောင်ရန် တာဝန်မရှိစေရ။

**ပြန်အမ်းခြင်း**

၄၃။ (က) အခွန်ထမ်းပေးဆောင်ထားသည့် အခွန်ပမာဏသည် စည်းကြပ်သည့် ပမာဏ သို့မဟုတ် ပေးဆောင်ရန် တာဝန်ရှိသည့် ပမာဏထက် ကျော်လွန်နေလျှင် ယင်းပိုငွေကို ညွှန်ကြားရေးမှူးချုပ်က ပြန်အမ်းရမည်။ ယင်းသို့ ပြန်အမ်းရာတွင် -

(၁) ဥပဒေအရ အခွန်ထမ်းပေးဆောင်ရမည့် စည်းကြပ်သည့် အခွန်၊ အတိုးနှင့် ဒဏ်ကြေးများကို ခုနှိမ်ရမည်။

(၂) ထို့အပြင် ကျန်ရှိသည့် ပြန်အမ်းငွေပမာဏမှ လာမည့် ၁၂ လအတွင်း အခွန်ထမ်းပေးဆောင်ရမည့် အခွန်တာဝန်ကို ကြိုတင်ခွန်ပမာဏ အဖြစ် ခုနှိမ်နိုင်သည်။

(ခ) ပုဒ်မခွဲ(က)နှင့် မဆန့်ကျင်စေဘဲ ပြန်အမ်းရန်ရှိသည့် အခွန်ငွေအားလုံးကို အခွန်ထမ်းအား ပြန်အမ်းရမည်။

(ဂ) ဤပုဒ်မအရ ပြန်အမ်းငွေ သို့မဟုတ် ခုနှိမ်ခွင့်ကို အခွန်ထမ်းအနေဖြင့် သက်ဆိုင်ရာ စည်းကြပ်မှုပြုလုပ်ခဲ့သည့် အခွန်ကာလကုန်ဆုံးပြီး ခြောက်နှစ်အတွင်း လျှောက်ထားတောင်းခံမှသာ ခွင့်ပြုနိုင်သည်။

**အခွန်ပေးဆောင်ရမည့်ရက်တိုးမြှင့်ခြင်း**

၄၄။ (က) အခွန်ထမ်းသည် ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ထားသည့်ပုံစံဖြင့် ပုဒ်မ ၄၀ အရ အခွန်ပေးဆောင်ရန် သတ်မှတ်ထားသည့် နေ့ရက်ထက်ကျော်လွန်၍ အခွန်ပေးဆောင်ရမည့်အချိန်ကို တိုးမြှင့်ပေးရန် လျှောက်ထားနိုင်သည်။

(ခ) ညွှန်ကြားရေးမှူးချုပ်အနေဖြင့် လုံလောက်သော အကြောင်းရင်းရှိပါက အခွန်ပေးဆောင်ရမည့်အချိန်ကို ပုဒ်မခွဲ(က) အရ တောင်းခံသည့်အတိုင်း တိုးမြှင့်ပေးနိုင်သည် သို့မဟုတ် အခွန်ထမ်းတောင်းခံသည့်အချိန်နှင့် ကွဲပြားသည့် အချိန်ကာလတစ်ရပ်ကို တိုးမြှင့်ပေးနိုင်သည်။ ထို့အပြင် အခွန်ပေးဆောင်နိုင်စေရန်အလို့ငှာ ပေးဆောင်ရမည့် ပမာဏကို အရစ်ကျပေးဆောင်စေခြင်း ကဲ့သို့သော လိုအပ်သည့် အစီအစဉ်များလည်း ပြုလုပ်နိုင်သည်။

(ဂ) ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားရေးမှူးချုပ်က ယင်း၏ဆုံးဖြတ်ချက်ကို စာဖြင့် အကြောင်းကြားခြင်းမပြုလျှင် အခွန်ထမ်း၏ လျှောက်ထားချက်ကို ခွင့်ပြုပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဃ) အခွန်ထမ်းသည် ပုဒ်မခွဲ(က)အရ အခွန်ပေးဆောင်ရမည့်အချိန် တိုးမြှင့်ရရှိစေကာမူ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အတိုးကို ပေးဆောင်ရမည်။

(င) အခွန်ထမ်းအား အခွန်ကို အရစ်ကျပေးသွင်းရန် ခွင့်ပြုခြင်းအားဖြင့် အချိန်တိုးမြှင့်ခွင့်ပြုပေးသော်လည်း အခွန်ထမ်းက အရစ်ကျပေးသွင်းရာ၌ ပျက်ကွက်ပါက ပေးသွင်းရန် ကျန်ရှိသည့် စည်းကြပ်မှုအရ ကျသင့်သည့် အခွန်ငွေအားလုံးကို ချက်ချင်းပေးသွင်းစေရမည်။

**အခွန်ပေးဆောင်ရန် ပျက်ကွက်ခြင်း**

၄၅။ (က) အခွန်ပေးဆောင်ရန် နောက်ဆုံးသတ်မှတ်ရက်အထိ အခွန်တစ်ရပ်ကို ပေးဆောင်ခြင်းမရှိပါက ညွှန်ကြားရေးမှူးချုပ်အနေဖြင့် အခွန်ထမ်းထံသို့ အခွန်ပေးဆောင်ရန် တောင်းခံသည့် အကြောင်းကြားစာကို ပေးပို့နိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ အကြောင်းကြားစာတွင် အောက်ပါအချက်များကို ဖော်ပြရမည်-

(၁) အခွန်ထမ်း၏အမည်၊

(၂) အကယ်၍ အခွန်ထမ်းမှတ်ပုံတင်အမှတ် ထုတ်ပေးထားပါက ယင်းအခွန်ထမ်းမှတ်ပုံတင်အမှတ်၊

(၃) အကြောင်းကြားစာထုတ်ပေးသည့် ရက်စွဲ၊

(၄) အခွန်ပမာဏ၊ အတိုးနှင့် ပေးဆောင်ရမည့် ဒဏ်ကြေးနှင့် ယင်းတို့နှင့် သက်ဆိုင်သည့် အခွန်ကာလ သို့မဟုတ် အခွန်ကာလများ၊

(၅) အပိုဒ်ခွဲငယ်(၄)ပါ ပမာဏများကို ပေးဆောင်ရန် တောင်းခံချက်၊

(၆) ပေးဆောင်ရမည့် နေရာနှင့်

(၇) အကြောင်းကြားစာရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အခွန်ပေးသွင်းခြင်းမရှိလျှင် ညွှန်ကြားရေးမှူးချုပ်အနေဖြင့် အကြောင်းကြားစာတွင် သတ်မှတ်ဖော်ပြထားသည့် ပမာဏများကို ကောက်ခံရန် အရကောက်ခံမှု နည်းလမ်းများကို ကျင့်သုံး ဆောင်ရွက်ပိုင်ခွင့်ရှိကြောင်း အခွန်ထမ်းအား အသိပေးချက်။

(ဂ) အခွန်ထမ်းသည် ညွှန်ကြားရေးမှူးချုပ်ထံမှ ဤပုဒ်မအရ အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အခွန်ပေးဆောင်ရန် ပျက်ကွက်ပါက မပေးဆောင်သည့် အခွန်ကို မပြေကျန်ငွေအဖြစ်လည်းကောင်း၊ ယင်းအခွန်ထမ်းအား ပျက်ကွက်သူအဖြစ်လည်းကောင်း သတ်မှတ်ရမည်။

(ဃ) အခွန်ထမ်းသည် အောက်ပါအစီအစဉ်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ပါက ပုဒ်မခွဲ(ဂ)နှင့် အကျုံးဝင်ခြင်းမရှိစေရ-

(၁) အခွန်ဥပဒေတစ်ရပ်ရပ်နှင့်အညီ ညွှန်ကြားရေးမှူးချုပ်က သဘောတူခွင့်ပြုသည့် အခွန်ပေးဆောင်ရန် အစီအစဉ်တစ်ရပ်ကို လိုက်နာဆောင်ရွက်လျက်ရှိခြင်း၊

(၂) ပုဒ်မ ၄၄ အရ အခွန်ပေးသွင်းရန် အချိန်တိုးမြှင့်ရရှိခြင်း။

**အခွန်ပေးဆောင်ရမည့် အစီအစဉ်**

၄၆။ (က) အခွန်ထမ်းမှ ပေးဆောင်ရန်ရှိသည့်အခွန်နှင့်စပ်လျဉ်း၍ အခွန်တစ်ရပ်ချင်းစီအလိုက် အောက်ပါအစီအစဉ်အတိုင်း ပေးဆောင်ရမည် -

(၁) ဒဏ်ကြေးများ၊

(၂) အတိုး၊

(၃) ပင်မအခွန်ပမာဏ။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါအခြေအနေတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ အခွန်ပေးဆောင်မှုသည် စည်းကြပ်ပြီးခဲ့သော ပေးဆောင်ရမည့် မည်သည့်အခွန်အမျိုးအစားဖြစ်ကြောင်း သတ်မှတ်နိုင်သည်-

(၁) အခွန်ထမ်းက ပေးဆောင်မှုသည် မည်သည့် အခွန်အမျိုးအစား၊ မည်သည့်ကာလအတွက် ပေးသွင်းသည်ဟု ဖော်ပြမှုမရှိခြင်း သို့မဟုတ်

(၂) အခန်း(၈)အရ အခွန်အရ ကောက်ခံခြင်း။

**ငွေကြေး**

၄၇။ ဤဥပဒေနှင့်သက်ဆိုင်သည့် တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် သီးခြားပြဋ္ဌာန်းထားခြင်းမရှိလျှင် အခွန်ငွေနှင့် အခွန်ပြန်အမ်းငွေတို့ကို ကျပ်ငွေဖြင့် ပေးသွင်းခြင်း သို့မဟုတ် ပြန်အမ်းခြင်းပြုရမည်။

**အခန်း ( ၇ )**

**အတိုး**

**ယေဘုယျပြဋ္ဌာန်းချက်**

၄၈။ (က) အခွန်ပေးဆောင်ခြင်း၊ အခွန်ကောက်ခံခြင်းနှင့် အငြင်းပွားခြင်းတို့အတွက် လုပ်ထုံးလုပ်နည်းများကို အခွန်တစ်ရပ်နှင့် သက်ဆိုင်သည့် အတိုးအပေါ် ညီတူညီမျှ ကျင့်သုံးနိုင်သည်။

(ခ) ဤဥပဒေအရပေးဆောင်ရမည့် အတိုးကို သီးခြားတွက်ချက်ရမည်ဖြစ်ပြီး ယင်းသည် ဥပဒေတစ်ရပ်ရပ်အရ ပြဋ္ဌာန်းထားသည့်ဒဏ်ကြေးငွေအပြင် ထပ်ဆောင်းကျသင့်ခြင်းဖြစ်သည်။

(ဂ) ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် ဤအခန်းအရ အတိုးပေးသွင်းခဲ့ပြီး ယင်းပုဂ္ဂိုလ်သည် ယင်းအတိုးနှင့်ဆက်စပ်သည့် ပမာဏအတွက် ပေးဆောင်ရန်တာဝန်မရှိကြောင်း

အချပ်ပို (ဆ) သို့ »

» အချပ်ပို (စ) မှ

တွေ့ရှိခဲ့လျှင် ပေးသွင်းခဲ့သည့် အတိုးပမာဏကို ယင်းပုဂ္ဂိုလ်ထံ ပြန်အမ်းရမည်။

**လျှော့နည်းပေးဆောင်မှုများအတွက် အတိုး**

၄၉။ (က) အခွန်ပမာဏတစ်ရပ်ကို နောက်ဆုံးထားပေးဆောင်ရမည့်နေ့ရက်အမီ ပေးဆောင်ခြင်းမရှိခဲ့ပါက အခွန်ထမ်းသည် နောက်ဆုံးပေးဆောင်ရမည့် နေ့ရက်မှအစပြု၍ (ပုဒ်မ ၄၄ အရ အချိန်တိုးမြှင့်ရရှိခြင်းကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ) အခွန်ပေးဆောင်သည့် နေ့ရက်အထိ ကာလအတွက် ယင်းပမာဏအပေါ် အတိုးပေးဆောင်ရမည်။

(ခ) စည်းကြပ်မှုအသစ် သို့မဟုတ် ပြင်ဆင်စည်းကြပ်မှုအရ အခွန်ပေးဆောင်ရမည့် အခြေအနေမျိုးတွင် အတိုးကို စတင်တွက်ချက်ရမည့်နေ့ရက်သည် အခွန်ကို နောက်ဆုံးထားပေးဆောင်ရမည့် မူလနေ့ရက်ဖြစ်သည်။

**ပြန်အမ်းငွေအတွက် အတိုး**

၅၀။ (က) ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၄၃၊ ပုဒ်မခွဲ(ခ)အရ ပြန်အမ်းရမည့် ပမာဏတစ်ရပ်ရှိပါက ပြန်အမ်းငွေ ပေါ်ပေါက်သည့်ရက်စွဲမှ ပြန်အမ်းငွေကို အမှန်တကယ် ပေးအပ်သည့်ရက်စွဲအထိ ကာလအတွက် ပြန်အမ်းရမည့် ပမာဏအပေါ်တွင် အတိုးပေးအပ်ရမည်။

(ခ) ပြန်အမ်းငွေတစ်ရပ်ကို ပုဒ်မ ၄၃၊ ပုဒ်မခွဲ(က)အရ နောက်ထပ်ပေးဆောင်ရန်တာဝန်ရှိသည့် အခွန်ကျသင့်မှုအတွက် ခုနှိမ်ပြီးဖြစ်ပါက အခွန်ထမ်းသို့ ပြန်အမ်းရမည့် ပမာဏကို ယင်းအခွန်ကျသင့်မှုအတွက် ပေးသွင်းရမည့် နောက်ဆုံးသတ်မှတ်ရက်တွင် ပေးအပ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

**အတိုးနှုန်း**

၅၁။ ဤအခန်းတွင် အခွန်တစ်ရပ်ရပ်အတွက် သတ်မှတ်ရမည့် အတိုးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အတိုးနှုန်းသတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းတို့ကို အမိန့်ကြော်ငြာစာဖြင့် နိုင်ငံတော်ပြန်တမ်းတွင်ထုတ်ပြန်၍ သတ်မှတ်နိုင်သည်။

**အခန်း (၈)**

**အခွန်အရကောက်ခံခြင်း**

**ယေဘုယျပြဋ္ဌာန်းချက်**

၅၂။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၄၅ အရ ပျက်ကွက်သူအဖြစ် သတ်မှတ်ခြင်းခံရသူအပေါ် ဤအခန်းပါ မည်သည့်နည်းလမ်းကိုမဆို ကျင့်သုံး၍ အရကောက်ခံနိုင်သည်။

**အခွန်မပြေကျန်ငွေကောက်ခံခြင်းအတွက် ကာလစည်းကမ်းသတ်**

၅၃။ (က) အခွန်ထမ်းကို ပျက်ကွက်သူဟု သတ်မှတ်သည့်နေ့ရက်မှစတင်၍ ခြောက်နှစ်အတွင်း ဤအခန်းပါ ဥပဒေကြောင်းအရ အရကောက်ခံမှုနည်းလမ်းများကို စတင်ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ(က)နှင့် မဆန့်ကျင်စေဘဲ မပေးဆောင်ရသေးသော အခွန်၊ အတိုး သို့မဟုတ် ဒဏ်ကြေးငွေကို အရကောက်ခံရန် ဤဥပဒေအရ ဆောင်ရွက်ချက်တစ်ခုခုအပေါ် ကာလစည်းကမ်းသတ်နှင့် ပတ်သက်သည့် မည်သည့်ဥပဒေပြဋ္ဌာန်းချက်ကမျှ ဟန့်တားမှု သို့မဟုတ် သက်ရောက်မှုမရှိစေရ။

**ကောက်ခံ၍မရရှိနိုင်သော အခွန်မပြေကျန်ငွေများကို စာရင်းမှ ပယ်ဖျက်ခြင်း**

၅၄။ (က) ညွှန်ကြားရေးမှူးချုပ်အနေဖြင့် ဤဥပဒေနှင့် သက်ဆိုင်သည့် အခွန်ဥပဒေတစ်ရပ်ရပ်အရ ပေးဆောင်ရမည့် အခွန်၊ အတိုး သို့မဟုတ် ဒဏ်ကြေးပမာဏတစ်ရပ်ရပ်ကို အရကောက်ခံနိုင်ခြင်းမရှိပါက ဝန်ကြီး၏ သဘောတူညီချက်ဖြင့် အစိုးရသို့ အကြွေးအဖြစ် ပေးဆောင်ရန်ရှိသည်ကို ပယ်ဖျက်ကြောင်း အမိန့်ချမှတ်နိုင်သည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ(က)အရ အကြွေးပယ်ဖျက်ပေးခဲ့သည့် ပုဂ္ဂိုလ်တစ်ဦးထံတွင် မပေးဆောင်ရသေးသည့် ကြွေးမြီပမာဏအားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ပြန်လည်ရရှိစေနိုင်မည့် ပိုင်ဆိုင်မှုများ ရှိသည်ဟု တွေ့ရှိလျှင် ပုဒ်မခွဲ(က)အရ ချမှတ်ခဲ့သည့် အမိန့်ကို ပြည်ထောင်စုဝန်ကြီး၏ သဘောတူညီချက်ဖြင့် ပြန်လည်ရုပ်သိမ်းပြီး အကြွေးပေးဆပ်ရန် ပြန်လည်သတ်မှတ်နိုင်သည်။

**သီးခြားရပ်တည်မှုရှိသည့်ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်စု၏ မန်နေဂျာများ**

၅၅။ (က) သီးခြားရပ်တည်မှုရှိသည့် ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်စု တစ်ခုသည် အခွန်ကို အချိန်မီပေးဆောင်ရန် ပျက်ကွက်ခဲ့လျှင် ယင်းပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်စု၏ မန်နေဂျာ သို့မဟုတ် မည်သည့်အချိန်တွင်မဆို မန်နေဂျာအဖြစ် ဆောင်ရွက်ခဲ့ဖူးသူ တစ်ဦးချင်းသည် သက်ဆိုင်မှုရှိသည့်အချိန်မှစတင်၍ ယင်းပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်စုအပြင် အခြားအလားတူ ပုဂ္ဂိုလ်တစ်ဦးချင်းစီနှင့်ပူးတွဲ၍ သာမက ကိုယ်စီကိုယ်ငလည်း အခွန်ပေးဆောင်ရန် တာဝန်ရှိသည်။

(ခ) ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်သည် ယင်းသီးခြားရပ်တည်သည့် ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်စုအနေဖြင့် ဆက်လက်တည်ရှိခြင်းမရှိစေကာမူ သက်ရောက်မှုရှိသည်။

(ဂ) မန်နေဂျာတစ်ဦးသည် အခွန်ပေးဆောင်မှုပျက်ကွက်ခြင်းကို စတင်ပေါ်ပေါက်ခြင်းနှင့် ဆက်လက်ဖြစ်ပွားခြင်းမရှိစေရန် ကာကွယ်တားဆီးမှုကို မန်နေဂျာရာထူးရှိသည့် သာမန်ဆင်ခြင်တုံတရားရှိသူတစ်ဦးက ကျင့်သုံးဆောင်ရွက်မည်ဖြစ်သည့်အတိုင်း ဂရုပြုမှု၊ အားထုတ်မှု၊ ကျွမ်းကျင်မှုတို့ဖြင့် ကျင့်သုံးဆောင်ရွက်ခဲ့လျှင် ပုဒ်မခွဲ(က)သည် ယင်းမန်နေဂျာအပေါ် သက်ရောက်မှုမရှိစေရ။

(ဃ) မန်နေဂျာသည် အစုစပ်လုပ်ငန်းတစ်ခု၏ လက်ရှိအစုဝင်ဖြစ်လျှင် ပုဒ်မခွဲ(ဂ)အရ အကာအကွယ်ကို မရရှိစေရ။

(င) ဤပုဒ်မအရ ညွှန်ကြားရေးမှူးချုပ်ထံ မန်နေဂျာတစ်ဦးက ပေးဆောင်ရမည့်အခွန်ပမာဏများသည် မန်နေဂျာ၏တစ်ဦးချင်းဆိုင်ရာ အခွန်ပေးရန် တာဝန်ဖြစ်သည်။

(စ) မန်နေဂျာတစ်ဦးသည် ပုဒ်မခွဲ(က)အရ အခွန်တာဝန်ရှိမှုအတွက် အခွန်ပေးဆောင်ခဲ့လျှင် ယင်းမန်နေဂျာသည် ပေးဆောင်ထားသည့် ပမာဏကို သီးခြားရပ်တည်မှုရှိသည့် ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်စုထံမှ ရရန်ရှိသည့် အကြွေးအဖြစ် ပြန်လည်ရယူနိုင်သည်။

(ဆ) သီးခြားရပ်တည်မှုရှိသည့် ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်စုတစ်ခု၏ သက်ဆိုင်ရာအခွန်အတွက် စည်းကြပ်ရမည့် ကာလ စည်းကမ်းသတ်ကုန်ဆုံးသွားပါက ယင်းပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်စုတစ်ခု၏ မန်နေဂျာအပေါ် ဤပုဒ်မအရ စည်းကြပ်ခြင်းမပြုနိုင်ပေ။

(ဇ) ဤပုဒ်မအရ -

(၁) **သီးခြားရပ်တည်မှုရှိသည့် ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်စု၏ မန်နေဂျာ** ဟု ဆိုရာတွင် ယင်းပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်စု၏ မန်နေဂျာအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း ပြောဆိုသည့် ပုဂ္ဂိုလ်တစ်ဦးဦးလည်း ပါဝင်သည်။

(၂) **သက်ဆိုင်မှုရှိသည့်အချိန်** ဆိုသည်မှာ သီးခြားရပ်တည်မှုရှိသည့် ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်စု၏ အခွန်တာဝန်တစ်ရပ်ရပ်ကို ပေါ်ပေါက်စေသော အကြောင်းခြင်းရာများ မတိုင်မီ ခြောက်လကာလကို ဆိုသည်။

**တရားစွဲဆိုခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ**

၅၆။ (က) ပေးသွင်းရန်ရှိနေသည့် အခွန်သည် နိုင်ငံတော်အစိုးရသို့ ပေးသွင်းရမည့် ကြွေးမြီဖြစ်ပြီး ယင်းကို အခြားမြီရှင်များထံပေးရန်ရှိသည့်ကြွေးမြီများထက် ဦးစားပေးရမည်ဖြစ်ကာ ညွှန်ကြားရေးမှူးချုပ်ထံသို့ ပေးသွင်းရန်ဖြစ်သည်။

(ခ) ပုဂ္ဂိုလ်တစ်ဦးသည် သတ်မှတ်ထားသော အချိန်တွင် အခွန်ပေးဆောင်ရန် ပျက်ကွက်ပါက ပေးဆောင်ရမည့် အခွန်အနက်မှ ပေးဆပ်ရန်ရှိသည့်အကြွေးကို ပြန်လည်ရရှိစေရန်အလို့ငှာ ညွှန်ကြားရေးမှူးချုပ်သည် သက်ဆိုင်ရာစီရင်ပိုင်ခွင့်ရှိသည့် တရားရုံးတစ်ခုခုတွင် ဥပဒေကြောင်းအရ အရေးယူခြင်းကို စတင်ဆောင်ရွက်နိုင်သည်။

(ဂ) ဤပုဒ်မအရ မည်သည့် တရားစွဲဆိုမှုတွင်မဆို တရားပြိုင်အမည်နှင့် ပေးဆောင်ရမည့် အခွန်ပမာဏကို ဖော်ပြသော ညွှန်ကြားရေးမှူးချုပ်က လက်မှတ်ရေးထိုးထားသည့် အထောက်အထားသည် ယင်းအခွန်ပမာဏကို ပေးဆောင်ရမည်ဖြစ်ကြောင်း လုံလောက်သည့် သက်သေခံချက်ဖြစ်ပြီး ယင်းပမာဏနှင့်စပ်လျဉ်း၍ တရားရုံးက ဆုံးဖြတ်ချက်ပေးရန် လုံလောက်သော အထောက်အပံ့ဖြစ်စေရမည်။

**အကြွေးမကျေမီ ပစ္စည်းကို လက်ဝယ်ထိန်းသိမ်းထားပိုင်ခွင့်(Lien)**

၅၇။ (က) အခွန်ထမ်းသည် အခွန်ကို သတ်မှတ်ရက်တွင် ပေးဆောင်ရန် ပျက်ကွက်ပါက (အတိုး၊ ဒဏ်ကြေးနှင့် ကောက်ခံရသည့် ကုန်ကျစရိတ်တို့ အဆင့်ဆင့်ပေါင်းထားသည့်) အခွန်ထမ်းပေးဆောင်ရမည့် ပမာဏအရ အခွန်ထမ်းပိုင်ဆိုင်သော ပစ္စည်းဥစ္စာအားလုံးအပေါ်တွင် ညွှန်ကြားရေးမှူးချုပ်က လက်ဝယ်ထိန်းသိမ်းထားပိုင်ခွင့်ရှိပြီး ယင်းသည် ဤပုဒ်မတွင် အခြားနည်းအားဖြင့် ဖော်ပြထားခြင်းမှလွဲ၍ အခြားအခွင့်အရေးအားလုံးထက် ဦးစားပေးအဆင့်တွင်ရှိရမည်။

(ခ) ပုဒ်မခွဲ(က)တွင် ဖော်ပြပါ အကြွေးမကျေမီ ပစ္စည်းကို လက်ဝယ်ထိန်းသိမ်းထားပိုင်ခွင့်သည် ပေးဆောင်ရမည့် နောက်ဆုံးပေးဆောင်ရမည့် နေ့ကုန်ဆုံးသည့် ညသန်းခေါင်ယံအချိန်မှ စတင်ပေါ်ပေါက်ပြီး အခွန်ကို အကျေပေးဆောင်ပြီးသည့် အချိန်ထိလည်းကောင်း၊ အချိန်ကျော်လွန်သွားခြင်းကြောင့် အာဏာသက်ရောက်ခြင်းမရှိတော့သည်အထိလည်းကောင်း ဆက်လက်တည်မြဲစေရမည်။

(ဂ) ဤပုဒ်မအရ ချမှတ်သည့် ပိုင်ဆိုင်မှုအပေါ် အကြွေးမကျေမီ ပစ္စည်းကို လက်ဝယ်ထိန်းသိမ်းထားပိုင်ခွင့်သည် အောက်ပါအခြေအနေတစ်ရပ်ရပ်အရ အခွန်ထမ်း၏ပိုင်ဆိုင်ပစ္စည်းတစ်ရပ်ရပ်ကို သဘောရိုးဖြင့် ဝယ်ယူထားသူ၊ ယင်းအား အပေါင်ပစ္စည်းအဖြစ် ထိန်းသိမ်းထားသူနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပိုင်ဆိုင်ခွင့်အန္တယ်ရှိသူများ၏ အကျိုးစီးပွားကို ထိခိုက်နစ်နာခြင်းမရှိစေရ-

(၁) ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် သဘောရိုးဖြင့် ဝယ်ယူ၍ ဥပဒေနှင့်အညီ လက်ဝယ်ရရှိပိုင်ဆိုင်ထားခြင်း၊

(၂) အဆိုပါပစ္စည်းအား အခွန်ထမ်း၏ ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ လွှဲပြောင်းခြင်းမပြုရန် တားမြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က အတည်ပြုထားရှိသည့် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများသို့ စာဖြင့်အကြောင်းကြားခြင်းမပြုမီကပင် သဘောရိုးဖြင့်ဝယ်ယူ၍ ဥပဒေနှင့်အညီ လက်ဝယ်ရရှိ ပိုင်ဆိုင်ထားခြင်း။

(ဃ) ညွှန်ကြားရေးမှူးချုပ်သည် စည်းကြပ်ပြီးသည့် အခွန်နှင့် ယင်းနှင့် ဆက်စပ်နေသည့် အတိုး သို့မဟုတ် ဒဏ်ကြေးငွေကို အခွန်ထမ်းက အပြေအကျေသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်း သော်လည်းကောင်း ပေးဆောင်ခြင်းမရှိလျှင် အကြွေးမကျေမီ ပစ္စည်းကို လက်ဝယ်ထိန်းသိမ်းထားပိုင်ခွင့် ရှိကြောင်း အကြောင်းကြားစာကို မည်သည့် အချိန်တွင်မဆို ထုတ်ဆင့်နိုင်သည်။

(င) အကြွေးမကျေမီ ပစ္စည်းကို လက်ဝယ်ထိန်းသိမ်းထားပိုင်ခွင့်ရှိကြောင်း အကြောင်းကြားစာ ထုတ်ပြန်ရန်အတွက် လုပ်ထုံးလုပ်နည်းများကို စည်းမျဉ်းများဖြင့် သတ်မှတ်နိုင်သည်။ အကြွေးမကျေမီ ပစ္စည်းကို လက်ဝယ်ထိန်းသိမ်းထားပိုင်ခွင့်ရှိကြောင်း အကြောင်းကြားစာ ထုတ်ပြန်ပြီးစေကာမူ အကြောင်းကြားစာပါအတိုင်း သက်ရောက်မှုမရှိနိုင်မည့် အကျိုးစီးပွားအမျိုးအစားများကို စည်းမျဉ်းများဖြင့် သတ်မှတ်နိုင်သည်။

(စ) အကြွေးမကျေမီ ပစ္စည်းကို လက်ဝယ်ထိန်းသိမ်းထားပိုင်ခွင့်ကို မှတ်ပုံတင်စာအုပ်တွင် မှတ်ပုံတင်ခြင်းမပြုမီ ညွှန်ကြားရေးမှူးချုပ်သည် ထိုသို့မှတ်ပုံတင်မည့်အကြောင်း အခွန်ထမ်းထံ အကြောင်းကြားစာ ပေးပို့ရမည်။ သို့ရာတွင် ယင်းသို့ ဆောင်ရွက်ခြင်းကြောင့် အခွန်ကောက်နိုင်စွမ်းကို ပျက်ပြားစေနိုင်သည်ဟု ညွှန်ကြားရေးမှူးချုပ်က ယုံကြည်လျှင် အကြောင်းကြားစာ ပေးပို့ခြင်းမပြုဘဲ နေနိုင်သည်။

(ဆ) ညွှန်ကြားရေးမှူးချုပ်သည် ဤပုဒ်မအရ သတ်မှတ်ထားသည့် အကြွေးမကျေမီ ပစ္စည်းကို လက်ဝယ်ထိန်းသိမ်းထားပိုင်ခွင့်ကို အကျိုးသက်ရောက်မှုရှိစေရန် သက်ဆိုင်ရာ တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ဇ) သက်ဆိုင်သည့် ပုဂ္ဂိုလ်တစ်ဦးဦးမှ အကြွေးမကျေမီ ပစ္စည်းကို လက်ဝယ်ထားပိုင်ခွင့်နှင့်စပ်လျဉ်း၍ တရားစွဲဆိုခြင်းကို ရုပ်သိမ်းပေးပါရန် ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြနိုင်သည်။ တင်ပြချက်အရ တရားစွဲဆိုခြင်းကို ရုပ်သိမ်းပေးပါရန် ညွှန်ကြားရေးမှူးချုပ်က မူလတရားရုံးသို့ လျှောက်ထားနိုင်သည်။ ထိုတရားရုံးက ရုပ်သိမ်းခြင်းမပြုကြောင်း ဆုံးဖြတ်ပါက ညွှန်ကြားရေးမှူးချုပ်သည် သက်ဆိုင်ရာ တရားရုံးသို့ အယူခံဝင်ရောက်နိုင်သည်။

**အခွန်ထမ်း၏ပစ္စည်းအပေါ်တွင် ဒီကရီအတည်ပြုခြင်း**

၅၈။ (က) အခွန်ထမ်းသည် အခွန်ပေးဆောင်ရန် ပျက်ကွက်ပါက ညွှန်ကြားရေးမှူးချုပ်သည် အခွန်မပြေကျန်ငွေကို တရားစီရင်ရေးအဖွဲ့က ချမှတ်သည့် ဒီကရီကျငွေကဲ့သို့ ပျက်ကွက်သူထံမှ အရကောက်ခံနိုင်သည်။ သို့ရာတွင် ပုဒ်မ ၅၇၊ ပုဒ်မခွဲ(ဆ) အရ ဆုံးဖြတ်သည့်အခါမှတစ်ပါး ညွှန်ကြားရေးမှူးချုပ်သည် အခွန်ထမ်း၏ ပစ္စည်းအပေါ် အရကောက်ခံမည့် အကြောင်းကြားစာပေးပို့ပြီး ရက်ပေါင်း ၃၀ အတွင်း အခွန်ပေးဆောင်ရန် ပျက်ကွက်မှသာလျှင် ညွှန်ကြားရေးမှူးချုပ်က အရကောက်ခံခြင်းကို ဆက်လက်ဆောင်ရွက်နိုင်သည်။

(ခ) အခွန်မပြေကျန်ငွေကို ပုဒ်မခွဲ(က)ပါအတိုင်း အရကောက်ခံရာတွင် ညွှန်ကြားရေးမှူးချုပ်၌ အောက်ပါလုပ်ပိုင်ခွင့်များ ရှိစေရမည် -

(၁) ငွေဒီကရီအတွက် အကျိုးသက်ရောက်မှုကို အပြီးအပိုင်ဆောင်ရွက်သည့် တရားစီရင်ရေးအဖွဲ့၏ လုပ်ပိုင်ခွင့်များ၊

(၂) ပျက်ကွက်သူက တစ်စိတ်တစ်ဒေသသာ အကျိုးသက်ဆိုင်ခွင့်ရှိသော ပစ္စည်းတစ်ခုလုံးအတွက် ပစ္စည်းထိန်းခန့်ထားခွင့် (ယင်းသို့မခန့်မီ ထိုပစ္စည်း၏ တွဲဖက်ပိုင်ရှင် သို့မဟုတ် တွဲဖက်ဝေစု ရထိုက်သူအား အကြောင်းကြားရမည်)၊

(၃) အောက်ဖော်ပြပါ အကြောင်းတစ်ခုခုကြောင့် ပျက်ကွက်သူက တစ်စိတ်တစ်ဒေသသာ အကျိုးသက်ဆိုင်ခွင့်ရှိသော ပစ္စည်း၏ ယင်းတစ်စိတ်တစ်ဒေသကိုသာ ရောင်းချရန်မဖြစ်နိုင်လျှင် ထိုပစ္စည်းတစ်ခုလုံးကို ရောင်းချ၍ ရောင်းရငွေကို ခွဲဝေပေးနိုင်ခွင့် (ယင်းသို့ မဆောင်ရွက်မီ အကျိုးသက်ဆိုင်ခွင့်ရှိသူများအား အကြောင်းကြားရမည်) -

(ကက) ပစ္စည်း၏ သဘာဝအနေအထား၊

(ခခ) ပစ္စည်း၏ တွဲဖက်ပိုင်ရှင် သို့မဟုတ် တွဲဖက်ဝေစု ရထိုက်သူဦးရေ၊

(ဂဂ) အခြားထူးခြားသော အခြေအနေ၊

အချပ်ပို (ဇ) သို့ »

**» အချပ်ပို (ဆ) မှ**

(၄) ခွဲဝေမရသော မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းကို ရောင်းချခြင်းဖြစ်ပြီး ဈေးတူပေးသည့် ဆွဲဝယ်သူများ အနက်တစ်ဦးမှာ ထိုပစ္စည်း၏ တွဲဖက်ပိုင်ရှင် သို့မဟုတ် တွဲဖက် ဝေစုရထိုက်သူ ဖြစ်နေလျှင် ထိုသူအားသာ ရောင်းချခွင့်၊ အကယ်၍ ဈေးတူပေးသည့် အဆိုပါ ပိုင်ရှင် သို့မဟုတ် ဝေစု ရထိုက်သူတစ်ဦးထက်ပိုလျှင် လေလံ ဆွဲဝယ်ရန် ဦးစွာအမည်ပေးသူအား ရောင်းချခွင့်။

(ဂ) အခွန်ကောက်ခံရာ၌ ဆုံးရှုံးမှုရှိနိုင်သည်ဟု ယုံကြည်ရန် အကြောင်းရှိပါက ညွှန်ကြားရေးမှူးချုပ်သည် အခွန်ကို ချက်ချင်းပေးဆောင်စေရန် တောင်းခံနိုင်ပြီး အခွန်ထမ်းက ပေးဆောင်ရန် ပျက်ကွက်ပါက ပုဒ်မ ၄၅၊ ပုဒ်မခွဲ(ဂ) တွင် မည်သို့ပင်ဆိုစေကာမူ အခွန်ထမ်း၏ ပစ္စည်းသိမ်းယူခြင်းကို ချက်ချင်း ဆောင်ရွက်နိုင်သည်။

(ဃ) သိမ်းဆည်းကြောင်း သတ်မှတ်ထားသည့် ပစ္စည်း၏အစိတ်အပိုင်းသည် တရားစီရင်ရေးလုပ်ငန်းစဉ်အတွင်း ဝရမ်းစွဲကပ်ခြင်း သို့မဟုတ် ဒီကရီအတည်ပြုခြင်း ဆောင်ရွက်ထားပြီးဖြစ်သည့် အခြေအနေမှအပ ဘဏ်နှင့် အခြားငွေရေးကြေးရေး အဖွဲ့အစည်းများအပါအဝင် ပုဂ္ဂိုလ်တစ်ဦးဦးသည် သိမ်းဆည်းကြောင်း သတ်မှတ်ထားသည့် ပစ္စည်းကို လက်ဝယ်ထားရှိခြင်း သို့မဟုတ် အာမခံပစ္စည်းအဖြစ် ထိန်းသိမ်းထားခြင်းဖြစ်ပါက တာဝန်ခံဝန်ထမ်း၏ တောင်းဆိုချက်အရ ယင်းပစ္စည်းကို ညွှန်ကြားရေးမှူးချုပ်ထံ စွန့်လွှတ်ပေးအပ်ရမည်ဖြစ်ပြီး အာမခံအဖြစ် ထိန်းထားရှိပါက ယင်းကို ပယ်ဖျက်ရမည်။

(င) ပုဂ္ဂိုလ်တစ်ဦးသည် တောင်းဆိုချက်ကို လိုက်နာရန်ပျက်ကွက်ပါက ထိန်းသိမ်းထားသည့် ပစ္စည်း သို့မဟုတ် အာမခံပစ္စည်း၏ တန်ဖိုးအတိုင်း သိမ်းဆည်းရန် သတ်မှတ်ထားသည့် ပမာဏထက် မကျော်လွန်စေဘဲ ညွှန်ကြားရေးမှူးချုပ်ထံ ပေးဆောင်ရန် တာဝန်ရှိသည်။

(စ) ဤပုဒ်မအရသော်လည်းကောင်း၊ ပုဒ်မ ၆၀ အရသော်လည်းကောင်း သတ်မှတ်ထားသည့် လိုအပ်ချက်များကို လိုက်နာဆောင်ရွက်သည့် ပုဂ္ဂိုလ်တစ်ဦးသည် လိုက်နာဆောင်ရွက်သည့် အချိန်မှစ၍ ညွှန်ကြားရေးမှူးချုပ်ထံ စွန့်လွှတ်ပေးအပ်လိုက်သည့် ပစ္စည်း သို့မဟုတ် အာမခံပစ္စည်းအဖြစ်မှ ပယ်ဖျက်လိုက်သည့် တန်ဖိုးပမာဏအထိ အခွန်ထမ်း သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးသို့ ပေးရန်တာဝန်မှ လွတ်ငြိမ်းခွင့်ပြုရမည်ဖြစ်ပြီး လိုက်နာဆောင်ရွက်မှု၏ အကျိုးဆက်အားဖြင့် ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုအတွက် ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် ကိုယ်တိုင်တာဝန်မရှိစေရ။

(ဆ) ဤပုဒ်မအရ ပစ္စည်းသိမ်းယူခြင်းသည် အခွန်ထမ်းအနေဖြင့် အခွန်ပေးဆောင်ရန် ပျက်ကွက်ကြောင်း သတ်မှတ်ခံရသည့် နေ့ရက်မှ ခြောက်နှစ်အတွင်း စတင်ဆောင်ရွက်ရမည်။

(ဇ) အခွန်ထမ်းတစ်ဦး၏ တန်ဖိုးများပြားခြင်းမရှိသော အိမ်ထောင်ပရိဘောဂများနှင့် ကိုယ်ရေးကိုယ်တာ အသုံးအဆောင်များကို သိမ်းယူခြင်းမှ ကင်းလွတ်ခွင့်ပြုရမည်။

(ဈ) အခွန်ဥပဒေတစ်ခုခုတွင် မည်သို့ပင်ပါရှိစေကာမူ မည်သည့်တရားစီရင်ရေးအဖွဲ့တွင်မှ ဤဥပဒေအရ အခွန်အရကောက်ခံသော ဆောင်ရွက်မှုများဆိုင်းငံ့သည့် ကြားဖြတ်အမိန့် ချမှတ်ပိုင်ခွင့်မရှိစေရ။ သို့သော် အဆိုပါ တရားစီရင်ရေးအဖွဲ့သည် မိမိ၏ စီရင်ပိုင်ခွင့်အတွင်း ကျရောက်သော အောက်ပါကိစ္စရပ်များ၌ ပစ္စည်းရောင်းချခြင်းကို တားမြစ်သော ကြားဖြတ်အမိန့် ချမှတ်နိုင်သည် -

(၁) ပျက်ကွက်သူ မဟုတ်သောသူက ယင်းပစ္စည်းနှင့်ပတ်သက်၍ စွဲဆိုသည့်အမှုကိစ္စ၊

(၂) ပျက်ကွက်သူက စွဲဆိုသည့်အမှုကိစ္စဖြစ်လျှင် ဤဥပဒေအရ တင်သွင်းထားသည့် အယူခံမှု၊ ပြင်ဆင်မှု သို့မဟုတ် လွှဲအပ်မှု မပြတ်သေးသည့်ကိစ္စ။

**သိမ်းဆည်းပစ္စည်းရောင်းချခြင်း**

၅၉။ (က) ညွှန်ကြားရေးမှူးချုပ်သည် သိမ်းဆည်းထားသည့် ပစ္စည်းများကို ပြန်လည်ပေးအပ်ရန် လုံလောက်သော အကြောင်းရင်းမရှိပါက အခွန်ကောက်ခံရရှိရန်အလို့ငှာ သိမ်းဆည်းထားသည့် ပစ္စည်းများကို ထုခွဲရောင်းချရမည်။

(ခ) ပုဒ်မခွဲ (က) အရ ရောင်းချရရှိငွေများအနက်မှ ပစ္စည်းသိမ်းဆည်းခြင်းနှင့် ရောင်းချခြင်း ကုန်ကျစရိတ်များအတွက် ဦးစွာနုတ်ယူရမည်ဖြစ်ပြီး ယင်းနောက်တွင် ဒဏ်ကြေးငွေ၊ အတိုးနှင့် အခွန်တို့ကို ပေးသွင်းစေကာ ပိုငွေကို အခွန်ထမ်းထံ ပြန်လည်ပေးအပ်ရမည်။

(ဂ) ညွှန်ကြားရေးမှူးချုပ်သည် ဤဥပဒေက အပ်နှင်းထားသည့် ထုခွဲရောင်းချခြင်းဆိုင်ရာ အခွင့်အာဏာအရ အများပြည်သူသို့ လေလံတင်ရောင်းချခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ သတ်မှတ်နိုင်ပြီး အောက်ပါတို့ကိုလည်း ဆောင်ရွက်နိုင်သည် -

(၁) လေလံကြေး အမြင့်ဆုံးပေးသူက ပေးသွင်းရမည့် စပေါ်ပမာဏငွေကို သတ်မှတ်ခြင်း၊

(၂) ကြမ်းခင်းဈေးနှုန်းသတ်မှတ်ခြင်း၊

(၃) စပေါ်ငွေ ပေးသွင်းရမည့် ကာလနှင့် ယင်းကို ပြန်လည်ထုတ်ပေးနိုင်မည့် အခြေအနေများကို သတ်မှတ်ခြင်း၊

(၄) လေလံကြေးအမြင့်ဆုံးပေးသူက လိုအပ်သော စပေါ်ငွေပေးသွင်းရန် သော်လည်းကောင်း၊ လိုအပ်သည့်အချိန်အတွင်း ဝယ်ယူမှုကို ပြီးမြောက်အောင် ဆောင်ရွက်ရန် သော်လည်းကောင်း ပျက်ကွက်လျှင် ဒုတိယလေလံကြေး အမြင့်ဆုံးပေးသူကို အမြင့်ဆုံးလေလံကြေးပေးသူအဖြစ် ပစ္စည်းဝယ်ယူခွင့်ရမည်ဖြစ်ကြောင်း ကြေညာခြင်း။

(ဃ) သိမ်းဆည်းရွှေ့ပြောင်းနိုင်သော ပစ္စည်း သို့မဟုတ် မရွှေ့ပြောင်းနိုင်သော ပစ္စည်းကို ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သည့် အချိန်နှင့်နေရာတွင် လေလံတင်ရောင်းချရမည်။ သို့ရာတွင် သိမ်းဆည်းထားသည့် ကုန်စည်သည် ပျက်စီးနိုင်သည့် သဘောသဘာဝရှိသည်ဟု ညွှန်ကြားရေးမှူးချုပ်က ထင်မြင်ယူဆသည့် သို့မဟုတ် ကုန်စည် သို့မဟုတ် ပစ္စည်းပိုင်ရှင်က ဆောလျင်စွာ ရောင်းချရန် တောင်းဆိုသည့်ကိစ္စမှအပ ကုန်စည် သို့မဟုတ် ပစ္စည်းကို သိမ်းဆည်းသည့် နေ့မှ ၁၄ ရက်အတွင်း ရောင်းချခြင်း မပြုရ။

(င) ဤဥပဒေအရ သိမ်းဆည်းသည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းကို ညွှန်ကြားရေးမှူးချုပ်က သင့်လျော်သည်ဟု ဆုံးဖြတ်သည့်နေရာတွင် ထားရှိခြင်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦး၏ လက်ဝယ်တွင် အပ်နှံခြင်းပြုရမည်။

(စ) ပုဒ်မခွဲ(ဃ)အရ ရွှေ့ပြောင်းနိုင်သောပစ္စည်းကို ၁၄ ရက်အတွင်း ရောင်းချခြင်းမှတစ်ပါး သိမ်းဆည်းထားသည့် ကုန်စည်ကိုရောင်းချမည့် နေ့ရက်၊ အချိန်နှင့် နေရာတို့ကို ရောင်းချမည့်ရက်မတိုင်မီ အခွန်ထမ်းသို့ အကြောင်းကြားစာ ပေးပို့ရမည်ဖြစ်ပြီး တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၈ အရ သက်ဆိုင်ရာအခွန်ရုံး၌ ကြော်ငြာစွဲကပ်သည့်နေ့မှ -

(၁) ရွှေ့ပြောင်းနိုင်သော ပစ္စည်းဖြစ်ပါက အနည်းဆုံး ၁၅ ရက်၊

(၂) မရွှေ့ပြောင်းနိုင်သော ပစ္စည်းဖြစ်ပါက အနည်းဆုံးရက်ပေါင်း ၃၀ ပြည့်ပြီးနောက် ရောင်းချမည်ဖြစ်ကြောင်း သင့်လျော်သည့် နည်းလမ်းဖြင့် ကြေညာရမည်။

(ဆ) ပုဂ္ဂိုလ်တစ်ဦးသည် ရွှေ့ပြောင်းနိုင်သော ပစ္စည်း သိမ်းဆည်းခြင်းနှင့် ရောင်းချခြင်းပြုရန် ညွှန်ကြားရေးမှူးချုပ်က စာဖြင့် အတိအလင်း လုပ်ပိုင်ခွင့်ပေးအပ်ထားခြင်းခံရပါက-

(၁) ရွှေ့ပြောင်းနိုင်သော ပစ္စည်းကို သိမ်းဆည်းရန် ထုတ်ပြန်ထားသော အမိန့်ကို အတည်ပြုခြင်းနှင့် လိုအပ်ပါက အဆောက်အအုံကို နေ့အချိန်၌ ချိုးဖျက်ဝင်ရောက်ခြင်းပြုနိုင်သည်။

(၂) ပုဒ်မခွဲငယ်(၁)အရ အမိန့်အတည်ပြုခြင်းနှင့် သိမ်းဆည်းခြင်းတို့အတွက် လိုအပ်ပါက သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့ထံမှ အကူအညီတောင်းခံနိုင်သည်။

(ဇ) ဤဥပဒေအရ ရွှေ့ပြောင်းနိုင်သော ပစ္စည်း သို့မဟုတ် မရွှေ့ပြောင်းနိုင်သော ပစ္စည်း ပစ္စည်းကို ထုခွဲရောင်းချရာတွင် နည်းလမ်းတကျ တာဝန်ပေးအပ်ထားခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းသည် နိုင်ငံတော်အစိုးရ ကိုယ်စား လေလံဝင်ရောက်ယှဉ်ပြိုင်ခြင်းနှင့် ဝယ်ယူခြင်းပြုနိုင်သည်။

(ဈ) ရောင်းချရန် ကြေညာထားသည့် ပစ္စည်းကို သတ်မှတ်နေ့ရက်တွင် ရောင်းချနိုင်ခြင်း မရှိပါက ရောင်းချနိုင်ရန် ထပ်မံဆောင်ရွက်နိုင်သည်။

(ည) ရောင်းချခြင်းကို ဆောင်ရွက်သည့် ဝန်ထမ်း သို့မဟုတ် အခြားပုဂ္ဂိုလ်သည် ရောင်းချခြင်း၏ ရလဒ်ကို ညွှန်ကြားရေးမှူးချုပ်ထံ အစီရင်ခံနိုင်ပြီး ဝယ်ယူသည့်ငွေကြေးကို ပေးချေပြီးပါက ပစ္စည်းကို ဝယ်ယူသူထံ လွှဲပြောင်းပေးရန် ညွှန်ကြားရေးမှူးချုပ်က ညွှန်ကြားနိုင်သည်။

(ဋ) ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ (ည)အရ တင်သွင်းသည့် အစီရင်ခံစာကို ပြန်လည်သုံးသပ်ပြီးနောက် အစီရင်ခံစာတွင် ဖော်ပြထားသည့် ပစ္စည်းရောင်းချမှုနှင့်စပ်လျဉ်း၍ လိမ်လည်မှု သို့မဟုတ် မလျော်မကန်ပြုမှုရှိသည်ဟု ယူဆပါက ရောင်းချခြင်းကို တရားမဝင်ပျက်ပြယ်ကြောင်း ကြေညာနိုင်သည်။

(ဌ) ဤပုဒ်မအရ တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ညွှန်ကြားရေးမှူးချုပ်က ဝယ်ယူသူသို့ လွှဲပြောင်းမှုကို ဆောင်ရွက်ပြီးသည့်အခါ ရွှေ့ပြောင်းနိုင်သောပစ္စည်း သို့မဟုတ် မရွှေ့ပြောင်းနိုင်သောပစ္စည်းများအတွက် ယင်းပစ္စည်းနှင့်စပ်လျဉ်း၍ ဤဥပဒေအရ ပေါ်ပေါက်သည့် တာဝန်ဝတ္တရားများအားလုံးမှ ကင်းလွတ်လျက် ဝယ်ယူသူထံ လက်ရောက်ပေးအပ်ရမည်။

(ဍ) အခွန်အရကောက်ခံရန် ညွှန်ကြားရေးမှူးချုပ်အား ပစ္စည်းထုခွဲရောင်းချခြင်းအတွက် လုပ်ပိုင်ခွင့်ပေးသည့် ဤဥပဒေပါပြဋ္ဌာန်းချက်များတွင် မည်သို့ပင်ဆိုစေကာမူ ရောင်းချမှုကို အကျိုးသက်ရောက်စေရန် အတည်ပြုထားသည့် ပစ္စည်းလွှဲစာချုပ် သို့မဟုတ် လွှဲပြောင်းမှုသည် နိုင်ငံတော်အစိုးရ၏ ပစ္စည်း၊ အကျိုးစီးပွား သို့မဟုတ် အခွင့်အရေးတစ်စုံတစ်ရာပေါ် သက်ရောက်မှုမရှိစေရ။

**ပျက်ကွက်သူအား ပေးဆပ်ရန်ကြွေးမြီရှိသူ တတိယပုဂ္ဂိုလ်**

၆၀။ (က) အခွန်ထမ်းက အခွန်ပေးဆောင်ရန် ပျက်ကွက်ပါက ညွှန်ကြားရေးမှူးချုပ်သည် ယင်းအခွန်ထမ်း၏ ကြွေးမြီရှိသူ တတိယပုဂ္ဂိုလ်ထံ အကြောင်းကြားစာကို ပေးပို့အတည်ပြုနိုင်သည်။

(ခ) ပျက်ကွက်သူအားပေးဆပ်ရန် ကြွေးမြီရှိသူ တတိယပုဂ္ဂိုလ်သည် (အခွန်ထမ်း၏ကိုယ်စား အခွန်ထမ်း၏အမည်ဖြင့် အကြောင်းကြားစာတွင် ဖော်ပြထားသည့် နေ့ရက်တွင် နောက်ဆုံးထား၍) အကြောင်းကြားစာ လက်ခံရရှိလျှင် အောက်ပါတို့အနက် နည်းရာ ပမာဏထက် မကျော်လွန်သော ပမာဏကို ညွှန်ကြားရေးမှူးချုပ်ထံ ပေးဆောင်ရမည် -

(၁) အခွန်ထမ်းပေးဆောင်ရန် ပျက်ကွက်သည့်ပမာဏ၊

(၂) ကြွေးမြီရှိသူ တတိယပုဂ္ဂိုလ်မှ အခွန်ထမ်းအား ပေးဆပ်ရန်ရှိသည့် ငွေကြေးပမာဏ၊

(၃) အကြောင်းကြားစာတွင် ဖော်ပြထားသော ပမာဏ။

(ဂ) ပုဒ်မခွဲ(က)ပါ အကြောင်းကြားစာကို ကြွေးမြီရှိသူ တတိယပုဂ္ဂိုလ်ထံပေးပို့ရာတွင် အခွန်ပေးဆောင်ရန် သတ်မှတ်သည့် နေ့ရက်သည် အောက်ပါနေ့ရက်တစ်ခုခုမတိုင်မီ မဖြစ်စေရ-

(၁) ကြွေးမြီရှိသူ တတိယပုဂ္ဂိုလ်အနေဖြင့် အခွန်ထမ်းအား ငွေကြေးပေးဆပ်ရမည့် နေ့ သို့မဟုတ် အခွန်ထမ်းကိုယ်စား ငွေကြေးကို ထိန်းသိမ်းထားသည့်နေ့၊

(၂) ကြွေးမြီရှိသူ တတိယပုဂ္ဂိုလ်အား အကြောင်းကြားစာပေးပို့ အတည်ပြုပြီးသည့် နေ့မှ ၁၅ ရက်အတွင်း။

(ဃ) ပုဒ်မခွဲ(က)အရ အကြောင်းကြားစာကို လက်ခံရရှိသည့်အခါ ကြွေးမြီရှိသူ တတိယပုဂ္ဂိုလ်သည် ညွှန်ကြားရေးမှူးချုပ်က ယင်း၏ အကြောင်းကြားစာကို ရုပ်သိမ်းခြင်း မပြုသရွေ့ အခွန်ထမ်း သို့မဟုတ် အခွန်ထမ်းကိုယ်စား အခြားပုဂ္ဂိုလ်လက်ဝယ်သို့ မည်သည့်ပမာဏကိုမျှ ပေးအပ်ခြင်းမပြုဘဲ ထိန်းသိမ်းထားရမည်။

(င) ညွှန်ကြားရေးမှူးချုပ်သည် ကြွေးမြီရှိသူ တတိယပုဂ္ဂိုလ်ထံ ပုဒ်မခွဲ(က)အရ အကြောင်းကြားစာကို ပေးပို့ပြီးချိန်တွင် ယင်းအကြောင်းကြားစာမိတ္တူကို အခွန်ထမ်းထံ တတ်နိုင်သမျှ ဆောလျင်စွာ ပေးပို့အတည်ပြုရမည်။

(စ) ဤပုဒ်မအရ ကြွေးမြီရှိသူ တတိယပုဂ္ဂိုလ်က ညွှန်ကြားရေးမှူးချုပ်ထံသို့ ပေးဆောင်ရမည့် ပမာဏသည် ကြွေးမြီရှိသူ တတိယပုဂ္ဂိုလ်၏ ကိုယ်တိုင်ပေးရန် တာဝန်ဖြစ်ပြီး ယင်းကို အခွန်ကောက်ခံသည့် နည်းလမ်းအတိုင်း ကောက်ခံနိုင်သည်။

(ဆ) အခွန်ထမ်းအား ပေးဆပ်ရန်ရှိသည့် ငွေကြေးတွင် အောက်ပါတို့ပါဝင်သည်-

(၁) အခွန်ထမ်းအား လက်ရှိပေးဆပ်ရန် သို့မဟုတ် ဆက်လက်ပေးဆပ်ရန် ရှိလာနိုင်မည့် ပမာဏ၊

(၂) အခွန်ထမ်းအတွက် သို့မဟုတ် အခွန်ထမ်းကိုယ်စား ထိန်းသိမ်းထားသော သို့မဟုတ် ဆက်လက်ထိန်းသိမ်းထားရန် ရှိလာနိုင်သော ပမာဏ၊

(၃) အခွန်ထမ်းသို့ ငွေကြေးပေးအပ်ရန်အတွက် တတိယပုဂ္ဂိုလ်ကိုယ်စား ထိန်းသိမ်းထားသော သို့မဟုတ် ဆက်လက်ထိန်းသိမ်းထားရန် ရှိလာနိုင်သော ပမာဏ၊

(၄) အခွန်ထမ်းသို့ ငွေကြေးပေးအပ်ရန် တတိယပုဂ္ဂိုလ်ထံမှ အခွင့်အာဏာရရှိထားသည့် ပုဂ္ဂိုလ်တစ်ဦးဦးမှ ထိန်းသိမ်းထားသည့် ပမာဏနှင့်

(၅) ကြွေးမြီရှိသူ တတိယပုဂ္ဂိုလ်သည် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုဖြစ်ပါက အခွန်ထမ်းမှ ယင်းငွေရေးကြေးရေးအဖွဲ့အစည်းတွင် အပ်နှံထားသည့် ငွေပမာဏ။

(ဇ) အခွန်ပေးဆောင်ရန် ပျက်ကွက်သည့် အခွန်ထမ်း၏အလုပ်ရှင်ထံ အကြောင်းကြားစာပေးပို့၍ ယင်းအလုပ်ရှင်က အခွန်ထမ်းသို့ပေးချေရမည့် လုပ်ခ သို့မဟုတ် လစာ၏ တစ်စိတ်တစ်ပိုင်းကို သတ်မှတ်ထားသည့် ကာလတစ်ခုအတွက် ဖြတ်တောက်နုတ်ယူ၍ ဦးစီးဌာနသို့ ပေးသွင်းရန် တောင်းဆိုနိုင်သည်။

(ဈ) ပုဒ်မခွဲ(ဇ)တွင် ဖော်ပြထားသည့် အကြောင်းကြားစာအရ နုတ်ယူရာတွင် တစ်လစာလုပ်ခ၊ လစာနှင့် ပင်စင်များ၏ ပထမ ကျပ် ၁၅၀၀၀၀ ကို နုတ်ယူခြင်းမပြုရပေ။

***(ဆက်လက်ဖော်ပြပါမည်)***